ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (4-8-2013) (၇၅၆၂)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသရှိ မိဘပြည်သူများ၏ ခံစားချက်ကို စာနာနားလည် ကိုယ်ချင်းစာတရားနှင့် ယှဉ်တွဲအကောင်အထည်ဖော်

နေပြည်တော် ဩဂုတ် ၃

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသများရှိ ဒေသခံများအတွက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် တွေ့ရှိရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် ည ၈ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့် ကော်မတီဥက္ကဋ္ဌသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

MNL အမှတ်ပေး ဆုပေးပွဲ ပြုလုပ်မည်

ရှိုင်းထက်ဇော်

ရန်ကုန် ဩဂုတ် ၃

ဇန်နဝါရီလက စတင်ကျင်းပခဲ့သော ၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲမှာ ဩဂုတ် ၄ ရက်(ယနေ့)တွင် ပြီးဆုံးတော့မည်ဖြစ်သည်။ နောက်ဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂)၏ နောက်ဆုံးနေ့ ပွဲစဉ်လေးပွဲကို မြို့လေးမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန်ပွဲအပြီးတွင် ဆုပေးပွဲကိုပါ ကျင်းပသွားမည် ဖြစ်သည်။

ပွဲစဉ် (၂၁)အပြီးတွင် ချန်ပီယံအသင်းနှင့် တန်းဆင်းရမည့်အသင်းများ ထွက်ပေါ်ခဲ့ပြီး ချန်ပီယံဆုကို ရန်ကုန်ယူနိုက်တက်အသင်း၊ ဒုတိယဆုကို နေပြည်တော်အသင်းတို့က ရရှိခဲ့သည်။ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်းတို့မှာမူ တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။ နေပြည်တော်နှင့် ရန်ကုန်အသင်းတို့၏ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ချန်ပီယံဆုဖလားချီးမြှင့်မည်ဖြစ်သည်။

ပွဲမစမီ ညနေ ၄ နာရီမှစ၍ နာမည်ကြီး အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး နေပြည်တော်- ရန်ကုန်ပွဲစဉ်ကို ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်။ ပထမဆုရ ရန်ကုန်အသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးကျပ်သိန်း ၁၀၀၀၊ ဒုတိယဆုရ နေပြည်တော်အသင်းအား ဆုကြေးကျပ်သိန်း ၇၅၀ ချီးမြှင့်မည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ MNL အမှတ်ပေးချန်ပီယံဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခြင်းဖြစ်ပြီး ယင်းနှစ်သင်းစလုံးမှာ ၂၀၁၄ AFC CUP ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်၌ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်

သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝရာ ရခိုင်ပြည်နယ်သို့ တစ်ခေါက်ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်ပနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေမြေထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော်ကြီးသည် ရခိုင်ပြည်နယ်၏ မကုန်နိုင် မခန်းနိုင်သော ရေသယံဇာတများဖြည့်ဆည်းပေးရာနေရာ တစ်နေရာပင်ဖြစ်ပါသည်။ ပြည်နယ်တစ်ခုလုံး၏ ဧရိယာအကျယ်အဝန်းမှာ ၁၄၂၀၀ စတုရန်းမိုင် ကျယ်ဝန်းပြီး ပင်လယ်ကမ်းရိုးတန်းအနေဖြင့် ၁၄၄ မိုင် ရှည်လျားကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ဆက်လျက်တည်ရှိလျက်ရှိပါသည်။

သန်းဦးဝေ

ရခိုင်ပြည်နယ်၏ မြေမျက်နှာသွင်ပြင်အနေဖြင့် တောင်ဘက်ခြမ်းတွင် ပင်လယ်နှင့် ရိုးမကြားကျဉ်းမြောင်းသော ကမ်းမြောင်ဒေသဖြစ်ပြီး မြောက်ဘက်ခြမ်းတွင် ကုလားတန်မြစ်၊ လေးမြို့မြစ်၊ နတ်မြစ်၊ မေယုမြစ်စသည့် မြစ်ကြီးများအပြင် ချောင်းငယ်မြောင်းငယ်များဖြင့် မြစ်ဝကျွန်းပေါ်မြေပြန့် လွင်ပြင်တစ်ခုသဖွယ်ဖြစ်တည်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရခိုင်ဘုရင်များနန်းစိုက်ရာမြောက်ဦး(ဓညဝတီလွင်ပြင်)သည် ဆန်ရေစပါး၊ ကောက်ပဲသီးနှံနှင့် ရေချိုရေငန်ငါးပုစွန်သယံဇာတများ ကြွယ်ဝစေသည့် နေရာတစ်ခုဖြစ်ခဲ့ပါသည်။

ထိုသို့ ရေသယံဇာတများ ပေါကြွယ်ဝရာ ရခိုင်ပြည်နယ်သို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဆိုင်ရာ၊ လူမှုဘဝစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ခဲ့ရာတွင် ရခိုင်ပြည်နယ်မှာ များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီးဖြစ်သည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခွင့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻

ယနေ့ မာတိကာ

ထို့ကြောင့် ပန်းမြို့တော်ဟုခေါ်သည်
စာမျက်နှာ - ၅

အရှိန်မထိန်းနိုင်သည့်ကားသံမဏိပြမ်းစင်ဝင်တိုက်
စာမျက်နှာ - ၇

သတိထားစရာ အိမ်ထဲမှာ
စာမျက်နှာ - ၈

စပါး၌သာ ဆက်နေရန် ဂါရတ်ဘေးလ်အား ဆိုလ်ဒါဒိုတောင်းဆို
စာမျက်နှာ - ၁၃

ထူးခြားသည့် အခြေအနေ

၃-၈-၂၀၁၃

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော အပူပိုင်းမုန်တိုင်းဂျီဘီ (JEBI) သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဟန္နိုင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။



ကြေးမုံ စာ တည်း ရှု ထောင့် — ၄-၈-၂၀၁၃၊ တနင်္ဂနွေနေ့

မူးယစ်သောက်စား. . .

"သုရာမေရယ"မူးယစ်စေတတ်သော သေရည်အရက်ကို ရှောင်ကြဉ်ကြပါ ဟု ပြောဆိုအသိ ပေးရုံဖြင့်လည်း ထိရောက်မှုမရှိသော၊ နားမဝင်သောကာလ။

လူမှုဘဝဝန်းကျင်တွင် တွင်ကျယ်ပျံ့နှံ့လွယ်ပြီး အမျိုးသားတို့၏ လူမှုဘဝကို ထိခိုက်မှု အလွယ်ဆုံးဖြစ်သည့် အရက်သေစာတို့ကို ဝိုင်းဝန်းတားဆီးကြပါရန် တိုက်တွန်းချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် အရက်သေစာတို့သည် လူမှုဝန်းကျင်တွင် လျော့နည်းမသွားဘဲ တိုးတက်များပြားလာပြီး ကျန်းမာရေးအရဖြစ်စေ၊ လူမှုကျင့်ဝတ်အရဖြစ်စေ ထိခိုက်နစ်နာစေသော အကျိုးရလဒ်များဖြစ်ပေါ်နေသည်ကို မြင်တွေ့နေရသောကြောင့်ဖြစ်ပါသည်။

အရက်တွင် မူးယစ်စေရန်အတွက် အယ်လ်ကိုဟောအဆင့်အမှတ် သုညဒသမ ၀၅၊ သုည ဒသမ၀၈၊ သုည ဒသမ ၁၅ ဟူ၍ ပြင်းအားအမျိုးမျိုးရှိသည့်အပြင် မြန်မာနိုင်ငံရှိ လူတန်းစားမရွေး ဈေးပေါပေါနှင့် ထိထိရောက်ရောက် မူးယစ်နိုင်စေမည့် ဓာတ်ပစ္စည်းများပါဝင်သော ပြည်တွင်းဖြစ်အရက်များလည်း ရှိနေပါသည်။

တစ်ချိန်က မြန်မာနိုင်ငံတွင် နိုင်ငံခြားအရက်များကို သောက်သုံးရန်ခက်ခဲလှပြီး ပြည်တွင်းဖြစ်အရက်မှာ မန္တလေးရမ်၊ အရက်ဖြူတို့ကိုသာ မြို့နယ်အလိုက် သတ်မှတ်ထားသည့်ဆိုင်တွင် ရောင်းချနိုင်ပြီး တရားမဝင် ချက်အရက်ကိုမူ ပေါ်ပေါ်ထင်ထင်မရောင်းရဲကြဘဲ ရောင်းချသည်ကိုတွေ့ရှိပါက အရေးယူခဲ့ကြပါသည်။

ယခုအခါ ပြည်ပအရက်များသာမက ပြည်တွင်းထုတ်အရက်အမျိုးမျိုးတို့ကို လူကြီး၊ လူငယ် အရွယ်မရွေး လွတ်လပ်လွယ်ကူစွာဖြင့် ဈေးနှုန်းသက်သက်သာသာ တစ်လုံးကျပ် ငါးရာနှင့် ဝယ်ယူသောက်သုံးနိုင်ကြလေပြီ။ ထိုသို့သောက်သုံးနိုင်ကြသဖြင့် နောက်ဆက်တွဲအကျိုးရလဒ်များမှာ ကျန်းမာရေးနှင့် လူမှုဘဝကျင့်ဝတ်များ ပျက်ပြားလာခြင်းဖြစ်သည်။

ကျန်းမာရေးတွင် အလွန်အကျွံသောက်သုံးပါက အရက်ပြင်းအားအလိုက် ယာဉ်တိုက်မှုနှုန်း၊ ခိုက်ရန်ဖြစ်ပွားနှုန်း ငါးဆ၊ ၂၅ ဆ၊ ဆ ၈၀ ဖြစ်နိုင်ခြေမြင့်တက်လာသည်။ ရောဂါအားဖြင့် ကင်ဆာ၊ အသည်း၊ အစာအိမ်၊ သွေးတိုး၊ နှလုံး၊ လေဖြတ်၊ အဝလွန်၊ အရိုးပွ၊ ပန်ကရိယ၊ အိပ်မပျော်၊ ခုခံအားကျရောဂါများရတတ်သည်။

လူမှုဘဝတွင် မေ့လျော့တတ်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားမှုအားနည်းခြင်း၊ လူမှုရေးပြဿနာများ၊ လူမှုရေးဖောက်ပြန်မှုများ၊ ယခုလက်ရှိမြင်တွေ့နေရသည့် အဆိုးရွားဆုံး ဆိုးကျိုးများမှာ အမိအဘ၊ သားနှင့်အမိပင် မသိနိုင်တော့သည့်၊ ဆိုးရွားသည့် ပြစ်မှုကျူးလွန် ဖောက်ပြန်မှုများ၊ လူသတ်မှုများနှင့် မိမိကိုယ်ကို သတ်သေခြင်းများအထိဖြစ်လာခဲ့သည်။

ဘာသာတရားတွင် သေရည်သေရက်သောက်သုံးခြင်းသည် ဤဘဝမှာပင် ကြောက်မက်ဖွယ် ဆိုးကျိုးများဖြစ်ရပြီး အသက်သေဆုံးတတ်သည့်အပြင် သေလွန်သောအခါ အပါယ်ငရဲသို့ကျရ၏။ မျက်မှောက်ဘဝ၊ နောင်ဖြစ်လေရာဘဝတို့၌ အရေးအခွင့် သင့်၊ မသင့်ကို မသိတတ်ခြင်း၊ ပျင်းရိတတ်ခြင်း၊ သူ့ကျေးဇူးကို မသိခြင်း၊ အရှက်အကြောက်ကင်းခြင်း၊ ရူးသွပ်တတ်ခြင်း၊ မကောင်းမှုအားလုံးကို ကျူးလွန်လွယ်ခြင်း စသည့်ဆိုးကျိုးများနှင့် ကြုံတွေ့နိုင်သည်။

ထိုမျှကောင်းကျိုးမပေးသော မူးယစ်သောက်စားခြင်းကို အဘယ်ကြောင့် ခုံမင်မက်မောနေကြသနည်း။ အဘယ်ကြောင့် အားပေးနေကြသနည်း။ သောက်လေသောက်လေ ငတ်မပြေစေသောအရာနှင့် ငွေရလွယ်သော အလုပ်ဖြစ်နေသောကြောင့်ပါတည်း။

ယခုလက်ရှိတွင် အရက်သေစာသောက်စားခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများမှာ လူမှုဘဝနယ်ပယ်တွင် ပျံ့နှံ့လာရာ လူငယ်လူရွယ်တို့နှင့်တကွ ပတ်ဝန်းကျင်ကိုပါ ထိခိုက်လာပါသည်။ ယစ်မျိုးဥပဒေလည်းရှိပြီးဖြစ်ပါသည်။ ထိရောက်စွာမဆောင်ရွက်နိုင်လျှင် အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းတားဆီးကြရန် တိုက်တွန်းအပ်ပါသည်။ ။

ဘုရင့်နောင် ကုန်စည်ဈေးကွက် မတ်ပဲဈေးမြင့်တက်

ရန်ကုန် ဩဂုတ် ၃

ဩဂုတ် ၂ရက်ဘုရင့်နောင်ပဲကုန်စည် ဈေးကွက်တွင် မတ်ပဲ RC တစ်တန်ကျပ် ၄၈၈၅၀၀ နှုန်း၊ SQ-RC တစ်တန်လျှင် ၅၃၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန်လျှင်ကျပ် ၅၅၅၀၀၀ နှုန်း၊ပဲတီစိမ်း ပခုက္ကူတစ်ပိဿာ ကျပ် ၁၄၁၅-၁၄၂၀ နှုန်း၊ ခရမ်းရွှေဝါ တစ်ပိဿာ ကျပ် ၁၅၀၀-၁၅၂၀နှုန်း၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၁၁၀၀ နှုန်းဖြစ်ရာ ယခင်နှစ်ဩဂုတ်လဆန်း ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဩဂုတ်လဆန်း ဈေးနှုန်းများတွင် မတ်ပဲ တစ်တန်လျှင် ၁၅၃၅၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန်လျှင် ကျပ် ၁၆၃၀၀၀နှုန်း၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၂၀ နှုန်းဈေးကျနေသော်လည်း ပဲတီစိမ်း ပခုက္ကူတစ်ပိဿာ ၁၃၅ကျပ် ၊ ခရမ်း ရွှေဝါ တစ်ပိဿာ ကျပ် ၁၃၀နှုန်း ဈေးမြင့်တက်နေသည်ဟု သိရသည်။

ပြည်ပပို့ FOB ပဲဈေးနှုန်းများတွင် ဩဂုတ် ၂ ရက်က မတ်ပဲ FAQ တစ်တန် ၄၇၀-၅၀၀ ဒေါ်လာ၊ ပဲစင်းငုံနီ FAQ တစ်တန် ၅၈၀-၆၁၀ ဒေါ်လာ၊ ပဲတီစိမ်းအနုတ် ၈၇၀-၉၀၀ ဒေါ်လာ၊ ပခုက္ကူ ၉၃၀-၉၆၀ ဒေါ်လာ၊ရွှေဝါ အလုံးကြီး ၁၀၀၀-၁၀၄၀ ဒေါ်လာနှုန်းရှိရာ ယခင်နှစ် ဩဂုတ်လဆန်းက မတ်ပဲ FA တစ်တန်ဒေါ်လာ ၂၆၀၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၂၂၀ ဈေးနည်းနေကြောင်း၊ ပဲတီစိမ်း အညာတစ်တန် ဒေါ်လာ ၁၃၀၊ ပခုက္ကူ တစ်တန် ဒေါ်လာ ၁၅၀ ၊ရွှေဝါအလုံးကြီး ဒေါ်လာ ၇၀ ဈေးမြင့်နေသည်ဟု သိရသည်။

အိန္ဒိယဝယ်လက်ပေါ် အမှီပြုနေရသော မတ်ပဲနှင့်ပဲစင်းငုံနီများ ယခင်နှစ်ကာလတူဈေးနှုန်းများထက် ပြည်တွင်းဈေးနှင့် ပြည်ပပို့ FOB ဈေးနှုန်းများပါ ကျနေသော်လည်း တရုတ်နယ်စပ်ပို့ ပဲတီစိမ်းများမှာ ယခင်နှစ်ကာလတူထက်ဈေးမြင့်နေသည်ဟု ပဲကုန်သည်များက ဆိုသည်။

ယခင်နှစ် ဩဂုတ် ၄ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၆၄၂၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၇၁၈၀၀၀ နှုန်း၊ ပဲတီစိမ်း ပခုက္ကူ တစ်ပိဿာကျပ် ၁၂၃၀-၁၂၅၀ နှုန်း၊ ခရမ်းရွှေဝါ တစ်ပိဿာ ကျပ် ၁၃၇၀-၁၃၈၀ နှုန်း၊ ကုလားပဲခြမ်းတစ် ပိဿာ ကျပ် ၁၅၂၀ နှုန်းရှိပြီး မတ်ပဲ FOB ပြည်ပပို့ ဈေးနှုန်းမှာ တစ်တန် ၇၃၀-၇၅၀ ဒေါ်လာ၊ ပဲစင်းငုံ FAQ တစ်တန် ၈၀၀-၈၂၀ ဒေါ်လာ၊ ပဲတီစိမ်း အညာတစ်တန် ၇၄၀-၇၆၀ ဒေါ်လာ၊ ပခုက္ကူတစ်တန် ၇၈၀-၈၀၀ ဒေါ်လာ၊ ရွှေဝါအလုံးကြီးတစ်တန် ၉၄၀-၉၆၀ ဒေါ်လာနှုန်းရှိခဲ့ကြောင်း ဈေးနှုန်းဟောင်းများအရ သိရသည်။

(မောင်စေအောင်)

မရမ်းကုန်းမှ ဂက်(စ်)ပိုက်လိုင်းပေါက် ပြုပြင်ပေးစေလို

ရန်ကုန် ဩဂုတ် ၃

စိတ်မချမ်းမြေ့စွာ သောကကိုယ်စီနှင့်အိပ်စက်အနားယူနေကြရသည်ဟု ဂက်(စ်)ပိုက်လိုင်းဖြတ်သန်းသွယ်တန်းထားသည့်အနီးတစ်ဝိုက် နေထိုင်ကြသော ပြည်သူ့အသံများထွက်ပေါ်လာသည်။ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်(၁)လမ်း (တတိယဖြတ်)တွင် ဖြတ်သန်းသွယ်တန်းထားသည့်ဂက်(စ်)ပိုက်လိုင်းအပေါက်များမှ ယိုထွက်နေသောဂက်(စ်)များဆုံးရှုံးမှုမရှိစေရန်၊ မလိုလားအပ်သော ဖြစ်ပေါ်မှုများကြိုတင်ကာကွယ်နိုင်ရန်နှင့် အချိန်မီပြုပြင်ဆောင်ရွက်နိုင်ရန် တင်ပြလိုက်ရပါသည်။ **(ဓါတ်ပုံ)**

(ထွန်းဝင်း)

သင့်စီးပွားရေး အောင်မြင်ရန် ကြေးမုံသတင်းစာတွင် ကြော်ငြာပါ

☆ရှေ့ဖုံးမှ

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ဒေသအတွက်အမှန်တကယ်လိုအပ်သည့် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်ဖော်ထုတ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန် ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပြီးခဲ့သည့် လေးလတာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ပြန်လည်သုံးသပ်မည်ဆိုပါက မြေယာလုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းနယ်မြေပြန်လည်တိုင်းတာခြင်း၊ မလိုအပ်သောမြေယာများကို ပြန်လည်ပေးအပ်ခြင်း၊ စီမံကိန်းအတွင်းပါရှိသော မြေယာများအတွက် လျော်ကြေးငွေများ ပြန်လည်ပေးအပ်ခြင်း၊ နှစ်ရှည်သီးနှံများ၊ ရေတွင်းများအတွက် လျော်ကြေးများပေးအပ်ခြင်းနှင့် စိုက်ပျိုးမြေယာများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းအခြေအနေများမှာ ၅၀ ရာခိုင်နှုန်းနီးပါး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကော်မတီအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအပိုင်းနှင့် စီမံကိန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများအနေဖြင့်လည်း ပြန်လည်ပြင်ဆင်ချပ်ဆိုခဲ့သော စာချုပ်အရစီမံကိန်းဒေသအတွင်း လူမှုရေးတာဝန်ယူမှု လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများစတင်ချိန်တွင် အမေရိကန်ဒေါ်လာတစ်သန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း။

ထုတ်လုပ်ရေးလုပ်ငန်းများ စတင်ပါက တစ်နှစ်လျှင် အကျိုးအမြတ်၏ နှစ်ရာခိုင်နှုန်းအား ပြန်လည်ပေးအပ်သွားမည်ဖြစ်သောကြောင့် စီမံကိန်းမှ ထုတ်လုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ စတင်လည်ပတ်နိုင်ပါက မိမိတို့ဒေသအတွက် အကျိုးရှိသောပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိဘပြည်သူများ၏ ခံစားချက်ကို စာနာနားလည်၍ ကိုယ်ချင်းစာတရားနှင့် ယှဉ်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကော်မတီလုပ်ငန်းအလိုက် ဖွဲ့စည်းပေးထားသည့် အဖွဲ့များအနေဖြင့် တိုင်းဒေသကြီးအစိုးရ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက စီမံကိန်းစာချုပ်သစ်ပါ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အကြောင်းအရာများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အသစ်ပြင်ဆင်ချုပ်ဆိုထားသည့် စာချုပ်ပါအကြောင်းအရာ အချက်အလက်များ စီမံကိန်းဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းဆွေးနွေးသွားနိုင်ရေးနှင့် စီမံကိန်းအတွက် ဖွဲ့စည်းထားသည့် အဖွဲ့ခေါင်းဆောင်များ၊ ဒုတိယအဖွဲ့ခေါင်းဆောင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပေါင်းစည်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ လေ့လာရေးအဖွဲ့ အားကစားကွင်း/ရုံများ လေ့လာ

နေပြည်တော် ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန် ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ် ၅၂ ဦးတို့သည် ယမန်နေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းသို့ လာရောက်လေ့လာကြရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း**(ယာပုံ)**က အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပပြီး ဆုတံဆိပ် ရွှေ ၄၆၀ ပေးအပ်သွားရန် ပြင်ဆင်ထားကြောင်း၊ ပြိုင်ပွဲကျင်းပရန် ရက်ပေါင်း ၁၃၀ ကျော်သာ လိုအပ်သည့်အချိန်တွင် အားကစားသမားများလေ့ကျင့်ထားမှုကို အားရကျေနပ်မှုရှိပါကြောင်း၊ (၄၄) နှစ်ကြာမှပြုလုပ်ရသော်လည်း အားကစားကွင်း /ရုံပြင်ဆင်ထားရှိမှုမှာ အခြားနိုင်ငံများနှင့် မနိမ့်ကျပါကြောင်း၊အခုလေ့လာရင်တွေ့ရှိနိုင်ကြောင်း၊ ပြိုင်ပွဲကျင်းပရန် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်မြို့၌ ပြင်ဆင်ထားရှိပါကြောင်းနှင့် ယခုပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာလက်ခံကျင်းပနိုင်ပြီး မြန်မာအသင်း အောင်မြင်မှုရရှိကာ မြန်မာပြည်သူများ ကျေနပ်ပျော်ရွှင် ကြည်နူးမှုရရှိအောင် အထူးကြိုးစားဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားကွင်း/ရုံများ တည်ဆောက်ရေးတာဝန်ခံများက အားကစားကွင်း/ ရုံများ တည်ဆောက်မှု၊ ပရိသတ်ဝင်ဆံ့မှု အခြေအနေ၊ လုံခြုံရေးစနစ်၊ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပြင်ဆင်ထားရှိမှုကို ရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိ အားကစားရုံနှင့် ဝဏ္ဏသိဒ္ဓိ ရေကူးကန်တို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရခိုင်ပြည်နယ်မှ

ရရှိလိုက်ပါသည်။ ၁၉၉၀ ခုနှစ်များဆီက ရောက်ရှိခဲ့သည့် ရခိုင်နှင့် ယနေ့ရခိုင်ပြည်နယ်မှာ များစွာကွာခြားနေပြီဖြစ်ပါသည်။ လူမှုရေး၊ စီးပွားရေးအစစအရာရာ ဖွံ့ဖြိုးတိုးတက်နေပါသည်။ အထူးသဖြင့် ရေလုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှာ မယုံနိုင်စရာပင်ဖြစ်နေပါသည်။ပင်လယ်ပြင်ငါးပုစွန်ဖမ်းဆီးနေသည့် ငါးဖမ်းလှေများစွာ၊ ရေငန်ပုစွန်မွေးမြူနေသည့် ပုစွန်ကန်များစွာ ဖြစ်တည်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် တစ်ပြည်လုံးတွင် ပုစွန်မွေးဧက ၂၂၈၂၉၈ ဧကအနက် ရခိုင်ပြည်နယ် ပုစွန်မွေးကန်ဧက ၁၁၀၈၉၅ ဧကဖြစ်သည့် ၄၉ ရာခိုင်နှုန်းခန့်မှာ ရခိုင်ပြည်နယ် ရေငန်ပုစွန်မွေးမြူရေး၌ အထူးအားထားရမည်ဖြစ်နေသည်ကို ညွှန်ပြလျက်ရှိနေပါသည်။ ရခိုင်ပြည်နယ်ခရိုင်လေးခရိုင်၌ သမားရိုးကျနည်း(Trap and hold/ Extensive) ဖြင့် ၇၂၆၁၀ ဧက ကန်ကျယ်ပြုစုမွေးမြူနည်း (Extensive plus) ဖြင့် ၃၇၁၂၀ ဧက၊ သိပ္ပံနည်းကျ မွေးမြူနည်း (Semi-intensive) ဖြင့် ၂၈ ဧက မွေးမြူလျက်ရှိပါသည်။ အထူးသဖြင့် ရေငန်ပုစွန်ကျား (Tiger) သိပ္ပံအခေါ် Penaeus monodon များကို အဓိကထား မွေးမြူလျက်ရှိကြသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်အတွင်း သမားရိုးကျမွေးမြူသည့် ပုံစံများမှာ အနည်းဆုံး နှစ်ဧကမှ အများဆုံး ဧက ၅၀ အထိကန်ပေါင်ဆယ်ဖို့ခြင်း၊ တာပတ်ထားကာ နိုဝင်ဘာ/ ဒီဇင်ဘာ(နတ်တော်/ပြာသို)လများတွင် ပင်လယ်ဒီရေဖြင့် ရေတင်သွင်းပြီး ပင်လယ်ရေနှင့်အတူပါလာသည့် ပုစွန်သားပေါက်များကို သဘာဝအတိုင်း မွေးမြူသည့် သမားရိုးကျစနစ် တစ်ခုဖြစ်ပါသည်။ လေးလ/ ငါးလအကြာ ဧပြီ/မေ(ကဆုန်/နယုန်) လခန့်တွင် ဖမ်းဆီးထုတ်လုပ်ကြခြင်းဖြစ်ပါသည်။ ပုစွန်ထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ပိဿာ ၂၀/၃၀ခန့် ထွက်ရှိပါသည်။ ကန်ကျယ်ပြုစုမွေးမြူနည်းမှာ အဆိုပါကန်ကျယ်များအား သေချာပြုပြင်ပြီး သဘာဝမှပုစွန်သားပေါက်များအပြင် ပုစွန်သားပေါက် ၁၀၀၀၀ မှ ၂၀၀၀၀ အထိဖြည့်စွက်ထည့်သွင်းပြီး ဖြည့်စွက်အစာတောင့်ကျွေးမွေးကာ ငါးလကြာခန့် မွေးမြူသည့်စနစ်ဖြစ်ပြီး တစ်ဧကထွက်နှုန်းမှာ ပိဿာ ၁၀၀ ခန့်ဖြစ်ပါသည်။ သိပ္ပံနည်းကျ မွေးမြူသည့်နည်းစနစ်မှာ နှစ်ဧကခန့်ကန်ငယ်များတူးဖော်ပြုပြင်ပြီး ရေဒလက်များတပ်ဆင်ကာ ပုစွန်သားပေါက်(P1 ၁၅) ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ထည့်သွင်းမွေးမြူပြီး ပုစွန်အစာတောင့်အား ပရိုတင်းပြည့်မီစွာဖြင့် အချိုးအတိုင်း စနစ်တကျကျွေးမွေးပြုစုပြီး လေးလမှ လေးလခွဲခန့်အကြာ မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး တစ်ဧကလျှင် နှစ်တန်မှ လေးတန်အထိ (ပိဿာ ၁၂၀၀ မှ ၂၄၀၀ အထိ) ထွက်ရှိနိုင်ပါသည်။

စစ်တွေခရိုင်နှင့် မောင်တောခရိုင်တွင် ရေငန်ပုစွန်ကန်များစွာ တည်ရှိနေပြီး ၎င်းပုစွန်ကန်များအား အဆင့်မြှင့်တင်ကာ မွေးမြူထုတ်လုပ်နိုင်ပါက ရခိုင်ပြည်နယ်တွင် ငါးကဏ္ဍ၌အသားကို တင်ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) တိုးတက်လာနိုင်ပြီး လူနေမှုဘဝမှာလည်းများစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သမားရိုးကျရေငန်ပုစွန်မွေးမြူထွက်ရှိမှု ပိဿာ ၂၀/၃၀ မှ မွေးမြူရေးနည်းစနစ်ပြောင်းလဲသဖြင့် ၁၀၀၀/၁၅၀၀၀ ထွက်ရှိလာနိုင်လျှင်သော်လည်းကောင်း၊ ပုစွန်မွေးမြူရေးဧက ၁၀၀၀၀၀ ကျော်နှင့် တွက်ချက်ပါက အဆများစွာဖွံ့ဖြိုးတိုးတက်လာမည်ကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

မွေးမြူရေးနှင့်သနပ်ခါးစိုက်ပျိုးရေးအားကောင်းနေသောပိုက်သင်ရွာ

ပခုက္ကူ ဩဂုတ် ၃

ပိုက်သင်ရွာ-ကျော်အောင်စံထားကျောင်းတိုက်သည် ခေတ်အဆက်ဆက်မှ ရုပ်ပွားတော်များ၊ စာတိုက်သေတ္တာများ၊ ပေစာပုရပိုက်များ စုံလင်စွာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများစွာ စုဆောင်းသိမ်းဆည်းစောင့်ရှောက်ထားသော ရွာလည်းဖြစ်သည်။

"ကျွန်တော်တို့ရွာကို ကျမ်းပြုသူတွေ၊ ရှေးဟောင်းသုတေသီတွေ စဉ်ဆက်မပြတ်လာရောက်လေ့လာကြတယ်၊ ကျော်အောင်စံထားဆရာတော်ကြီး သီတင်းသုံးရာ၊ ပညာရပ်အသီးသီးပို့ချရာ ဘုန်းတော်ကြီးကျောင်းအပြင် ရှေးဟောင်းပစ္စည်းတွေလည်းရှိတော့ သမိုင်းပညာရှင်တွေနေ့စဉ်လိုလို လာရောက်ကြတယ်"ဟု ပိုက်သင်ရွာသားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ပိုက်သင်ရွာက တစ်ခေတ်တစ်ခါတုန်းက ရွာလုံးကျွတ်နီးပါး လက်ခတ်သံတညံညံရှိခဲ့တဲ့ရွာပေါ့ဗျာ၊ အခုလည်း မွေးမြူရေးနှင့်သနပ်ခါးပင်စိုက်ပျိုးရေး အားကောင်းနေပါတယ်၊ မိုးလေးလည်းနည်းနည်းကောင်းတော့ဒီနှစ်နှမ်းလေးလည်း ရလိုက်တယ်ဗျ"ဟုပိုက်သင်ရွာသားတစ်ဦးက ဝမ်းမြောက်ဖွယ်ရာပြောပြသည်။ ပိုက်သင်ရွာဖွားပညာတတ်များ၊ အရာရှိအရာခံများ၊ သူဌေးသူကြွယ်များသည် ဇာတိရပ်ရွာကိုတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးနေသည်မှာ ချီးကျူးအားကျစရာ ကောင်းကြောင်း ပခုက္ကူမြို့သားတစ်ဦးကပြောသည်။

နေဦးမောင်(ပခုက္ကူ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အီရန်သမ္မတသစ်အဖြစ် ဟက်ဆန်ရိုဟာနီ တရားဝင်တာဝန်ထမ်းဆောင်ပြီ

တီဟီရန် ဩဂုတ် ၃

အီရန်သမ္မတ အမာဒီနီဂျက်၏ရာထူးနေရာ၌ ဟက်ဆန်ရိုဟာနီက ဩဂုတ် ၃ ရက်တွင် သမ္မတသစ်အဖြစ်တရားဝင် စတင်တာဝန်ယူပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အီရန်သမ္မတသစ်ဖြစ်လာသူ ဟက်ဆန်ရိုဟာနီ။

အီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် အယာတိုလာခါမေနီက မြို့တော် တီဟီရန်၌ ကျင်းပမည့် အခမ်းအနားတစ်ရပ်တွင် ဟက်ဆန်ရိုဟာနီအား သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရမှုကို အတည်ပြုပေးလိမ့်မည်ဖြစ်သည်။

အနိုင်ရ

ဘာသာရေးခေါင်းဆောင်တစ်ဦးလည်းဖြစ်သူဟက်ဆန်ရိုဟာနီသည် ဇွန်လအတွင်းကကျင်းပသော အီရန်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။ ရွေးကောက်ပွဲအနိုင်ရပြီးချိန်တွင် ၎င်းက ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ အထီးကျန်ဖြစ်နေရခြင်းကို အဆုံးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရာထူးလက်ခံ

ဟက်ဆန်ရိုဟာနီသည် ၎င်း၏သမ္မတရာထူးထမ်းဆောင်မှု သက်တမ်းကို ဩဂုတ် ၃ ရက်တွင် စတင်ခဲ့သော်လည်း အများပြည်သူရှေ့မှောက်၌ အခမ်းအနားဖြင့် ရာထူးလက်ခံမှုကို ဩဂုတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဟက်ဆန်ရိုဟာနီသည် အသက် ၆၄ နှစ်ရှိပြီဖြစ်ပြီး အီရန်နိုင်ငံ၏ နျူကလီးယားစေ့စပ်ညှိနှိုင်းရေးမှူးဟောင်းနှင့် ၁၉၇၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အီရန်အစ္စလာမ္မစ်တော်လှန်ရေးမတိုင်မီကပင် ဘာသာရေးလှုပ်ရှားတက်ကြွသူတစ်ဦးလည်း ဖြစ်သည်။

ဘီဘီစီ။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင် မော်တော်ဘုတ်နစ်မြုပ် ခရီးသည်ကိုးဦး ပျောက်ဆုံးလျက်ရှိ

ဟနွိုင်း ဩဂုတ် ၃

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဟိုချီမင်းမြို့ရှိ ဆိုင်းရက်ပ်မြစ်အတွင်း ဩဂုတ် ၂ရက် ညက အမေရိကန်ကျွမ်းကျင်ပညာရှင်နှစ်ဦးအပါအဝင် လူပေါင်း ၃၀ တင်ဆောင် ခုတ်မောင်းလာသော မော်တော်ဘုတ်တစ်စင်း နစ်မြုပ်ကြောင်း၊ ခရီးသည်များအနက် ကိုးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဩဂုတ် ၃ရက်တွင် ဖော်ပြသည်။

အဆိုပါမော်တော်ဘုတ်သည်ဒေသစံတော်ချိန် ည ၉နာရီခန့်က နစ်မြုပ်သွားကြောင်း၊ ဗီယက်နမ်နိုင်ငံ တောင်ပိုင်း တီယန်ဂျီဘန်းပြည်နယ်မှ ဗန်းတောမြို့သို့ ဦးတည်သွားရာလမ်းကြောင်းတွင်ဖြစ်ကြောင်း၊ ယင်းမော်တော်ဘုတ်ပေါ်တွင်အမေရိကန်ကျွမ်းကျင်ပညာရှင်နှစ်ဦးနှင့် အလုပ်သမားများ လိုက်ပါလာကြောင်း၊ ၎င်းတို့သည် သံမဏိရေနံပိုက်ထုတ်လုပ်သောကုမ္ပဏီမှ ဝန်ထမ်းများဖြစ်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ကန်ဂျီအိုခရိုင် ဟိုချီမင်းမြို့အနီး လောင်းဟွားကျေးရွာတွင် ဆိုင်းရက်ပ်မြစ်ကို ဖြတ်သန်းစဉ် မော်တော်ဘုတ်နစ်မြုပ်သွားခြင်းဖြစ်ကြောင်း၊ ထိုအချိန်က လေပြင်းများ တိုက်ခတ်နေကြောင်း၊ ဩဂုတ် ၃ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ခရီးသည် ၁၇ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ နာရီအနည်းငယ်အကြာတွင် နောက်ထပ်လေးဦးကိုဘေးကင်းစွာကယ်တင်နိုင်ကြောင်း၊ ပျောက်ဆုံးနေသူကိုးဦးကိုကယ်ဆယ်ရေးအဖွဲ့များက ကြိုးစားရှာဖွေလျက်ရှိကြောင်း၊ မော်တော်ဘုတ်နစ်မြုပ်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ခရီးသည်များအနက် ၁၄ ဦးကို ဆေးရုံတင်၍ ကုသပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

ဆီးရီးယားသို့ အကူအညီပစ္စည်းများ ရုရှားပေးပို့

ဒမတ်စကတ် ဩဂုတ် ၃

ဆီးရီးယားနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသော ပဋိပက္ခကြောင့် ဒုက္ခရောက်နေသူများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းတန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများကို ပေးပို့လိုက်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံက ဆီးရီးယားထံသို့ ပေးပို့သော ပစ္စည်းများတွင် ဆေးဘက်ဆိုင်ရာကိရိယာများ၊ အဝတ်အစားများနှင့် စားနပ်ရိက္ခာများပါရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဆင်ဟွာ။

နယူးဇီလန်လုပ် နို့နှင့်နို့ထွက်ပစ္စည်း နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်း

ဝယ်လင်တန် ဩဂုတ် ၃

နယူးဇီလန်နိုင်ငံရှိ ကုမ္ပဏီတစ်ခုက ထုတ်လုပ်သော နို့နှင့်နို့ထွက်ပစ္စည်း ထုတ်ကုန်များအတွင်း ဗက်တီးရီးယားပိုးမွှားတစ်မျိုးကို တွေ့ရှိခဲ့ရပြီးနောက် နိုင်ငံပေါင်းခုနစ်နိုင်ငံသို့ရောက်ရှိနေသည့် ယင်းထုတ်ကုန်ပစ္စည်းတန်ချိန် ၁၀၀၀ ခန့်ကို အာဏာပိုင်များက ပြန်လည်ရုပ်သိမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

စစ်ဆေးတွေ့ရှိ

နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးနို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ ဖွန်တာရာကထုတ်လုပ်ခဲ့သော နို့မှုန့်ဘူးများ၊ နို့ဘူးများစသည့် ထုတ်ကုန်များအတွင်း ဗက်တီးရီးယားပိုးမွှားတစ်မျိုးပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါကုမ္ပဏီမှထုတ်ကုန်ပစ္စည်းများကို ဩစတြေးလျ၊ တရုတ်၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ထိုင်းနှင့် ဗီယက်နမ်စသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် နယူးဇီလန်နိုင်ငံ၏ အဓိကနိုင်ငံခြားငွေရရှိနိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ရိုက်တာ။

အာဖဂန်ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးကို တိုက်ခိုက် အရပ်သားကိုးဦးထက်မနည်း သေဆုံး

ကဘူး ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂျလာလာဘတ်မြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးကို ပစ်မှတ်ထား၍ ဗုံးခွဲသူများက တိုက်ခိုက်ခဲ့ရာ အရပ်သားကိုးဦး ထက်မနည်းသေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၃ရက်တွင် သတင်းထုတ်ပြန်သည်။

ဗုံးခွဲတိုက်ခိုက်သူသုံးဦးသည် မော်တော်ကားတစ်စီးဖြင့်လိုက်ပါလာခဲ့ပြီးနောက် အိန္ဒိယကောင်စစ်ဝန်ရုံးအနီးတွင် ဗုံးဖောက်ခွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩဂုတ် ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗုံးပေါက်ကွဲခဲ့ပြီးနောက် တစ်နာရီခန့်မျှ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ သေဆုံးသူအများစုမှာ ကလေးများဖြစ်ကြပြီး အိန္ဒိယကောင်စစ်ဝန်ရုံးအနီးရှိ ဝတ်ကျောင်း၌ ရှိနေသူများဖြစ်ကြကြောင်း၊ အိန္ဒိယနိုင်ငံသားတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ကလေးများအပါအဝင် ၂၃ ဦးထက်မနည်းဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရိုက်တာ။

ဂျလာလာဘတ်မြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးအနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တွေ့ရစဉ်။

ထို့ကြောင့် ပန်းမြို့တော်ဟု ခေါ်သည်

ပြင်ဦးလွင် ဩဂုတ် ၃

ပန်းခင်းသောလမ်း၊ ပန်းမွှေ့ရာ စသည်ဖြင့် လူတို့ပြုမူ ဖန်တီးထားသည်များကို ပန်းချစ်သူတို့ တွေ့ဖူးမြင်ဖူး ကြားဖူးကြမည်ဖြစ်သော်လည်း သဘာဝအလျောက် ဖြစ်ပေါ်နေသော ပန်းခင်းသောလမ်း၊ ပန်းမွှေ့ရာများကို မျက်စိတစ်ဆုံး၊ တစ်မျှော်တစ်ခေါ် ကြည့်လေရာနေရာ တိုင်းတွင် မြင်တွေ့လိုပါက "ပြင်ဦးလွင်ပန်းမြို့တော်သို့" ကြွလှမ်းခဲ့ပါဆိုလျှင် လွန်မည်မထင်ပါ။

ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့လှသော နွေရာသီကုန်ဆုံးသွားပြီး အားပါးတရ မိုးရွာသွန်းမှုများ ကြောင့် ပတ်ဝန်းကျင်ရာသီဥတုအေးပြီး မိုးအေးအေးတွင် ပြင်ဦးလွင်မြို့၏ လမ်းဘေးဝဲ၊ ယာတစ်လျှောက် အစုလိုက် အပြုံလိုက် အလေ့ကျပေါက်ရောက် ဖူးပွင့်နေသော နှင်းပန်း (ခေါ်) လီလီပန်းများကို တွေ့မြင်ရမည်ဖြစ်သည်။**(ဓါတ်ပုံ)**

၎င်းပန်းတို့ကို ဒေသအခေါ် နှင်းပန်းဟုသာ လူသိများခေါ်ဆိုနေကြသော်လည်း သိပ္ပံအမည်မှာ လီလီပန်း ဖြစ်ကြောင်း သိရှိရသည်။

လီလီပန်းတို့သည် အရောင်စုံ၊ မျိုးစိတ်စုံရှိပြီး စပ်မျိုးများလည်း ရှိလေသည်။ ပြင်ဦးလွင်တွင် အတွေ့အများဆုံးမှာ ပန်းရောင်၊ အဝါရောင်နှင့် အဖြူရောင်တို့ဖြစ်ကြသည်။

ပန်းရောင်လီလီပန်းများကို နွေရာသီကုန်ဆုံးပြီး ပထမဦးစွာရွာသော မိုးဦးတွင် တွေ့ရှိရသည်။ အရိုးရှည်၍ ပွင့်ဖတ်လည်းကြီးသော ပန်းမျိုးဖြစ်သည်။

အဝါရောင်လီလီပန်းများကို ယခုလိုအချိန်အခါ မိုးလယ်နှင့် မိုးနှောင်းကာလတို့တွင် တွေ့ရနိုင်သည်။ ရိုးတံတိုပြီး အပွင့်သေးသော်လည်း အဝါရောင် တောက်တောက်ဖြင့် အခင်းလိုက် စုဝေးများပြားစွာ တွေ့ရသည်။

ပြင်ဦးလွင်မြို့တွင် ယင်းလီလီပန်းတို့ကို မိုးကျလာသည်နှင့်တစ်ပြိုင်နက် လှပဝေဆာစွာ မြင်တွေ့ရမည် ဖြစ်ပေသည်။ စိုက်ပျိုးရေးလုပ်ကိုင်သော နေအိမ်ခြံဝင်း များအတွင်း နှစ်စဉ် မည်ကဲ့သို့သတ်သတ် မသေမပျောက် နိုင်ဘဲ အချိန်အခါရောက်လျှင် သဘာဝအလျောက် ရှင်သန် ဖူးပွင့်ကြသည်မှာ လီလီပန်းတို့၏ ထူးခြားချက်ပင် ဖြစ်သည်။

ထို့ကြောင့် ပြင်ဦးလွင်မြို့၏ လမ်းဘေးဝဲ၊ ယာနှင့် နေအိမ်ခြံဝင်းကျယ်ကြီးများအတွင်း ပန်းခင်းသောလမ်းနှင့် ပန်းမွှေ့ရာသဖွယ်ဖြစ်နေသော နှင်းပန်းခေါ် လီလီပန်း များကို တွေ့မြင်လိုပါက ယခုအချိန်တွင် လာရောက် လည်ပတ်နိုင်မည်ဆိုလျှင် လှလှပပ ဝေဝေဆာဆာဖြင့် သာယာရှုမောဖွယ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း။

သက်နိုင်(ပြင်ဦးလွင်)

ပင်စင်စားဝန်ထမ်းများအတွက် ဘီလီယံတစ်ရာကျော် ထပ်မံထုတ်သုံးရ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံတွင် နိုင်ငံပင်စင်စား ဝန်ထမ်းများအတွက် ယခုဘဏ္ဍာနှစ် အတွက် ကျပ်ဘီလီယံတစ်ရာကျော် ပိုသုံးစွဲရကြောင်း နေပြည်တော်ရှိ ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်တိုးမြှင့်ပေးလိုက်သော နိုင်ငံ ပင်စင်လစာများအတွက် နိုင်ငံတော် ဘဏ္ဍာမှ ထုတ်ယူသုံးစွဲရခြင်းဖြစ်သည်။ လက်ရှိတွင် နိုင်ငံပင်စင်စားများမှ မြို့ပြနှင့် တပ်မတော်ပင်စင်တို့အတွက် ခန့်မှန်းလျာထားချက်သုံးငွေမှာ ကျပ် ဘီလီယံ ၃၆၀ ခန့်ရှိကြောင်း အထက်ပါ ဌာနမှ တာဝန်ရှိသူက ပြောသည်။ ထပ်မံသုံးစွဲရငွေမှာ ကျပ် ဘီလီယံ ၁၀၀ မှာ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်အတွက် အသုံးပြုရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အစိုးရဝန်ထမ်း ဟောင်း ပင်စင်လစာထုတ်ယူနေသော ပမာဏမှာ ဦးရေခုနစ်သိန်းရှိကြောင်း နေပြည်တော်ရှိ ပင်စင်ဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ခဲ့သည်။ အစိုးရ ဘဏ်များတွင် ထုတ်ယူရသည့်ဦးစီး ဌာနပင်စင်နှင့် ကာကွယ်ရေးပင်စင် စား ၅၄၃၆၄၀ နှင့် လုပ်ငန်းဌာန ပင်စင်မှာ နှစ်သိန်းရှိကြောင်း သိရသည်။

ထို့အပြင် ပင်စင်ဌာနလစာတိုးမြှင့် ခွင့်ပြုသည့်ကျပ် ၂၀၀၀၀ အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက် ၍ ၂၀၁၃ ခုနှစ် ဧပြီလမှ တိုးမြှင့်ခံစား ခွင့်ပြုခဲ့သည်။ အကြောင်းအမျိုးမျိုး ကြောင့် ပင်စင်လစာထုတ်ယူရန် ကျန်ရှိနေသောသူများအား တိုင်းဒေသ ကြီးနှင့် ပြည်နယ်ရုံးခွဲ ၁၇ ခုတွင် ပင်စင်ဦးစီးဌာနရုံးခွဲများတွင် အကူအညီ တောင်းခံနိုင်သည်။ ယင်းတို့မှာ ရုံးချုပ် နေပြည်တော် ၀၆၇-၄၁၀၇၇၂၊ ၄၁၀ ၅၂၁၊ ၄၁၀၄၄၆၊ ရန်ကုန် ၀၁-၃၇ ၆၈၈၅၊ ၃၇၄၇၆၅၊ ဧရာဝတီ ၀၄၂- ၂၅၅၅၃၊ ရခိုင်၀၄၃-၂၄၃၁၅၊ မွန် ၀၅၇-၂၇၁၅၀၊ ကရင် ၀၅၈-၂၂၅၂၂၊ တနင်္သာရီ ၀၅၉-၂၃၄၉၄၊ ပဲခူး ၀၅၂- ၂၁၂၁၆၊ ၂၁၀၀၇၊ ပြည် ၀၅၃-၂၆၄ ၇၆၊ မန္တလေး ၀၂-၇၁၈၃၂၊ မကွေး ၀၆၃-၂၅၅၈၁၊ စစ်ကိုင်း ၀၇၁- ၂၃၆၁၆၊ ၂၃၄၉၅၊ ကချင် ၀၇၄-၂၂၀၆၄၊ ရှမ်း ၀၈၁-၂၅၀၁၉၊ ကျိုင်းတုံမြို့ ၀၈၄- ၂၃၀၂၅၊ လားရှိုး ၀၈၂-၃၀၉၄၁၊ ကယား ၀၈၃-၂၂၅၃၇၊ ၂၁၁၀၃ တို့ ဖြစ်ပြီး ယင်းရုံးခွဲများ မရှိသော နေရာ များမှ နေပြည်တော်ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် ၀၉-၄၉၂၀၂၉၀၈၊ ၀၆၇-၄၂၀၄၁၆ သို့ တိုက်ရိုက်အကူအညီ တောင်းခံနိုင် သည်။

ကြည်(ရန်ကင်း)

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT FOR MANAGER HUMAN RESOURCES

Purpose of the job

Job Functions

Who can apply

စားသုံးရန်မသင့်သောပစ္စည်းများ ဖျက်ဆီး

မူဆယ် ဩဂုတ် ၃

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ် မြို့ ဟိုမွန်ရပ်ကွက် ဂေါက်ကွင်းအနီး ၌ (၁၀၅) မိုင်နယ်စပ်ကုန်သွယ်ရေး စခန်းတွင် ဧပြီ ၁ ရက်မှ ဇူလိုင် ၂၆ ရက်အထိ တစ်ဖက်နိုင်ငံမှ တရား မဝင် တင်သွင်းလာသော ပစ္စည်းများ အား ဩဂုတ် ၂ ရက် နံနက် ၉ နာရီက မီးရှို့ဖျက်ဆီးပွဲကို ကျင်းပခဲ့သည်။ မီးရှို့ဖျက်ဆီးခဲ့သော ပစ္စည်းများမှ ရီမုပါ ကလေးကစားစရာ ကားမျိုးစုံ ၁၅၅ ခု၊ ခြင်ဆေးဖာ ၅၅၉ ဖာ၊ ဖဲထုပ် ၄၃၇ ဖာ၊ ပိုးသတ်ဆေး ဖာ ၄၀၊ ကြက်အူချောင်း ခုနစ်မျိုး ဖာ ၅၀၊ တရုတ်ဘီယာ ဖာ ၂၀၀၊ ခြင်ဆေးခွေ တစ်မျိုး ဖာ ၅၀၊ ပဲပုပ်အမျိုးမျိုး ၂၀ ဖာ နှင့် ကြက်ဆေးငါးမျိုး ၁၀၇ အိတ် စုစုပေါင်းပစ္စည်း ၁၀ မျိုး ကာလတန်ဖိုး ငွေကျပ် ၁၈၅၅၂၀၀ ဖြစ်ပြီး ၎င်း ပစ္စည်းများကို MOBILE TEAM အဖွဲ့နှင့် တာဝန်ကျဝန်ထမ်းများမှ စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာန ပြည်နယ်မှူး ဦးဇော်မင်းသိန်း ဦးဆောင်သော တာဝန်ရှိသူများက အများပြည်သူများ ရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရ သည်။**(အပေါ်ပုံ) သိန်းဇော်(ရွှေလီဦး)**

တွံတေး၌ ကျေးရွာဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းသစ်ဖွင့်

တွံတေး ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ နယ် ပျော်ဘွယ်လေးကျေးရွာ၏ အဓိက လမ်းဖြစ်သော ဖွံ့ဖြိုးရေးအမည်ရှိ ကွန်ကရစ်လမ်းမကြီးကို ကိုယ့်အား ကိုယ်ကိုးဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာ အထောက်အကူပြုကော်မတီ၊ ကျေးရွာ ပြည်သူလူထုတို့ ပူးပေါင်း၍ ဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲ၌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးသန်းဇော်ဟန်က အဖွင့် အမှာစကား ပြောကြားပြီး ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက လမ်းသစ်ခင်းရခြင်းကို ရှင်းလင်းကာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိန်ထွန်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ဖွံ့ဖြိုးရေးကွန်ကရစ် လမ်းသစ်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အုန်းကြွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ကျေးရွာအုပ်ချုပ် ရေးမှူး ဦးခင်မောင်စိုးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်၍ ကွန်ကရစ်လမ်းမကြီး အား လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းမသစ်ကြီးမှာ အရှည် ပေ ၁၀၁၅၊ အကျယ် ၁၀ ပေ ဒု ခြောက်လက်မရှိပြီး ကျေးရွာပြည်သူ ထည့်ဝင်ငွေ ၃၅ သိန်းကျော် ကုန်ကျခဲ့သည်။ ယင်းဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းမသစ်ကြီးကြောင့် ကျေးရွာပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လွယ်ကူချောမောစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရ သည်။

မျိုးလှိုင်(တွံတေး)

လွတ်လပ်မှု၊ ကျင့်ဝတ်နှင့် တာဝန်

အေးချမ်း

၁-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာတွင် "မီဒီယာများ သတင်းရေးသားရာတွင် တိကျသောအချက်အလက်ပေါ် အခြေခံရေးသားရန်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား" ဟူသော သတင်းတစ်ပုဒ် ပါရှိခဲ့ပါသည်။ အာဇာနည်နေ့တွင် နေအိမ်ဦးသံဃာတော်များအား ပင့်ဖိတ်ဆွမ်းကပ်လှူခြင်းကို ဂျာနယ်တစ်စောင်က သုံးပွင့်ဆိုင်တံခါးပိတ်ဆွေးနွေးဟူ၍ မျက်နှာဖုံးတွင်ဖော်ပြခြင်းနှင့် ပတ်သက်၍မည်သည့်အချက်အလက်အပေါ် အခြေခံရေးသားခြင်းကို သိလိုကြောင်းနှင့် တိကျမှုမရှိသည်များကို သတိထားရေးစေလိုကြောင်း၊ ယင်းသတင်းတွင် အသုံးပြုထားသည့် ဓာတ်ပုံမှာလည်း ထိုနေ့ကပြုလုပ်သည့် ဓာတ်ပုံမဟုတ်ဘဲ ဝါဆိုလပြည့်နေ့ ဗုဒ္ဓတက္ကသိုလ်တွင် ဝါဆိုသင်္ကန်းကပ်သည့်ဓာတ်ပုံဖြစ်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်က မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ပြောကြားသည်ဟု ဖတ်မိပါသည်။

ဆက်လက်၍ မီဒီယာကို အစမှာပင် အဆင့်မြင့်မြင့် စတင်ချင်ကြောင်း၊ မီဒီယာများကို မှန်ကန်သည့်လမ်းကိုသာ လျှောက်လှမ်းစေချင်ကြောင်း၊ မီဒီယာတွင် ဩဇာရှိသော်လည်း ထိုဩဇာကိုမှန်ကန်စွာသုံးရန်လိုကြောင်း၊ နိုင်ငံရေးသဘောမျိုးပုံစံရေးလိုက်တာ မကောင်းကြောင်း၊ မေးမြန်းစိစစ်ပြီး ရေးသားသင့်ကြောင်း၊ သတိလည်းထားပြီး ရေးသားစေချင်ကြောင်း ပြောကြားသည်ဟု ဖော်ပြထားပါသည်။ စာနယ်ဇင်းကျင့်ဝတ်နှင့် ညီညွတ်စွာရေးသားဖော်ပြရန်အတွက် စတုတ္ထမဏ္ဍိုင်ကို သတိပေးထိန်းသိမ်းပြောဆိုခြင်းကို ပြည်သူများကိုယ်စား အလွန်ပင်ကျေးဇူးတင်ပါသည်။

ထိုသတင်းစာမှာပင် "လွတ်လပ်သည့် မီဒီယာဥပဒေပေါ်ပေါက်လာရေး လူထုဆန္ဒမဲလက်မှတ်ကောက်ခံမှုစတင်" ဆိုသည့် သတင်းလည်းပါရှိပါသည်။ သတင်းမှာ ပြည်သူ့လွှတ်တော်ကအတည်ပြုလိုက်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းအား ကန့်ကွက်ကြောင်းနှင့် လွတ်လပ်သည့် မီဒီယာဥပဒေတစ်ရပ်ပေါ်ပေါက်လာရေး ပြည်သူလူထု၏ ထောက်ခံမှုလက်မှတ်များကို မြန်မာဂျာနယ်လစ်ကွန်ရက်မှ ကောက်ခံသွားမည်ဟု ဖော်ပြခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် သတင်းမီဒီယာ အထိုက်အလျောက် လွတ်လပ်မှုရရှိခဲ့ပြီးသည့် တစ်နှစ်တာအတွင်း လူထုခံစားနေရသည့် နစ်နာမှုများ၊ အာဏာပိုင်အချို့၏ မတရားအနိုင်ကျင့်မှုများကို သတင်းမီဒီယာတွင် ဖော်ပြပေးနိုင်ခဲ့ခြင်းကြောင့် ပြဿနာများဖြေရှင်းနိုင်ခဲ့သည့် သာဓကများရှိကြောင်း မြန်မာဂျာနယ်လစ် ကွန်ရက်အမှုဆောင်အချို့က ပြောကြောင်းလည်း ဖော်ပြထားပါသည်။ ဤသည်မှာ လက်ရှိအစိုးရသစ်ကာလတွင် သတင်းလွတ်လပ်ခွင့်ရနေခြင်းကို ထောက်ခံသည့်သဘောဟု ယူဆရပါမည်။

အလားတူ ၃၁-၇-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာတွင် "ကမ္ဘာ့သတင်းမီဒီယာလွတ်လပ်ခွင့် မြန်မာနိုင်ငံအဆင့် (၂၀)ထပ်မံမြင့်တက်" ဆိုသော သတင်းတွင် ကမ္ဘာ့သတင်းမီဒီယာလွတ်လပ်ခွင့်တွင် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ၁၇၉ နိုင်ငံတွင် အဆင့်၁၇၁ ရှိပြီး ယခုလက်ရှိအဆင့် ၁၅၁ အထိ မြင့်တက်လာကြောင်း၊ Freedom House နှင့် ပြင်သစ်နယ်စည်းမခြားသတင်းထောက်အဖွဲ့တို့က ပြုစုထုတ်ပြန်ကြောင်း ဖော်ပြပါရှိပါသည်။ အာဆီယံနိုင်ငံများ၏ သတင်းလွတ်လပ်ခွင့်တွင် ထိုင်းနိုင်ငံသည် နံပါတ် (၁)၊ မြန်မာနိုင်ငံသည် အဆင့် (၇) တွင် ရပ်တည်နေကြောင်း သတင်းလွတ်လပ်ခွင့်ညွှန်းကိန်းများအရ ဆိုသည်။

အထက်ပါသတင်းများနှင့် ဆက်စပ်ပြီး ပုံနှိပ်မီဒီယာနှင့် ပတ်သက်၍ လက်ရှိအထိ အတည်ဖြစ်ဆဲ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ လက်ရှိအစိုးရသစ်ကာလအတွင်း သိသိသာသာ တိုးတက်ပြောင်းလဲလာသော သတင်းလွတ်လပ်ခွင့်၊ ယခုစာနယ်ဇင်းသမားအများစုက ကန့်ကွက်သည်ဟုဆိုနေသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းတို့ကို ဆက်စပ်ပြီး စဉ်းစားစရာတွေ ဖြစ်လာသည်။

စာနယ်ဇင်းသမားများက ၎င်းတို့အပေါ် ထိန်းချုပ်လွန်းသည်ဆိုသော ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ဖျက်သိမ်းစေချင်သည်။ ဆက်မသုံးစေချင်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ယင်းဥပဒေကို ဖျက်သိမ်းရန်အတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ခဲ့သည်။ လွှတ်တော်တွင် ဆွေးနွေးဆဲဖြစ်သည်။ ၁၉၆၂ ဥပဒေမှာ တည်ဆဲဖြစ်သည်။ သို့သော် သက်ဆိုင်ရာဝန်ကြီးဌာနကလည်း စာနယ်ဇင်းသမား၏ ဆန္ဒအတိုင်း ၁၉၆၂ ဥပဒေကို မသုံးချင်ကြောင်း သိရသည်။ ဒါလည်းဟုတ်နိုင်သည်။ ခုနောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၆၂ ဥပဒေနဲ့ အရေးယူတာမရှိသလောက် တွေ့ရသည်။ မလွှဲမရှောင်သာ တစ်ခုပဲကြားမိသည်။ ၎င်းမှာ ညစ်ညမ်းမှုကို ဖော်ကျူးခဲ့သည့် မဂ္ဂဇင်းတစ်ခုအား ပိတ်သိမ်းခြင်းဖြစ်သည်။ ဒါကလည်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) မှတစ်ဆင့် ထိန်းသိမ်းပေးရန် ညှိနှိုင်းခဲ့သော်လည်း ပြေလည်မှုမရရှိဘဲ မူလအတိုင်းပင် နောက်တစ်လထပ်ထွက်တော့မည့်အခြေအနေကြောင့် အမျိုးသားရေးအရ မလွှဲမရှောင်သာ လုပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့မှ မလုပ်လျှင်လည်း ထိုထက်၊ ထိုထက်ဆိုးရွားသော ဖြန့်ဝေခြင်းများကြောင့် နိုင်ငံနှင့်ပြည်သူ့အတွက်အန္တရာယ်မှာ စိုးရိမ်ဖွယ်ရာဖြစ်လာနိုင်သည်။

စာနယ်ဇင်းသမားများမလိုချင်သော စာပေစိစစ်ခြင်းကို ဖျက်သိမ်းပြီးနောက် ထုတ်ဝေစာများတွင် လူမျိုးရေး၊ ဘာသာရေးကို အခြေခံသော သွေးထိုးလှုံ့ဆော်ရာရောက်သည့် အရေးအသားများ၊ အဖော်အချွတ်များစွာဖြင့် ညစ်ညမ်းဓာတ်ပုံများ၊ လောင်းကစားမှုကို အားပေးရာရောက်သည့် အားကစားသတင်းများ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိစ္စတွင် ကျင့်ဝတ်နှင့်အညီမဟုတ်သော ရေးသားဖော်ပြမှုများနှင့် အရက်ဘီယာကြော်ငြာများ အများအပြားတွေ့လာရသည်။ လိုချင်သော လွတ်လပ်ခွင့်ကို အပြည့်အဝယူပြီး လူမှုရေးအသိစိတ်နှင့် တာဝန်ယူမှုကို ဥပေက္ခာပြုလာသည်။ ထိန်းသိမ်းသင့်သည်များကို မျက်ကွယ်ပြု၍ ရေးသားထုတ်ဝေလာကြသည်။ ဒါတောင်မှ ၁၉၆၂ ဥပဒေက တည်ဆဲဖြစ်သည်။ ၁၉၆၂ ဥပဒေကိုလည်း ဖျက်သိမ်း၊ တခြား ထိုက်သင့်သည့်ဥပဒေ မထုတ်ပြန်လျှင် မည်မျှထိဆိုးရွားလာနိုင်မည်မှာ အမျိုးသားအကျိုးစီးပွားဘက်က ကြည့်ကြသူတိုင်း သိနိုင်သည်။

ယခု လွှတ်တော်တွင် ဆွေးနွေးဆဲဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေကြမ်းမှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ရောက်နေပြီဖြစ်သည်။ ဝန်ကြီးဌာနက တင်ခဲ့သည့်အတိုင်းမဟုတ်ပါ။ ပြင်ဆင်ဖြည့်စွက်များဖြင့် အတည်ပြုခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဘက်ဘက်မှ စဉ်းစားဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်းသာ ဖြစ်ပါသည်။ ဒီအချက်ကိုတော့ သိရှိနားလည်လေးစားသင့်ပါသည်။ လက်လွတ်စပယ် ဝေဖန်ပြောဆိုမှု မလုပ်သင့်ပါသည်။ ယခုကန့်ကွက်နေကြသူများ၊ ကန့်ကွက်ရန် တိုက်တွန်းပြောဆိုမှုများကြောင့် ပြည်သူလူထုအနေဖြင့် ဝေဝေဝါးဝါးဖြစ်နိုင်သဖြင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ချက်ဖြင့် အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် မည်သည့်အချက်များပါသည်၊ ဘာတွေ ပြင်ဆင်ဖြည့်စွက်ထားသည်ကို ဂဃနဏသိဖို့တော့ လိုအပ်မည်ထင်ပါသည်။ ၎င်းအပေါ် စဉ်းစားသုံးသပ်လုပ်ဆောင်ဖို့လိုသည်။ သဘောထားမကွဲလွဲရ၊ မကန့်ကွက်ရဟု မဆိုလိုပါ။ သို့သော် အမှန်ကိုသိပြီး စဉ်းစားလုပ်ဆောင်သင့်သည်။ အတိတ်က အဖြစ်တွေကို အခြေခံပြီး စိတ်ခံစားမှုများဖြင့် အရင်လိုပဲ ဖြစ်လာမှာလားဆိုသည့် အတွေးဖြင့် လုပ်ဆောင်နေပါက အခြေအနေမှန်နှင့် ဝေးကွာနေပါလိမ့်မည်။

ယခု ဥပဒေကြမ်းတွင် အဓိကအရေးပါသည့်အချက်မှာ နှစ်ချက်သုံးချက်ထက်မပိုပါ။ ပထမတစ်ချက်မှာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ လိုက်နာရမည့် စည်းကမ်း (၄)ချက်ဖြစ်သည်။ မူလ တင်သွင်းစဉ်က (၅)ချက်ဖြစ်သော်လည်း ပြည်သူ့လွှတ်တော်က နံပါတ် (၅)အချက်ဖြစ်သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်း" ဆိုတာကို ဖြုတ်ပယ်ခဲ့သည်။ ပုံနှိပ်ထုတ်ဝေသူများနှင့် စာနယ်ဇင်းသမားများ၏ အကြံပြုချက်များအပေါ် စဉ်းစားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် လိုက်နာရန် စည်းကမ်း(၄)ချက်သာ ကျန်ရှိသည်။ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ ဘာသာသာသနာများကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန် သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

အထက်ပါ ပုံနှိပ်သူများ၊ ထုတ်ဝေသူများလိုက်နာရမည့် စည်းကမ်း(၄)ချက်ပြဋ္ဌာန်းခြင်းကို စာနယ်ဇင်းသမားအချို့က ၎င်းတို့ကို သွယ်ဝိုက်ထိန်းချုပ်သည်ဟုဆိုသည်။ တစ်ဖက်လှည့်နဲ့ ချုပ်ကိုင်ထားသည်ဟုဆိုသည်။ စာပေဆိုတာရေးတဲ့သူရှိမှ ပုံနှိပ်ထုတ်ဝေသူက ပုံနှိပ်ထုတ်ဝေရတာဖြစ်ကြောင်း၊ ရေးတဲ့သူကို ချုပ်ချယ်သည့် ပြဋ္ဌာန်းချက်ဖြစ်သည်ဟုဆိုသည်။ ဤဥပဒေတွင် ရေးသားသူကို အရေးယူသည့်ပြဋ္ဌာန်းချက်မပါရှိပါ။ သတ်မှတ်စည်းကမ်းနှင့် မညီညွတ်သော ထုတ်ဝေစာကို တရားမဝင်ထုတ်ဝေစာအဖြစ် သတ်မှတ်ပြီး ဆက်လက်ပုံနှိပ်ထုတ်ဝေခြင်း မပြုရန်သာဖြစ်သည်။ ထိုသို့ တရားမဝင် ထုတ်ဝေစာဖြစ်ကြောင်း ကြေညာခံရလျှင်လည်း တရားရုံးတွင် လျှောက်ထားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခံရသည့်အဆင့်ထိ မည်သည့်အရေးယူမှုမှ ထပ်မံမရှိပါ။ မလိုက်နာဘဲ ထပ်မံပုံနှိပ်ဖြန့်ဝေမှသာ ပုံနှိပ်ထုတ်ဝေသူကို ဒဏ်ငွေဖြင့် အရေးယူမည်ဖြစ်ကြောင်းပါရှိသည်။ စာရေးသူကို အရေးယူသည့်ပုဒ်မ တစ်ခုမျှမပါကြောင်းတွေ့ရသည်။

ယခုဥပဒေကြမ်းကို လွှတ်တော်သို့မတင်မီ အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများအပါအဝင် အမှုဆောင်များနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေး သဘောတူချက်ရယူပြီးမှ လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုလည်း အဓိကသက်ဆိုင်သည့် ၎င်းအသင်းနှစ်သင်းက ကန့်ကွက်သည်ကို မတွေ့ရပါ။ ဤဥပဒေကို မြန်မြန်ပြဋ္ဌာန်းပေးရန် ဆန္ဒရှိနေကြောင်းသိရသည်။

ဤစည်းကမ်း (၄)ချက်မှာ မလိုက်နာသင့်သည့် စည်းကမ်းများဖြစ်နေပါသလား၊ အမျိုးသားအကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ရန် မသင့်သည့် စည်းကမ်းများဖြစ်နေပါသလား။ စောင့်ထိန်းရန်မလိုအပ်သည့် စည်းကမ်းများဖြစ်နေပါသလား။ ပြည်သူလူထုအတွက် အကျိုးမရှိဖြစ်စေမည့် စည်းကမ်းများ ဖြစ်နေပါသလား။ လိုက်နာရန်လွန်စွာခက်ခဲနေပါသလား စသည်ဖြင့် မေးခွန်းထုတ်ရမလိုဖြစ်နေပါသည်။ သို့တည်းမဟုတ် ဤစည်းကမ်း (၄) ချက်မှ ဖောက်ဖျက်၍ရေးချင်ပါသလား။ ၆-၇-၂၀၁၃ ရက်က နိုင်ငံခြားသတင်းဌာနတစ်ခုနဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ တာဝန်ရှိသူတစ်ဦးကို ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်း ဥပဒေကြမ်းမှာ စာနယ်ဇင်းသမားများအနေနဲ့ မရေးသင့်တဲ့အချက် (၄) ချက်ကို ရှောင်လိုက်ရင် ဥပဒေနဲ့ဘယ်လိုလုပ် ငြိစွန်းနိုင်မလဲဆိုသည့်မေးခွန်းကို မေးမြန်းရာ ၎င်းပုဂ္ဂိုလ်က "ဒါတွေက ကျင့်ဝတ်မှာလည်းပါပြီးသား၊ ကျွန်တော်တို့ ကိုယ်နှိုက်က အဲဒါတွေမလုပ်ရဘူးဆိုတာ ကျင့်ဝတ်မှာရှိပြီးသား၊ ပြဋ္ဌာန်းစရာတောင်မလိုဘူး"ဟု ပြန်ဖြေသွားသည်ကို ကြားမိပါသည်။ လက်တွေ့နှင့် ကိုက်ညီသောအဖြေ ဟုတ်ပါရဲ့လား။ အမှန်တကယ်ရော ထိန်းသိမ်းကြပါသလား။

လွတ်လပ်မှုကို အဆုံးစွန်ထိမရယူသင့်ပါ။ အကျိုးရှိနိုင်မည့် လွတ်လပ်မှုကိုသာ ဥပဒေနှင့်အညီ တောင်းဆိုသင့်ပါသည်။ အကျိုးမဲ့စေမည့် စည်းမဲ့ဘောင်မဲ့လွတ်လပ်မှုမျိုးမဖြစ်စေရန် ကာကွယ်ခြင်းကို အမျိုးသားရေးစိတ်ဓာတ်ရှိသူတိုင်း နားလည်လက်ခံသင့်ပါသည်။ စဉ်းစဉ်းစားစား လုပ်သင့်ကြပါကြောင်း အကြံပြုလိုပါသည်။

စည်းကမ်းတကျ လွတ်လပ်မှုမျိုးကသာ နိုင်ငံနှင့်လူမျိုးကိုအကျိုးပြုနိုင်ပါလိမ့်မည်။ လွတ်လပ်မှုနှင့်အတူ တာဝန်သိရန်၊ တာဝန်ယူရန်၊ စည်းကမ်းလိုက်နာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။ ။



တွင်းထွက်သယံဇာတအရင်းအမြစ်ဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၃

တွင်းထွက်သယံဇာတအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး [Myanmar Extractive Industries Transparency Initiative-(MEITI)] ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက နိုင်ငံတစ်နိုင်ငံအနေဖြင့် သယံဇာတများထုတ်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ပွင့်လင်းမြင်သာမှုရှိစေရေး အရေးကြီးပါကြောင်း၊ ပြည်သူများ၏ အကျိုးခံစားမှုအတွက် ရည်ရွယ်၍ (EITI) အဖွဲ့ဝင်နိုင်ငံဖြစ်ရေး မြန်မာနိုင်ငံအနေဖြင့် Multi State holder Group (MSG) အဖွဲ့အား ဦးစွာဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းတွင် အစိုးရအဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အချို့နိုင်ငံများတွင် "အရင်းအမြစ်ကျိန်စာ" ဟု တင်စားခေါ်ဝေါ်လောက်သည့် သယံဇာတများသာ ဆုံးရှုံးမှုဖြစ်ပေါ်ပြီး တိုင်းသူပြည်သားများအနေဖြင့် ဆင်းရဲတွင်းမှ မတက်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သာဓကများရှိပါကြောင်း၊ သို့ပါ၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပွင့်လင်းမြင်သာရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ EITI ကို အကောင်အထည်ဖော်ခြင်းကြောင့် မြန်မာပြည်သူများအတွက် အကျိုးကျေးဇူး အမြောက်အမြား ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် MEITI လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ရုံးခွဲတို့မှ တာဝန်ရှိသူများက EITI အဖွဲ့ဝင်နိုင်ငံများနှင့်ပတ်သက်၍ သယံဇာတထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု အခြေအနေများ၊ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှိန်မထိန်းနိုင်သည့်ကား သံမဏိငြမ်းစင် ဝင်တိုက်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် သမိုင်းဘူတာရုံလမ်း ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်သုံး သံမဏိငြမ်းစင်ကို ဩဂုတ် ၂ ရက် ညက ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း သေဆုံးသွားသည့် ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် ည ၇ နာရီခွဲက မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် သမိုင်းဘူတာရုံလမ်းအတိုင်း (လှိုင်သာယာဘက်မှ သမိုင်းလမ်းဆုံဘက်) အနောက်မှ အရှေ့သို့ ယာဉ်မောင်း ဂျိုးဇက် (၃၈)နှစ် ပိတောက် (၁)လမ်း (ဂ) ရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသည့်ပါဂျဲရိုး (ငွေမင်ရောင်) ယာဉ်အမှတ် ၃ခ/--- သည် ဘုရင့်နောင်လမ်းဆုံမီးပွိုင့်အရောက် အရှိန်မထိန်းနိုင်ဘဲ ဘုရင့်နောင်ခုံးကျော်တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ဝင်ရောက်၍ လုပ်ငန်းခွင်အတွင်း တပ်ဆင်အသုံးပြုနေသော သံမဏိငြမ်းစင်ကို ဝင်ရောက်တိုက်မိသဖြင့် ယာဉ်၏ ဦးခေါင်းပိုင်းဘယ်ခြမ်းပျက်စီးသွားပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဇော်ကြီး(ပဏ္ဍိတ)

ဂျာမနီနိုင်ငံ၏ သုတေသနနှင့်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းဖြန့်ဝေခြင်းအခမ်းအနားနေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

ဂျာမနီနိုင်ငံ၏ သုတေသနနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းဖြန့်ဝေခြင်း အခမ်းအနားနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် (ဝိဇ္ဇာ) ခန်းမ၌ကျင်းပရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေတို့က အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ်ရှိ နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင်အား ဝင်ရောက်ဖမ်းဆီး

ရန်ကုန် ဩဂုတ် ၃

ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ (၂) နှင့် အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များသည် ပန်းဘဲတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အဖွဲ့များခွဲကာ လောင်းကစားသတင်းအရ သက်သေများနှင့်အတူ ပန်းဘဲတန်းမြို့နယ် (၈) ရပ်ကွက်(၂၉) လမ်း သုံးလွှာရှိ အမှတ် (၁၀၀)နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ယင်းနေအိမ်၏ ဝဲဘက်ခြမ်းတွင် နေမျိုးလွင် ပန်းဘဲတန်းမြို့နယ်နေသူနှင့် ထွန်းရွှေ လသာမြို့နယ်နေသူတို့ နှစ်ဦးအား နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၁၃၈၁၀၀ တို့ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက (ပ)၂၄၃/၂၀၁၃၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က) / ၁၆(က)ဖြင့် အရေးယူထားရှိကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါနေအိမ်၏ ယာဘက်ခြမ်းတွင်ရှိသော ထွန်းသိန်း (ခ) ကစ္စနား မင်္ဂလာတောင်ညွန့်မြို့နယ်၊ စိုးဝင်း (ခ) ရှဖီး ပန်းဘဲတန်းမြို့နယ်၊ အီစမိုင်အင် ပန်းဘဲတန်းမြို့နယ်၊ အောင်ဝင်း ပုဇွန်တောင်မြို့နယ်၊ ဗာလု မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်မြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တမီးလ် ဒလမြို့နယ်၊ ကျော်ကျော်လွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ကြည် ပန်းဘဲတန်းမြို့နယ်၊ ရာအိမ် သဃ်န်းကျွန်းမြို့နယ်၊ မောင်သန်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ မောင်တင် သဃ်န်းကျွန်းမြို့နယ်၊ ဉာဏ်ထွန်း လမ်းမတော်မြို့နယ်၊ သန်းအေး ဒလမြို့နယ်၊ ဖာဂွန် (ခ) သန်းထွန်း ပန်းဘဲတန်းမြို့နယ်၊ မတင်လှ ဒလမြို့နယ်၊ မဉမ္မာ သာကေတမြို့နယ်၊ ဗိုရာဇာဝင်း မရမ်းကုန်းမြို့နယ်၊ ဇော်ဝင်း ပန်းဘဲတန်းမြို့နယ်၊ ခင်ဇော် သာကေတ မြို့နယ်၊ တင်ငွေ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ လှဝင်း ပန်းဘဲတန်းမြို့နယ်၊ မောင်အေး ပန်းဘဲတန်းမြို့နယ်နှင့် ဒိုင်ချုပ်ဖြစ်သူ ကျော်ကိုကို(ခ) အငယ်လေး ပန်းဘဲတန်း မြို့နယ်နေသူတို့ ၂၄ ဦးတို့အား နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစား စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၃၃၁၁၉၅၀ နှင့် အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းမှ (ပ) ၂၄၄/၂၀၁၃၊ လောင်းကစားဥပဒေ ပုဒ်မ ၁၅(က) / ၁၆(က) ဖြင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံတော်ပိုင်ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း - (၂၁)မျိုး

(ခ) လက်သုံးကိရိယာ - (၁)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၈-၂၀၁၃ရက်မှ ၂-၉-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း တစ်စောင်လျှင် ကျပ်(၅၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၉-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ကွပ်ကဲရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၆၇
စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၅၁၀၃၉

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၈-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၀	"ထမ်စမ်းလိုဏ်ဂူတော်ခရီးသွားမှတ်တမ်း"
၁၂း၃၅	ဖြူမည်းရုပ်ရှင် "ကျွန်မမှာမိန်းမသား" (စိုးနိုင်၊ တင်တင်နွဲ့၊ အကယ်ဒမီဒေစီကျော်ဝင်း) (ဒါရိုက်တာ-ဦးသုခ)
၃း၃၅	"ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
၅း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀	-ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း
၈း၃၅	ပြည်သူ့နီတိ "စည်းအပြင်ကလူ" (မိုးဒီ၊ မင်းခိုင်၊ ဂွမ်းပုံ) (ဒါရိုက်တာ-မိုးဇော်ကို)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ်ထိရောက်စွာ အသုံးပြု

နေပြည်တော် ဩဂုတ် ၃

အသေးစား ချေးငွေလုပ်ငန်း ဆောင်ရွက်ရာတွင် မဝင်မနေရစနစ် မဟုတ်ကြောင်း၊ အကျိုးခံစားလိုပါက စိတ်တူကိုယ်တူအချင်းချင်း ဝိုင်းကြီးချုပ်အဖွဲ့ကို ဖွဲ့နိုင်ကြောင်း၊ ထိုမှ တစ်ဆင့် သမဝါယမအသင်းကိုလည်း ဆက်လက်ဖွဲ့စည်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယမန်နေ့က ရွှေဘိုမြို့ အားကစားခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်လျက်ရှိရာ အဓိကတာဝန် (၂)ရပ်ဖြစ်သော အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်ခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ခြင်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ရည်ရွယ်ချက်(၂)ရပ် ဖြစ်သော ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ ငွေကြေးအရင်းအနှီးအတွက် အတိုးကြီးချေးယူရသော အခြေအနေမှ သက်သာစေရန်နှင့် နောင် လေး၊ ငါးနှစ်အကြာတွင် မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာရပ်တည်ဆောင်ရွက်နိုင်စေရန်တို့ ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်အောင် ငွေချေးရုံသာမက ငွေစုဆောင်းသည့်စနစ်ကိုပါ ထည့်သွင်း ဆောင်ရွက်လျက်ရှိခြင်း၊ စုဆောင်းသည့် ငွေပေါ်တွင်လည်း အတိုးပေးသည့်စနစ်နှင့် သင့်တင့်သောအချိန်တွင် စုဆောင်းငွေကို ပြန်လည်ထုတ်ယူနိုင်သော စနစ်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်း အောင်မြင်ရန်ဆိုပါက အကျိုးတရားများ လက်တွေ့ခံစားနေရသော အသင်းသား ပြည်သူများကိုယ်တိုင် အသိရှိရှိ လိုက်နာဆောင်ရွက်ကြဖို့လိုကြောင်း၊ မိမိတို့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ မိမိတို့ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ကြရန်ကို အခမ်းအနား မတက်ရောက်နိုင်သူ၊ မသိသေးသူများကို ပြန်လည်ရှင်းလင်းသွားကြရန်လိုကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ဝိုင်းကြီးချုပ်အဖွဲ့သည် အသေးစားချေးငွေလုပ်ငန်း (Microfinance) အောင်မြင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့် ဝိုင်းကြီးချုပ်အဖွဲ့၏ တာဝန်သုံးရပ် (သို့မဟုတ်) စည်းကမ်းသုံးချက်ကို သိရှိထားရန်လိုကြောင်း၊ တစ်အချက်မှာ ချေးငွေကို အလွဲသုံးစားမပြုရေး အချင်းချင်း ထိန်းကျောင်းပေးရန်၊ နှစ်အချက်မှာ ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ် ထိရောက်စွာ အသုံးပြုစေရေး ထိန်းကျောင်းရန်၊ သုံးအချက်မှာ သတ်မှတ်ကာလတွင် ချေးငွေနှင့် ဝန်ဆောင်စရိတ်တို့ကို ပြန်လည်ပေးဆပ်ရန်နှင့် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရန်တို့ဖြစ်ကြောင်း၊ ယခင် သမဝါယမစနစ်များ မအောင်မြင်ခဲ့ရခြင်းကို သုံးသပ်ပါက လူကြောင့်လား၊ သမဝါယမစနစ်ကြောင့်လားဟု ပိုင်းခြားသုံးသပ်နိုင်ကြောင်း၊ သမဝါယမစနစ်ကြောင့် မဟုတ်ဘဲ လူနှင့် နည်းလမ်းများ အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် အသင်းသားများအနေဖြင့် သမဝါယမစနစ်၏ မူဝါဒ၊ အနှစ်သာရများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်အောင် ဝင်ငွေရစီးပွားရေးလုပ်ငန်းများအတွက် အသေးစားချေးငွေ ထုတ်ချေးပေးသကဲ့သို့ အရင်က ကျွဲနွားနှင့် ရုန်းကန်ခဲ့ရာမှ အဆင့်မီ စက်ကိရိယာနှင့် ပြောင်းလဲပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာကို အခြေခံအဆင့် ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သွားကြရန်နှင့် သမဝါယမလုပ်ငန်းများ အောင်မြင်အောင် အားလုံးကြိုးပမ်းကြရန် လိုကြောင်း မှာကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် လယ်ယာသုံး စက်ကိရိယာများနှင့် ဝယ်ယူသူ အသင်းသား တောင်သူလယ်သမားများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မြို့နယ် ၃၅ မြို့နယ်မှ သမဝါယမအသင်း ၁၇၅၇ သင်း အသင်းသားပေါင်း ၈၅၈၅၉ အတွက် ထုတ်ချေးငွေကျပ်သိန်းပေါင်း ၇၉၀၁၀ ဒသမ ၂ သိန်းနှင့် တန်ဖိုးကျပ်သိန်း ၅၂၁ ဒသမ ၃ သိန်း တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာမျိုးစုံ ၃၄ မျိုးကို အရစ်ကျငွေချေးစနစ်ဖြင့် ထုတ်ပေးရောင်းချခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုသိမ် – ကျောက်ငူရထားလမ်းပေါ် ကျူးကျော်နေမှု ပတ်ဝန်းကျင်ကို ထိခိုက်

ပုသိမ် ဩဂုတ် ၃

ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက် နယ်ခြားဖြစ်သော ပုသိမ်ဘူတာကြီးမှ ပိုလန်ဂိုထောင် ကျောက်ငူဆိပ်ကမ်းသို့ ဆက်သွယ်ထားရှိသော ရထားလမ်းပိုင်းသည် ရှေးနှစ်ပေါင်း ၁၀၀ ကျော် ကာလက ဧရာဝတီတိုင်းဒေသကြီး ထွက်ကုန် ဆန်စပါး၊ သစ်၊ ဝါး၊ ဓနိနှင့် ရေထွက်ကုန်ပစ္စည်းများကို မီးရထားကုန်တွဲများဖြင့် တင်ဆောင်၍ မြန်မာပြည်အထက်ပိုင်းသို့ ပို့ဆောင်ဖြန့်ဖြူးပေးရသော အဓိကရထားလမ်းပိုင်း ဖြစ်သည်။

သို့သော်ယခုအခါတွင် မီးရထားလမ်းများထက် အဝေးပြေးကုန်တင်လမ်းမကြီးများ ဖွံ့ဖြိုးလာမှုကြောင့် ကုန်တင်ရထားများ သွားလာမှုနည်းပါးလာသဖြင့် ပိုလန်-ကျောက်ငူ ရထားလမ်းပိုင်းလည်း အသုံးပြုမှုမရှိဖြစ်နေ၏။

ထို့ကြောင့် ကုန်တင်ကုန်ချလုပ်သားများ၊ ဆိုက်ကားသမားများ၊ ကူလီ ပျံကျများသည် မိမိတို့အိမ်ခြံမြေရှိရာ ရပ်ကွက်အတွင်း ပြန်လည်သွားလာခြင်းမရှိကြဘဲ နေ့နေ့ညည သွားလာမှုလွယ်ကူသော ပိုလန်ကျောက်ငူရထားလမ်းပေါ်တွင် တဲအိမ်၊ ဖျင်ကာ အဆောက်အအုံကလေးများဖြင့် နားခိုနေထိုင်ကြရာမှ တစ်စတစ်စ အခြေခိုင်တိုးပွားလာမှုရှိနေ၏။ သို့သော် အချို့သောသူများက သောက်စားလောင်းကစားဝိုင်းများဖြင့် နေ့နေ့ညည ဆဲသံဆူသံ ညံမစဲဖြစ်နေ၏။ မည်သည့်အပိုင်း မည်သည့်နယ်မြေဟူ၍ သတ်မှတ်ချက်မရှိ၊ ထိုကျူးကျော်မှုကို အလေးမမူ လျစ်လျူရှုထားသလို ရှိနေသည်။

“ကျွန်မတို့က ကျူးကျော်နေထိုင်သူတွေကို အပြစ်ဆိုဟန့်တားပိုင်ခွင့် မရှိပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ရှိပြီးသားပါ။ မီးရထားလမ်းကို အန္တရာယ်မကြောက်လို့ သူတို့ထိုက်နဲ့ သူတို့နေကြတာ သိပါတယ်။ အပြစ်မဆိုလိုပါဘူး။ ဒါပေမယ့် ကျွန်မတို့မှာ သားပျို၊ သမီးပျိုတွေ ကျောင်းသားကျောင်းသူတွေ အများအပြား ရှိကြပါတယ်။ စာဖတ်ချိန်၊ ဘုရားရှိခိုးချိန်ရယ်လို့ အေးအေးချမ်းချမ်း တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါဘူး။ ဆဲသံဆိုသံတွေ၊ လောင်းကစားသံတွေနဲ့ နေ့နေ့ညည သည်းထိတ်ရင်ဖို နေရ စားရ ဒုက္ခရောက်နေကြပါတယ်” ဟု ဒေသခံတို့က ဆိုသည်။ **(ပုသိမ်-လှကြည်)**

❖ **နံနက်စာမှ**

၁၅၀၀ ထက်ပို၍ နှလုံးသွေးကြောပိတ်ခြင်း(သို့မဟုတ်) အသက်ဆုံးရှုံးနိုင်သော အခြေအနေဖြစ်သည့် နှလုံးရပ်တန့်ခြင်းများဖြစ်ကြကြောင်း သိရသည်။

တစ်နေ့တာအတွက် နေ့လယ်စာ၊ ညစာများသာ စားသုံးပြီး မနက်စာ မစားသုံး သူများသည် နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုများကြောင်း သိရသည်။ ထို့ပြင် အခြားသော နေထိုင်မှုပုံစံများဖြစ်သည့် ဆေးလိပ်သောက်ခြင်းကဲ့သို့သော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေခံအကြောင်းအရာများနှင့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို ပြုလုပ်၍ အလိုက်သင့်နေထိုင်သင့်သည်ဟု သုတေသနပညာရှင်များက ဆိုသည်။

နံနက်စာ မစားသုံးခြင်းသည် သွေးတိုးခြင်း၊ အဝလွန်ခြင်းနှင့် ဆီးချိုရောဂါ ဖြစ်ပွားစေနိုင်ပြီး နှလုံးကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ (၃-၈-၂၀၁၃)

ဆော	၃	ဒသမ	၉၄	လက်မ
သာစည်	၃	ဒသမ	၀၁	လက်မ
ရေး	၂	ဒသမ	၃၆	လက်မ
ချောင်းဆုံ	၁	ဒသမ	၇၅	လက်မ
မိတ္ထီလာ	၁	ဒသမ	၇၇	လက်မ

✻ **ကျောက်ဆည်စက်မှုနယ်မြေမှ**

ထုတ်လုပ်သွားနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ဝန်ထမ်းများ ခံယူချက်မှန်ကန်စေရေး၊ အလုပ်အပေါ် စေတနာထားဆောင်ရွက်ရေး၊ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်ရေးတို့ မှာကြားပြီး ဘိလပ်မြေများထုတ်လုပ်သည့် အမှတ်(၃၃) အကြီးစားစက်ရုံ၊ မှန်အမျိုးမျိုးတို့ ထုတ်လုပ်နိုင်မည့် အမှတ်(၃၆) အကြီးစားစက်ရုံ၊ ပလတ်စတစ်အိတ်မျိုးစုံ ထုတ်လုပ်သည့် အမှတ်(၂) ပလတ်စတစ်စက်ရုံ၊ အဆင့်မြင့်မီးခံအုတ်မျိုးစုံ ထုတ်လုပ်သည့်အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ၊ အပ်ချုပ်စက်အမျိုးမျိုး ထုတ်လုပ်သည့် အပ်ချုပ်စက်ရုံ၊ စပို့ရှပ်၊ တီရှပ်နှင့် စွပ်ကျယ်များ ထုတ်လုပ်သည့် အမှတ်(၉) အထည်စက်ရုံနှင့် အမှတ်(၁၀) အထည်စက်ရုံ(တောင်သာ) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချို့စက်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တို/ နှစ်ရှည်ငှားရမ်းခြင်းနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိထားစရာ အိမ်ထဲမှာ

သစ်ပင်၊ ပန်းပင်တို့သည် လူတို့၏ စိတ်နှလုံးကို ရွှင်လန်းချမ်းမြေ့စေသည်။ နူးညံ့သိမ်မွေ့စေသည်။ ထို့ကြောင့် သစ်ပင်၊ ပန်းပင်လေးများကို တယုတယ စိုက်ပျိုးပြုစုပြီး မြတ်နိုးတွယ်တာလာကြသည်။

စိုက်ပျိုးရေးကို အထူးဝါသနာပါသူများ အနေဖြင့်လည်း မိမိတို့၏ အပင်လေးများကို အရိပ်တကြည့်ကြည့်ဖြင့် အမြဲဂရုစိုက်နေတတ်ကြသည်။ ထို့ထက်ပို၍ အချို့အိမ်များတွင် အလှအပကို ခုံမင်နှစ်သက်၍ သော်လည်းကောင်း၊ အခြားစီးပွားလာဘ်လာဘအတွက်သော် လည်းကောင်း၊ စွဲမက်နှစ်ခြိုက်စရာ ကောင်း၍သော် လည်းကောင်း၊ သစ်ပင်ပန်းပင်လေးများကို ပန်းအိုးဖြင့် အိမ်ထဲအထိပင် စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။

မည်ကဲ့သို့သော အကြောင်းများဖြင့် စိုက်ပျိုးလာကြသည်ဖြစ်စေ ‘သတိမမူ ဂူမမြင်’ ဟူသော မြန်မာစကားပုံတစ်ခုကို အလေးထားဂရုပြုစေလိုပါသည်။ သတိမူလျှင် မြူကိုပင် မြင်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပင်တို့၏ သဘာဝမှာ နေ့အခါတွင် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2) ကို စုပ်ယူ၍ အမြစ်ကပေးပို့သည့် ရေနှင့် နေရောင်ခြည်ကို အသုံးပြုပြီး အစာချက်လုပ်ကြရပါသည်။ လူတို့ အသက်ရှင်မှုအတွက် အရေးကြီးသော အောက်ဆီဂျင် (O_2) စုပ်ယူမှုကို နေ့အခါ အနှောင့်အယှက် မပေးကြပါ။

သို့သော် ညအချိန်များတွင် အပင်များသည် အောက်ဆီဂျင် (O_2) ကို စုပ်ယူ၍ အသက်ရှူသွင်းကြရသည်။ ထိုအခါ အပင်များကို အိမ်ထဲတွင် စိုက်ပျိုးထားသော အိမ်များအနေဖြင့် ညအချိန်တွင် အပင်နှင့်လူ အောက်ဆီဂျင် (O_2)ကို တစ်ဝက်စီ သို့မဟုတ် လု၍ ရှူသွင်းနေရသကဲ့သို့ ဖြစ်နေတတ်ပါသည်။ အချို့ အလုံပိတ်အိမ်များနှင့် အပင်အရေအတွက်များသော အိမ်များတွင် လူတို့အတွက် အောက်ဆီဂျင် (O_2) ရရှိမှု အလွန်နည်းသွားနိုင်ပါသည်။

ပို၍ သတိထားရသည်မှာ မိမိတို့ စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များ၏ ရနံ့သည် အနံ့ပြင်းလွန်းပါက အိမ်ထဲတွင် နေသူများအတွက် အသက်ရှူပင်ကျပ်လာနိုင်ပါသည်။ ထို့အပြင် အပင်များကို နံ့သာရည်များ ပက်ဖျန်း၍သော်လည်းကောင်း၊ အမွှေးတိုင်များ ထွန်းညှိ၍သော် လည်းကောင်း ပြုလုပ်တတ်ကြပါသည်။ ထိုအခါ အိမ်ထဲရှိ ကလေးသူငယ်များနှင့် အသက်အရွယ်ကြီးသူတို့အတွက် အန္တရာယ်မကင်းနိုင်တော့ပါ။ ပန်းနာရင်ကျပ်ရောဂါရှိသူ လူကြီးများအတွက် အသက်ဆုံးရှုံးနိုင်သည်အထိပင် ဖြစ်စေတတ်ပါသည်။ အအေးပိုင်းဒေသဆောင်းရာသီ မီးသွေးမီးဖိုများဖြင့် နေတတ်သော အိမ်များအဖို့ ပို၍ပင် သတိထားရမည် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်အတွင်းတွင် သစ်ပင်ပန်းပင်ရှိသော အိမ်များသည် ညအခါ လေဝင်လေထွက် ကောင်းစေရန်အတွက် အထူးစီမံပြုလုပ်ထားရမည့်အချက်မှာ အလွန်အရေးကြီးလှပေသည်။

သို့မှသာ မိမိတို့၏ မိသားစုဘဝ အနာရောဂါကင်းရှင်းပြီး သက်ရှည်ကျန်းမာမည်ဖြစ်သောကြောင့် အသိနှင့် သတိတစ်ချက်လေးကပ်၍ ပြုပြင်ဆင်ခြင်နေထိုင်သင့်ပါကြောင်း တိုက်တွန်းရေးသားအပ်သည်။

သက်နိုင် (ပြင်ဦးလွင်)

ရန်ကုန်တိုင်းဒေသကြီးအ

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့ဗဟိုပြုအများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စာပေရေချမ်းစင် (mini book corner) များ ဆောင်ရွက်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးကားဝင်းရှိ ကားဂိတ်များ၊ အလုံမြို့နယ် အကယ်ဒမီအထူးကုဆေးရုံရှိ ပြင်ပလူနာဆောင်၊ ဆိပ်ကမ်းမြို့နယ် လမ်းသစ်ဗောတံတားနှင့် စဥ့်အိုးတန်းဗောတံတားရှိ ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိကသင်္ဘောများ၊ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းနှင့် ရန်ကုန်ဘူတာကြီးတွင်ထားရှိသည့် စာပေရေချမ်းစင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စာဖတ်ပရိသတ်များကို အားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းခရိုင် အင်တာနက်

ခန်းမ၌ တိုင်... မြို့နယ်ဦးစီးမှူး... အမျိုးသား ... နိုင်ငံနှင့်လူမျိုး... ဦးထိပ်ပန်ဆင်... ပြည်သူ့အကျိုး... စေတနာ၊ အန... ပေါင်းစပ်ပြီး... သွားကြရန်လို... ထားရှိဆောင်ရွ... ရေချမ်းစင်မျာ... အလွယ်တကူ... စာဖတ်သည့်... များ ရရှိလာ... အကြောင်းအဂ... ဝေဖန်ပိုင်းခြား... ဆောင်ရွက်နေ... ထိုသို့ ဆောင်ရွ... သူများက ဝမ်း... သည်ဟု ကြာ... ဝန်ထမ်းများက... ရှင်းသန်...

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဖုံးသီး...

ပဲခူး

ပဲခူးမြို့မှ ၁၇... ချောင်းကျေးရွာ... အတွင်း၌... ရော်ဘာစိုက်ပျိုး... ဖော်စဉ် အရှည်... ရှစ်လက်မ၊ ထိ... စစ်ကျန်ဖုံးသီး... ပစ်ချသောဖုံး)... ခြောက်လုံးကို... ဆတ်ချောင်းဌေ... တစ်ဆင့် ပဲခူးမြို...

ဟိုပင်၌ သွေးလွန်တုပ်ကွေးဂ...

ဟိုပင် ဩဂုတ် ၃

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်... များ၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးနှ... ခြင်အန္တရာယ်နှိမ်နင်းသည့်အနေဖြင့် ရေနုတ်မြောင်း... ရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်း... ခြင်းလုပ်ငန်းများကို မြို့မမြောက်ရပ်ကွက်ရှိ မိခင်နှ... ကလေး စောင့်ရှောက်ရေးအသင်း မူကြိုကျောင်းနှ... အထကကျောင်း မြဇေယျာရပ်ကွက်ရှိ အမကကျောင်း... များတွင် ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီမှစ၍ မြို့နယ်... ခွဲ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအရာရှိ ဦးစိုးသန်...



ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူဗဟိုပြုအများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စာပေရေချမ်းစင် (mini book corner) များ ဆောင်ရွက်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးကားဝင်းရှိ ကားဂိတ်များ၊ အလုံမြို့နယ် အကယ်ဒမီအထူးကုဆေးရုံရှိ ပြင်ပလူနာဆောင်၊ ဆိပ်ကမ်းမြို့နယ် လမ်းသစ်ဗောတံတားနှင့် စဥ့်အိုးတန်းဗောတံတားရှိ ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိကသင်္ဘောများ၊ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းနှင့် ရန်ကုန်ဘူတာကြီးတွင်ထားရှိသည့် စာပေရေချမ်းစင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စာဖတ်ပရိသတ်များကို အားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းခရိုင် အင်တာနက်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ အမျိုးသား အကျိုးစီးပွားအတွက် နိုင်ငံနှင့်လူမျိုးအတွက် အမြဲဦးထိပ်ပန်ဆင် ဆောင်ရွက်နေသော ပြည်သူ့အကျိုးပြုလုပ်ငန်းများအပေါ် စေတနာ၊ အနစ်နာနှင့် ဝါသနာ ပေါင်းစပ်ပြီး အားထည့်လုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း၊ ယခုထားရှိဆောင်ရွက်လျက်ရှိသည့် စာပေရေချမ်းစင်များမှာ ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ပြီး စာဖတ်သည့် အလေ့အထကောင်းများ ရရှိလာကာ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြား သိမြင်လာအောင် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှုအပေါ် ပြည်သူများက ဝမ်းပန်းတသာ လက်ခံသည်ဟု ကြားသိရသည့်အတွက် ဝန်ထမ်းများက ရေရှည်တည်တံ့ရေး၊ ရှင်သန် ဖွံ့ဖြိုးရေးတို့အတွက် ပေါင်းစပ် လုပ်ကိုင်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးကားဝင်းရှိ ကားဂိတ်တွင်ထားရှိသည့် စာပေရေချမ်းစင်ကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်ပရိသတ်များအား အားပေးစဉ်။ (သတင်းစဉ်)

ရေမြုပ်ခဲ့သည့် ကျေးရွာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါးသိုင်းချောင်းမြို့နယ်ခွဲ ပန်းပုကွင်းကျေးရွာအုပ်စု ပန်းပုကွင်းကျေးရွာနှင့် ဥယျာဉ်ကုန်းကျေးရွာတို့ကို ချောင်းရေလျှံဝင်ရောက်ခဲ့မှုကြောင့် ကျေးရွာနှစ်ရွာရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေအနက်ငါးပေခန့်ဝင်ရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ရေပြန်လည်ကျဆင်းသွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများကြောင့် ကျေးရွာများအတွင်းရှိ လမ်းများပေါ်တွင် တင်ကျန်ရစ်ခဲ့သော နုန်းမြေများအား နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံရွာသူရွာသားများပူးပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့သည်။ (ဓါတ်ပုံ) ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၅ ဦးအား ပုသိမ်မြို့ စစ်မြေပြင်ဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လူအေးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂ ရက်နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဗုံးသီးအဟောင်း ၁၁ လုံးတွေ့ရှိ

ပဲခူး ဩဂုတ် ၃

ပဲခူးမြို့မှ ၁၇ မိုင်ခန့်အကွာ ဆတ်ချောင်းကျေးရွာအနီးရှိ ရော်ဘာခြံအတွင်း၌ ခြံအလုပ်သမားများ ရော်ဘာစိုက်ပျိုးရန်အတွက် မြေတူးဖော်စဉ် အရှည် ၃၆ လက်မ၊ လုံးပတ်ရှစ်လက်မ၊ ထိပ်ဖူးလေးလက်မခန့်ရှိ စစ်ကျန်ဗုံးသီး (လေယာဉ်ပေါ်မှ ပစ်ချသောဗုံး)ဟု ယူဆရသည့် ဗုံးသီးခြောက်လုံးကို တွေ့ရှိရသဖြင့် ဆတ်ချောင်းကျေးရွာ ရာအိမ်မှူးမှတစ်ဆင့် ပဲခူးမြို့အမှတ် (၃) ရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်။ သတင်းအရ ယင်းနေရာသို့ ရဲအုပ်ဇော်လင်းဦးစီးအဖွဲ့များက သွားရောက်ကြည့်ရှုပြီး မသက်ာ၍ဆက်လက်တူးဖော်ခဲ့ရာ နောက်ထပ် ဗုံးသီးငါးလုံးကို ထပ်မံတွေ့ရှိရသဖြင့် ယင်းဗုံးသီး စုစုပေါင်း ၁၁ လုံးအား လုံခြုံမှုရှိစေရန် ဆောင်ရွက်ထားပြီး ပဲခူးမြို့ စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ အပ်နှံနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

ကိုလွင်(ဆွာ)

ဟိုပင်၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ဟိုပင် ဩဂုတ် ၃

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးနှင့် ခြင်အန္တရာယ်နှိမ်နင်းသည့်အနေဖြင့် ရေနုတ်မြောင်းရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့မမြောက်ရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူကြိုကျောင်းနှင့် အထကကျောင်း မြဇေယျာရပ်ကွက်ရှိ အမကကျောင်းများတွင် ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီမှစ၍ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအရာရှိ ဦးစိုးသန်း၊ တာဝန်ခံဆရာဝန် ဒေါက်တာသိန်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ထိုလုပ်ငန်းများကို မြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများသို့ တစ်ပတ်တစ်ကြိမ် အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

ရန်ကုန် ဩဂုတ် ၃

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းဓမ္မလမ်းနှင့် အောင်သိဒ္ဓိလမ်းထောင့်တွင် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ရက် ညနေ ၆ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းဓမ္မလမ်းနှင့် အောင်သိဒ္ဓိ လမ်းထောင့်တွင် ဦးကျော်သင်း (၄၂)နှစ် (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် နေသူသည် မင်းဓမ္မလမ်း လမ်းဘေးပလက်ဖောင်းအတိုင်း လမ်းလျှောက်လာစဉ် မသင်္ကာဖွယ်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ၍ ဘုရင့်နောင်နယ်မြေ ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားရာ ဘုရင့်နောင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်ဝင်းနိုင်နှင့် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ရာ အလျားတစ်ပေခန့်၊ လုံးပတ်ရှစ်လက်မခန့်ရှိ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ် (၉၀၅) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ ဆက်သွယ်အကြောင်းကြားအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။(ယာပုံ) (၀၃၇)

မဟာလှေခါး

ကြက်မအုပ်၊ ကြက်မောက်၊ တောရှောက်ခပေါင်း၊ ထနောင်းနှင့်ထောက်ရှာ၊ ရင်းမာနှင့် ရင်းတိုက်သည် မြေနယ်တစ်ခိုမှာ စာဆို၍စိုက်သည့်နှယ် ပျော်ပိုက်စရာ တောပေပဲဗျာ။

ပင်ထီးပညောင်၊ မြစ်တစ်ထောင်နှင့် မြားမြောင်ခက်လက်ရွက်လည်း စိပ်စိပ် ရိပ်လည်းမြိုင်မြိုင်။

အထက်ရှုပ်အောက်ခြေရှင်း၊ မြေတလင်းသံမွှေ့ရာ၊ နတ်လာလို့ခင်းသည့်နှယ်၊ နေခင်းလဲသာပေ့။

အထက်ပါကဗျာစာပိုဒ် သုံးပိုဒ်မှာ အထက်တန်းပြမြန်မာစာဆရာဘုတလင်ဦးချစ်လေး၏ ကျေးဇူးဖြင့် ခေါင်းထဲတွင် ယနေ့တိုင်စွဲထင်နေသော စာပိုဒ်များဖြစ်ပါသည်။ ကဗျာဆရာလည်းဖြစ်သည့်အလျောက် အပင်၏အမည်များကိုမှတ်သားမိစေခြင်း၊ အပင်တို့၏ ကျေးဇူးတရားကြီးမားပုံ၊ အရိပ်အာဝါသကောင်းပုံကို မျက်စိတွင် မြင်လာစေရန် မြန်မာစာဆိုများဖြစ်ကြသည့် ဦးပုည၊ ဦးကြင်ဥတို့၏ ရသမြောက်သောစာပေများဖြင့် တစ်သက်တာပတ်လုံး စွဲနေသည်ထိ သင်ပေးခဲ့ပါသည်။

အပင်များကို ချစ်တတ်သော စာရေးသူသည် ယခုကဲ့သို့ မိုးရာသီ စိုက်ပျိုးရေးကာလတွင် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် အပင်တစ်မျိုးကို ဓာတ်ပုံနှင့်တကွ တင်ပြလိုက်ပါသည်။

မဟာလှေခါးပင်နှင့် မဟာလှေခါးပွင့်ပုံဖြစ်ပါသည်။ တွေ့ရခဲ၊ မြင်ရခဲသည့် အပင်တစ်မျိုးဖြစ်ပါသည်။ ပွင့်သည့်အချိန်တွင် တစ်ပင်လုံးမြိုင်နေအောင်ပွင့်ပါသည်။ အပွင့်၏အနံ့မှာ သင်းသင်းယဉ်ယဉ်လေး မွှေးပါသည်။ ကြိုင်နေအောင်တော့ မမွှေး၊ ငွားငွားစွင့်စွင့်ပွင့်ရသည့်အပင်ဖြစ်ပါသည်။ ပွင့်ချိန်မှာနွေဦးကာလတွင် ငုစပ်၊ ငုရွှေဝါ၊ စိန်ပန်းတို့နှင့် အပြိုင်ပွင့်ပါသည်။ ပွင့်ချိန်ကာလမှာလည်း သုံးလမျှသာဖြစ်ပါသည်။ မြတ်စွာဘုရားပွင့်တော်မူရာ နှစ်ကျိပ်ရှစ်ဆူပူဇော်ထိုက်သော ဗောဓိပင်နှင့် ရွှေပလ္လင်တွင် စေတီထိုက်သော အပင်တစ်ပင်ဖြစ်ပါသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အနောက်တောင်ထောင့်ရှိ နှစ်ကျိပ်ရှစ်ဆူစေတီတော်များတွင် ဗောဓိ ၂၈ ပင်ကို စိုက်ပျိုးပူဇော်ထားသည်ကို ဖူးမြော်ပူဇော်နိုင်ကြပါသည်။ မဟာလှေခါးဟူသော အပင်၏အမည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ အပွင့်ပုံမှာလည်း အနီးကပ်ကြည့်ပါက ပွင့်လွှာ၊ ပွင့်ဖတ်တည်ရှိနေပုံနှင့် အရောင်အသွေးတို့မှာ တန်ဖိုးကြီးသစ်ခွပန်းများနှင့်ပင် တူပါသည်။

မြန်မာပြည်တွင် ပေါက်ရောက်ဖြစ်ထွန်းလျက်ရှိသည့် ဥယျာဉ်ခြံသီးနှံအပါအဝင် ပန်းအလှပင်များကို မျိုးအလိုက်၊ အစုလိုက် ကွဲကွဲပြားပြား တွေ့ရှိနိုင်ရန် နေပြည်တော်တွင် ဘောဂသီရိကားဝင်းအနီးရှိ ပန်းမြိုင်လယ်ဥယျာဉ်တွင် စိုက်ပျိုးထားသည်ကို အားရဖွယ်ရာတွေ့ရှိရပါသည်။ ယခုကဲ့သို့ မဟာလှေခါးအပင်မျိုးကိုလည်း ထည့်သွင်းစိုက်ပျိုးသင့်ပါကြောင်း အလျဉ်းသင့်၍ တင်ပြရပါသည်။

ဤသို့ အပင်နှင့်ပတ်သက်သည့်ကဗျာစာစုများကို အမှတ်တရရှိနေသည်မှာ ကြက်မောက်ပင်၊ ထနောင်းပင်၊ ရင်းမာပင် စသည်တို့ကို မြင်ဖူး၊ တွေ့ဖူးသော်လည်း ထောက်ရှာပင်၊ ရင်းတိုက်ပင်တို့ကိုမူ မသိရှိပါ။ သို့ဖြစ်သည့်နည်းတူ သိစရာ၊ မှတ်စရာ စိတ်ဝင်စားစရာအပင်အပွင့်များမှာ အပွင့်လှ၊ အမည်ဆန်းမဟာလှေခါးပွင့်၊ မဟာလှေခါးပင်ကို ရွေးထုတ်တင်ပြလိုက်ရပါသည်။

တင်မြင့်(ညောင်ကန်)

နည်းပညာသတင်း

အလုပ်အကိုင်မပျက်သည့် အထူးကား

စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားနေစဉ် အလုပ်မပျက်စေလိုသူများအတွက် ကမ္ဘာကျော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် Mercedes Benz မှ ဖန်တီး ထုတ်လုပ်လိုက်သော iBusiness ကား ပေါ်ထွက်လာသည်။ ပုံတွင်မြင်တွေ့ရသည့်အတိုင်း ကားအတွင်းပိုင်းတွင် မိုဘိုင်းကွန်ပျူတာငယ်များအပါအဝင် ပရင်တာနှင့် စကင်နာများပါ ထည့်သွင်းဖန်တီးထားပြီး နာမည်ကြီး မိုဘိုင်းလုပ်ငန်းစု Apple နှင့် ပူးပေါင်းကာ ကားအတွင်းခန်း ဒီဇိုင်းကိုဖော်ပြထားသည်။ ကားအတွင်း လိုက်ပါစီးနင်းနေချိန်တွင် ရုံးလုပ်ငန်းအများစုကို လုပ်ကိုင်နိုင်မည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးစနစ်များကိုပါ ထည့်သွင်းထုတ်လုပ်ထားသည်ဟု အဆိုပါ နည်းပညာစာမျက်နှာတွင် ဖော်ပြထားသည်။ မိမိ၏ရုံးခန်းအတွင်း အလုပ်လုပ် ကိုင်နေရသကဲ့သို့ပင် လုပ်ငန်းကိစ္စများကို အချိန်ကုန်သက်သာစွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး အကောင်းဆုံး အနေအထားရောက်



အောင် ကြိုးစားဖန်တီးထုတ်လုပ်ထားကြောင်း ထုတ်လုပ်သူတို့ကပြောသည်။ အဆိုပါ မော်တော်ကားအတွင်းပိုင်းကို အကောင်းဆုံးသားရေသားအသုံးပြုထားပြီး အင်တာနက်စနစ်အသုံးပြုနိုင်စေရန်လည်း ဖန်တီးထားသည်။ အင်ဂျင်စွမ်းအားစနစ် အထူးကောင်းမွန်ပြီး သက်သောင့်သက်သာစီးနင်းလိုက်ပါနိုင်ရန် အဆိုပါကားကို ယခင်ထုတ်လုပ်ရောင်းချပြီးသော အဆင့်မြင့်ဇိမ်ခံကားများထက် မနိမ့်ကျစေရန်အတွက် ထုတ်လုပ်ထားသည်ဟုဆိုသည်။ သ က်သောင့်သက်သာစွာဖြင့် ခရီးသွားလာရင်း ကားစီးနင်းနေစဉ် လုပ်ငန်းများကိုလည်း အဆင်ပြေပြီးမြောက်နိုင်သော အဆိုပါကားကို မကြာမီအချိန်တွင် နိုင်ငံတကာကားဈေးကွက်အတွင်းသို့ ရောက်ရှိလာမည်ဟု သိရသည်။

(ALEZ)

မြိတ်ဒေသပင်လယ်သဲ စင်ကာပူသို့တင်ပို့

မြိတ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဆားကျွန်းအနီးပင်လယ်ပြင်၌ ပင်လယ်သဲစုပ်သင်္ဘောများဖြင့် သဲများထုတ်ယူ၍ နိုင်ငံခြားသို့တင်ပို့လျက်ရှိရာ အဆိုပါ ပင်လယ်သဲများကို မြဝတီထရေးဒင်းလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စင်ကာပူနိုင်ငံ အခြေစိုက် Starhigh Asia Pacific Pte.,Ltd.မှ ဝယ်ယူလျက်ရှိပြီး ထပ်မံဝယ်ယူထားသော ပင်လယ်သဲကုဗမီတာ တစ်သန်းအနက်မှ ပင်လယ်သဲကုဗမီတာ ၁၇၅၀၀ သယ်ယူရန် နိုင်ငံခြားသဲတင်သင်္ဘော MV.NIGHT HAWK သည် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက မြိတ်ဒေသ သဲလုပ် ငန်းခွင်သို့ ရောက်ရှိပြီး ဆားကျွန်းအနီးပင်လယ်ပြင်တွင် ကျောက်ချ၍ သက်ဆိုင်ရာဌာနခွဲ၏ စစ်ဆေးခြင်းကို ခံယူပြီး ပင်လယ်သဲကုဗမီတာ ၁၇၅၀၀ တင်ဆောင်လျက်ရှိကြောင်း သိရသည်။

(၂၇၈)

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

ကျူးကျော်ဘော်ဂါကျောက်ပုတီးဝိုင်း ရှင်းလင်းပေးပါ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ် တောင်ဘော်ဂါနှင့် မြောက်ဘော်ဂါကြားရှိ ဘော်ဂါကျောက်ပုတီးဝိုင်းသည် တရားဝင်ကျောက်မျက်ဈေး၌ ရောင်းဝယ်ခြင်းမပြုဘဲ စည်ပင်သာယာလမ်း၊ မြစည်းခုံဘုန်းကြီးကျောင်းရှေ့၊ အမက(၈) ကျောင်းဘေးနေရာများတွင် ကျူးကျော်ဆိုင်ခန်းများဖြင့် ရောင်းဝယ်နေသောကြောင့် လမ်းသွားလမ်းလာများအတွက် အနှောင့်အယှက်ဖြစ်နေပါသဖြင့် အဆိုပါကျူးကျော်ဆိုင်ခန်းများအား ရှင်းလင်းဖယ်ရှားပေးပါရန်တင်ပြလာသောစာ။

မိလ္လာများပြည့်လျှံ အနံ့ဆိုးများနံ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အပိုင် (၂)ရပ်ကွက် ဦးရေခဲလမ်းရှိ အမှတ်(၂၉)အတွင်း၌ အိမ်ငှားများ အသုံးပြုသော လေးခန်းတွဲအိမ်သာများပြည့်လျှံနေပြီး မကြာခဏလူနေရပ်ကွက်အတွင်း မိလ္လာများဖောက်ချသဖြင့် ရပ်ကွက်နေပြည်သူများ မိလ္လာအနံ့ဆိုးများကို ရှူရှိုက်နေရပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ရေမြောင်းများပိတ်ဆို့ ရေလျှံမှုဖြစ်

ပဲခူးမြို့ဘုရားလမ်းနှင့် သနပ်ပင်လမ်းမကြီးများဘေးရှိ ရေမြောင်းများရေစီးရေလာကောင်းမွန်မှုမရှိသောကြောင့် နန်းတော်ရာရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ မော်ကန်၊ ပုဏ္ဏားစုရပ်ကွက်များတွင် နှစ်စဉ်ရေလျှံ၊ ရေဝင်မှုများဖြစ်ပွားလျက်ရှိပါသောကြောင့် ရေမြောင်းများကောင်းမွန်ရေးဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ပစ္စည်းအဟောင်းအရောင်းဆိုင် တိုက်ခန်းမျက်နှာစာပိတ်ဆို့နေ

တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အရှေ့ပင်စင်အနောက်မြို့ပတ်လမ်း ရှမ်းရိုးမတိုက်တန်း အခန်းအမှတ် (၃၂)ရှိ ပစ္စည်းဟောင်း အရောင်းအဝယ်ပြုလုပ်သောဆိုင်တစ်ဆိုင်မှ ပစ္စည်းအဟောင်းများကို တိုက်ခန်းရှေ့မျက်နှာစာလူသွားလမ်းပေါ်တွင်စုပုံထားရာ လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ကြုံရခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့ ဖြစ်ပေါ်စေပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ပိုင်ရှင်မဲ့ခွေးများရှင်းပေးစေလို

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ စနေလမ်း၊ ဗုဒ္ဓဟူးလမ်းထိပ်၊ ၁ လမ်းထိပ်၊ ၂ လမ်း၊ ၃ လမ်းထိပ်နှင့် ဘုရားလမ်းတို့တွင် ပိုင်ရှင်မဲ့ခွေးများ ပေါများနေပါသည်။ အဆိုပါခွေးများသည် လမ်းသွားလမ်းလာများနှင့် ကျောင်းသားကျောင်းသူများအား လိုက်လံကိုက်ခြင်း၊ ရန်မူခြင်း၊ ဟောင်ခြင်းများပြုလုပ်လျက်ရှိပါသောကြောင့် သက်ဆိုင်ရာက ရှင်းလင်းပေးပါရန် တင်ပြလာသောစာ။

ပလတ်စတစ်ကော်ရည်ကျိုလုပ်ငန်း ဆောင်ရွက်ပြီးစီး

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ရွက်လှလမ်းရှိ ပလတ်စတစ်ကော်ရည်ကျိုလုပ်ငန်းများအား ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး ခွင့်ပြုချက်လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေမှုကြောင့် အဆိုပါပလတ်စတစ်လုပ်ငန်းများအား လျှပ်စစ်ဓာတ်အားဖြတ်တောက်၍ အရေးယူဆောင်ရွက်ထားပြီးဖြစ်ကြောင်း သက်ဆိုင်ရာက ပြန်လည်ပေးပို့လာသောစာများပင်ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၈-၂၀၁၃ (တနင်္ဂနွေနေ့)

၅:၄၀	“မင်္ဂလာရှစ်ပါးတံတား” တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၃:၁၀	ဗီဒီယိုပြခန်း
၆:၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “မျက်နှာဖုံးချစ်သူ” (အပိုင်း-၃၃)
၈:၁၅	Sunday Talk (ဦးသိန်းဝင်း၊ မျိုးမြတ်သူ)
၈:၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးမှုကမ္ဘာ” (အပိုင်း-၁၄)

ယာဉ်အမျိုးအစားလိုက် အင်္ဂလိပ်အက္ခရာနှင့် ဒေသကုပ်ပုံစံသစ်များ ထွက်ရှိ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံတွင်အသုံးပြုနေသော ယာဉ်အသီးသီး အင်္ဂလိပ်အက္ခရာနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကုပ်များကို ပြောင်းလဲနမူနာပုံစံအား နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပြန်လိုက်သည်။ ယင်းနမူနာပုံစံများတွင် သာမန်အိမ်စီးကား၊ ဗုဒ္ဓဘာသာကျောင်းတိုက်ယာဉ်များ၊ သံတမန် အခွင့်အရေးရ သံရုံးပိုင်ယာဉ်၊ သံတမန်အခွင့်အရေးမရယာဉ်၊ ကုလသမဂ္ဂ အဖွဲ့အစည်းဆိုင်ရာယာဉ်၊ နိဗ္ဗာန်ယာဉ်၊ ခရီးသွားလုပ်ငန်းယာဉ်များ၊ စက်ယန္တရားများယာဉ်နံပါတ်ပုံ၊ သုံးဘီးယာဉ်များနံပါတ်ပြားပုံ၊ စက်မှုဇုန်ထုတ် ယာဉ်များ နံပါတ်ပြားပုံနှင့် ထော်လာဂျီနံပါတ်ပြားပုံများပါဝင်သည်။

ဇူလိုင် ၃၁ ရက်တွင် ကနဦးနောက်ဆုံးရောက်ရှိနံပါတ် 5F/9397၊ CC3624 ဖြစ်ပါသည်။ ဇူလိုင် ၃၁ ရက်တွင် ကနဦးမှတ်ပုံတင်ပေးပြီး လူစီးယာဉ် ၁၂၄ စီး၊ ကုန်တင်ယာဉ် ရှစ်စီး စုစုပေါင်းအစီးရေ ၁၃၂ စီးအား ကနဦးမှတ်ပုံတင်ခဲ့ပါသည်။ ယာဉ်များတွင်မူသေနံပါတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသသင်္ကေတရောင်ပြန်စတစ်ကာများတပ်ဆင်ခြင်းကို ဇူလိုင် ၈ ရက်မှစ၍စတင်ဆောင်ရွက်မည်ဟု အသိပေးကြေညာခဲ့သည်။

ယာဉ်နံပါတ်များမှာ ကားအသုံးပြုမှုပေါ်မူတည်ပြီး အင်္ဂလိပ်အက္ခရာ ဒေသဆိုင်ရာကုပ်ဖြစ်သော (YGN. MDY.BGO) စသည့်ကုပ်တပ်ခြင်းနှင့် ၄စ/၈၀၀၀ မှစတင်၍ (4F/8000)အဖြစ်ပြောင်းလဲကာ နံပါတ် YGN (RGL-2500)ဖြစ်ပြီး အဝါရောင်အောက်ခံနံပါတ်ပြား၊ စက်ယန္တရားများ၏နံပါတ်ပြားပုံစံမှာ အနီရောင်အောက်ခံ YGN (HMA-1234)ဖြစ်ပြီး သံတမန်အခွင့်အရေးရ သံရုံးပိုင်ယာဉ်နံပါတ်ပြား အဖြူရောင်အောက်ခံ YGN (CD-1-12)၊ သံတမန်အခွင့်အရေးမရသံရုံးပိုင်ယာဉ် အဖြူရောင်အောက်ခံ YGN (1-1001)၊ ကုလသမဂ္ဂအဖွဲ့အစည်း နံပါတ်ပြားများမှာ အဖြူရောင်အောက်ခံ YGN (UN-1-15)၊ နိဗ္ဗာန်ယာဉ်နံပါတ်ပြား အနက်ရောင်အောက်ခံ YGN(HSE 120)နှင့် ခရီးသွားလုပ်ငန်းယာဉ်များမှာ အပြာရောင်အောက်ခံ NPW(4F-8000) စသဖြင့်ထားရှိသွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်ယာဉ်မှ နဂိုအနက်ရောင်နှင့် အငှားယာဉ်များမှာ အနီရောင်စသဖြင့်ဖော်ပြထားသည်။ စက်မှုဇုန်ထုတ်ယာဉ်များအား MDY(8K-5678)၊ သုံးဘီးယာဉ်နံပါတ်ပြားပုံမှာ YGN (5U-3268) နှင့် ထော်လာဂျီများကို BOG (9V-5678)စသဖြင့် သတ်မှတ်ထားသည်ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။ **(ကြည်-ရန်ကင်း)**

ဒလ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ဒလ ဩဂုတ် ၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုတတ်စေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့စု အမှတ်(၄၉)၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ နယ်မြေစုမှူး ဒုတိယရဲမှူးအေးဝင်းနှင့် တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်မွန်းလွဲ ၂ နာရီခွဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ကမာကဆစ်ရပ်ကွက် မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နယ်မြေစုမှူး ဒုတိယရဲမှူးအေးဝင်း၊ ယာဉ်ထိန်းရဲအုပ် အောင်ကျော်မိုးနှင့် ရဲအုပ်မျိုးအောင်တို့က ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ သိကောင်းစရာများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ အသုံးပြုမှုကို ခွဲခြားသုံးစွဲနိုင်ရန် သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့သည်။

သန်းဌေး(ဒလ)

ဘုရင့်နောင် အဝေးပြေး ကုန်တင်ယာဉ်ဝင်း စည်းကမ်းရှိစေချင်

ရန်ကုန် ဩဂုတ် ၃

ဘုရင့်နောင်ကားပစ္စည်းဈေးဝင်းဘေးရှိ ရိုးကြီးချောင်းတစ်ဖက်ကမ်း အင်းစိန်မြို့နယ် ယခင် ၈၀ ယာဉ်လိုင်း ကားဝင်းအတွင်း ဩဂုတ် ၁ ရက် ည ၉ နာရီဝန်းကျင်တွင် ညအိပ်ရပ်နားထားသော အဝေးပြေးကုန်တင်ယာဉ် အချို့မှ ယာဉ်လုပ်သားများနှင့် ယင်းဝင်းအနီးတွင် လူငယ်အချို့ စကားများရန်ဖြစ်ကြရာမှ ရိုက်နှက်မှုဖြစ်သည်အထိ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပွားပြီးနောက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညအိပ်ရပ်နားသော မြစ်ဝကျွန်းပေါ်ဒေသ ယာဉ်အချို့မှာ ယာဉ်လုပ်သားအစုအဝေးအချို့နှင့် ရိုးကြီးချောင်းပတ်လမ်း ဝင်ပေါက်အနီးတွင် ထပ်မံရန်ပွဲဖြစ်ပွားပြီး ယင်းရိုက်နှက်မှုတွင် ပါဝင်သော လူငယ်တစ်ဦးမှာ ခတ္တာလမ်းမှတစ်ဆင့် ဘုရင့်နောင်ပွဲရုံဝင်း အကျိုးဆောင်ရုံးအနီးရှိ ဓမ္မာရုံဝင်းအတွင်း ဝင်ရောက်ခဲ့ကြောင်း၊ အကျိုးဆောင်အဖွဲ့မှ တာဝန်ရှိသူနှင့်အဖွဲ့မှလူစုလူဝေးကို မေတ္တာရပ်ခံညှိနှိုင်းပေးခဲ့ကြောင်း၊ ယင်းလူစုလူဝေးတွင် ပါဝင်သော ယာဉ်လုပ်သားအများစုကို သက်ဆိုင်ရာကားဂိတ်ပိုင်ရှင်မှ ပြန်လည်ထိန်းသိမ်းခေါ်ဆောင်ပေးသဖြင့် ည ၁၂ နာရီဝန်းကျင်တွင် အေးဆေးစွာပြီးဆုံးခဲ့ကြောင်း အကျိုးဆောင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပုဂ္ဂလိကပွဲရုံလုပ်ငန်းရှင်များမှ ကောက်ခံထားသောငွေဖြင့် ခန့်ထားသော လုံခြုံရေးဝန်ထမ်း ၈၀ ခန့်ဖြင့် ညပိုင်းစောင့်ရှောက်နေသကဲ့သို့ ယာဉ်ဝင်ခွင့်ကောက်ခံရေးဝင်ပေါက်များမှသာ ဝင်၊ ထွက် နိုင်သည့်အတွက် ပွဲရုံဝင်းလုံခြုံရေးကို ယခုထက်ပိုမိုဆောင်ရွက်ပေးသင့်ကြောင်း၊ ၄၀' × ၆၀' ကိုက်တစ်ကိုက်လျှင် အခန်းနှစ်ခန်းရှိရာ တစ်ခန်းလျှင် လုံခြုံရေးအတွက် တစ်နှစ်လျှင် ကောက်ခံငွေ ကျပ်ခြောက်သောင်းနှုန်းဖြင့် ကောက်ခံထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် သန့်ရှင်းရေး၊ လုံခြုံရေးအတွက် ကောက်ခံငွေများ ပေးဆောင်ထားသကဲ့သို့ ဝင်းအတွင်းရှိ အဝေးပြေးကုန်တင်ယာဉ်များနှင့် ကားဂိတ်များမှ လုပ်သားများ စည်းကမ်းရှိစွာ သွားလာလုပ်ကိုင်ရေးအတွက် ကားဂိတ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ ညအချိန် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အေးချမ်းသာယာစွာ လုပ်ကိုင်နိုင်မည်ဟု ပွဲရုံဝင်းအတွင်းနေ လူအများက ဆိုသည်။ **(မောင်စေအောင်)**

Vogue မဂ္ဂဇင်း၏ အလှဘုရင်မ ဘောလိဝုဒ်သရုပ်ဆောင် ဆိုနမ်ကပူး

ဘောလိဝုဒ်မော်ဒယ်နှင့် သရုပ်ဆောင် ဆိုနမ်ကပူး။

အိန္ဒိယနိုင်ငံထုတ် Vogue ဖက်ရှင်နှင့် Lifestyle မဂ္ဂဇင်းက ဘောလိဝုဒ်မော်ဒယ်နှင့် သရုပ်ဆောင် ဆိုနမ်ကပူးအား ၂၀၁၃ ခုနှစ်၏ Vogue မဂ္ဂဇင်း၏ အလှဘုရင်မ Beauty of the Year အဖြစ် သတ်မှတ်ဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် Best Debutant အဖြစ် မော်လ်ဒယ်နှင့်သရုပ်ဆောင် Alia Bhatt Alia Bhatt၊ ဆွဲဆောင်မှုအရှိဆုံး အမျိုးသားအဖြစ် အိန္ဒိယသရုပ်ဆောင် ရန်ဗီယာဆင်းန်၊ အကောင်းဆုံး မော်လ်ဒယ်အဖြစ် Pallavi Das တို့အား ဂုဏ်ပြုပေးခဲ့သည်။

အနုပညာမျိုးရိုးရှိပြီး ဝါရင့်မော်လ်ဒယ်တစ်ဦးဖြစ်သည့် ဆိုနမ်ကပူးသည် ၂၀၀၇ ခုနှစ်မှစတင်ကာ သရုပ်ဆောင်လောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကမ္ဘာ့အကြီးဆုံးအလှကုန်ကုမ္ပဏီတစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံထုတ် L'Oréal အလှကုန်၏ နိုင်ငံတကာ အသိအမှတ်ပြု ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံထားရသူလည်း ဖြစ်သည်။

အောင်မြင်သောအဆိုတော်ဖြစ်လာမှ သရုပ်ဆောင်ခွင့်ရရှိခဲ့သူ BoA

ကေပေ့ါပ်ဘုရင်မတစ်ပါးအဖြစ် တောင်ကိုရီးယား၊ ဂျပန်နှင့် ဟောလိဝုဒ်တို့တွင် နာမည်ကြီးလာခဲ့သူ အဆိုတော် နှင့်သရုပ်ဆောင် BoA က သရုပ်ဆောင်တစ်ဦးဖြစ်လာရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပါသော်လည်း အကြိမ်ကြိမ် ငြင်းပယ်ခံခဲ့ရကြောင်းနှင့် အောင်မြင်သည့် အဆိုတော်တစ်ဦးဖြစ်လာမှသာ သရုပ်ဆောင်လောကသို့ ခြေဦးလှည့်နိုင်ခဲ့ပြီး သရုပ်ဆောင်ခွင့်များ ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

သရုပ်ဆောင် BoA က အလွန်အောင်မြင်သည့် အဆိုတော် တစ်ဦးဖြစ်လာမှသာ အချိန်ကြာမြင့်စွာ ကြိုးစားခဲ့ရသည့် သရုပ်ဆောင်ခွင့်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအတွက် လွန်ခဲ့သည့် ၁၃ နှစ်ခန့်က မိမိဘဝကြီးကိုပင် စိတ်ကုန်မိ ခဲ့ကြောင်း၊ နောက်ဆုံးမှာတော့ ဟောလိဝုဒ် ဇာတ်ကားတစ်ကားဖြစ်သည့် Make Your Move 3D ဇာတ်ကားတွင် Aya အဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရရှိခဲ့ပြီဖြစ်ရာ ယင်းဇာတ်ကားကို မကြာမီက ဥရောပတွင် စတင်ပြသလျက်ရှိပြီး ကိုရီးယားတွင် ပြသမည့်ရက်စွဲအတိအကျကိုမူ မသိရသေးကြောင်း အက်စ်ဘီအက်စ်ရုပ်သံဇာတ်လမ်းတွဲ၏ ဆွေးနွေးခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့အပြင် ရှေ့လတွင် စတင်ပြသရန်စီစဉ်ထားသည့် Hope for Love အမည်ရှိ ကေဘီအက်စ် ရုပ်သံဇာတ်လမ်းတွဲ နှစ်တွဲတွင်လည်း BoA ၏ သရုပ်ဆောင်အရည်အသွေးကိုပြသရန် အခွင့်အရေး ထပ်မံရရှိဦးမည် ဖြစ်သည်။

I Hear Your Voice ရုပ်သံဇာတ်လမ်းတွဲ အောင်မြင်မှုအတွက် ထိုင်းနိုင်ငံတွင် ပျော်ပွဲရှင်ပွဲ ကျင်းပမည်

ဇွန် ၅ ရက်မှ ဩဂုတ် ၁ ရက်အထိ အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် I Hear Your Voice တောင် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ၏ အဆုံးသတ်ပျော်ပွဲရှင်ပွဲကို ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် သရုပ်ဆောင်များအားလုံး ပါဝင်ကာ ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား မစတင်မီကတည်းက ကြည့်ရှုသူပရိသတ်များ၏ကြိုက်နှစ်သက်မှုရာခိုင်နှုန်း ၁၅ ရာခိုင်နှုန်းထက် ကျော်လွန်ပါက ယင်းကဲ့သို့ပျော်ပွဲရှင်ပွဲများပြုလုပ်ပေးရန် စီစဉ်ထားခဲ့ရာ ယခုအခါ ယင်းဇာတ်ကားကို ပရိသတ်နှစ်သက်အားပေးမှုမှာ ၂၀ ရာခိုင်နှုန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

I Hear Your Voice ဇာတ်ကားတွင် သရုပ်ဆောင် Lee Jong-suk က အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ထားပြီး လီဘိုယောင်း၊ ယွန်စံဟွန်းတို့လည်းပါဝင်သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကား၏ အဆိုပါပျော်ပွဲရှင်ပွဲခရီးစဉ်နှင့်ပတ်သက်ပြီး အခြားသောအသေးစိတ်စီစဉ်မှုများကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် – စုစည်းရေးသားသည်

သာစည်မြို့နယ်အသင်း(ရန်ကုန်)
(၁၂)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

သာစည်မြို့နယ်အသင်း(ရန်ကုန်)မှ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် (၁၁) ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်းရှိ အောင်ချမ်းသာကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သာစည်မြို့နယ်ဖွား ရန်ကုန်မြို့တွင် သီတင်းသုံးနေထိုင်သော ကျောင်းထိုင်ဆရာတော်ကြီးများ၊ ဓမ္မကထိက သာသနာ့ဆရာတော်ကြီးများကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရန်ကုန်ရောက် သာစည်မြို့ နယ်သူ/သား မိသားစုများတက်ရောက်ဖူးမျှော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အလုပ်အမှုဆောင်အဖွဲ့)
သာစည်မြို့နယ်အသင်း(ရန်ကုန်)

မြေကွက်ရောင်းမည်

သမိုင်းလမ်းဆုံအနီး (လမ်းသွယ်) 34'×99'(ဘိုးဘွား) သိန်း (2600)၊ ညှိနှိုင်း 'ဇလပ်ပွင့်' အိမ်၊ ခြံ၊ မြေ။
ဖုန်း- ၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၂) မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြိမ်ပင်ဆည်- စကြော့-ခနေဖြူ- ဇလွန်လမ်း(ပြင်/ထိန်း)လုပ်ငန်းအတွက် လိုအပ်သည့် လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	ပေးသွင်းရမည့်နေရာ
(၁)	၆"-၉"(ညောင်ခြေထောက်)	(၆၇၀) ကျင်း	
(၂)	၁/၂"-၃/၄" ကျောက် (မန္တလေး)	(၁၂) ကျင်း	ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း
(၂)	ကျောက်စရစ်	(၁၃၅) ကျင်း	
(၃)	မြစ်သဲ	(၁၃၀)ကျင်း	

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၄-၈-၂၀၁၃ ရက်၊ ၁၃း၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း မိုင်(၄/၂)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂) လုပ်ငန်းခွင်စခန်းရုံး၊ ညောင်တုန်းမြို့။
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၄-၈-၂၀၁၃ ရက်၊ ၁၄း၃၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၂)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့တွင် ၅-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့ (၂)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၁-၆၃၆၄၀၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စက်မှုမြေကွက်များလေလံတင်ငှားရမ်းရေးအဖွဲ့
လေလံအစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)၊ (အင်းဝလမ်းနှင့် ရန်ကုန်- မန္တလေး မီးရထားလမ်းဘေးရှိ) စက်မှုဇုန်မြေကွက် (၂၉) ကွက်၊ ခန့်မှန်းခြေ မြေဧရိယာ (၆၁. ၅၉၂) ဧကအား ငှားရမ်းအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသား လုပ်ငန်းရှင်များအား လေလံစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ ပါဝင် ဆောင်ရွက်မည့် နိုင်ငံသား/ နိုင်ငံခြားသားလုပ်ငန်းရှင်များက အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) စိတ်ဝင်စားကြေးအဖြစ် ငှားရမ်းဆောင်ရွက်မည့် (၁) ဧကအတွက် ကျပ်သိန်း(၁၀၀) နှုန်း ပေးသွင်းရပါမည်။။
(ခ) အကွက်အမှတ်(၁၈၅)မှ (၁၉၇) အထိ (၁၃) ကွက်၊ မြေ(၂၇. ၅၁၈) ဧကကို တစ်ပေါင်းတည်း တစ်ကွက်တည်း သတ်မှတ်၍ လေလံတင် ငှားရမ်းပါမည်။
(ဂ) ကျန်မြေ (၃၄. ၀၇၄) ဧကအား (၁၆)ကွက်အဖြစ် သတ်မှတ်၍ တစ်ကွက်ချင်းလေလံတင် ငှားရမ်းပါမည်။
(ဃ) နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ မည်သူမဆို လေလံဆွဲငှားရမ်းခွင့်ရှိပါသည်။
(င) လေလံအောင်မြင်ပြီးသော နိုင်ငံခြားသားလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရရှိမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။
(စ) လေလံအောင်မြင်ပြီးသူများသည် (၅)နှစ်အတွင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မြေကွက်များအား အမည်ပြောင်းလဲခွင့်မရှိဘဲ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ တင်ပြလျှောက်ထား၍ ဆောင်ရွက်နိုင်ပါသည်။
(ဆ) လေလံအောင်မြင်သူများအနေဖြင့် စာချုပ်ချုပ်ဆိုသည့်အချိန်မှ (၃)လအတွင်း စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၂။ ၄-၉-၂၀၁၃ ရက်တွင် လေလံပြိုင်ပွဲ ကျင်းပပါမည်။
၃။ လေလံစည်းကမ်းချက်များကို ၇-၈-၂၀၁၃ ရက်မှ ၃-၉-၂၀၁၃ ရက်အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဌာနစု (၂) တွင် ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၀၁၃၇၀၊ ၀၁-၂၀၇၅၃၉ သို့ ဆက်သွယ်နိုင်ပါသည်။

အသိပေးကြေညာခြင်းနှင့် အများသိသာစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ ကမ်းနားလမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးသော်(ခ) ဦးရှမ်းဗိုလ်[၁၂/ဥကမ(နိုင်)၁၆၀၅၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသော်(ခ) ဦးရှမ်းဗိုလ်သည် ဝါးခယ်မမြို့တွင် "ဦးရှမ်းဗိုလ်မိသားစု"အမည်နှင့် "ရွှေအိမ်စည်" အမည်များဖြင့် အောက်ဖော်ပြပါ နေရာများတွင် မိမိတစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် ကောင်းသတင်းဖြင့် အောင်မြင်ကျော်ကြားလျက်ရှိပါသည်။

၁။ "ဦးရှမ်းဗိုလ် မိသားစု"အအေးနှင့်ယမကာမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း၊ ကမ်းနားလမ်း၊ ဆေးရုံရပ်ကွက်၊ ဝါးခယ်မမြို့။
၂။ "ဦးရှမ်းဗိုလ် မိသားစု" အအေးနှင့်ယမကာမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း၊ ခေါက်ဆွဲတန်းလမ်း၊ ဈေးရပ်ကွက်၊ ဝါးခယ်မ မြို့မဈေးကြီးအတွင်း၊ ဝါးခယ်မမြို့။
၃။ "ရွှေအိမ်စည် (I)" စားသောက်ဆိုင်လုပ်ငန်း၊ ကမ်းနားလမ်း၊ ဈေးရပ်ကွက်၊ ဝါးခယ်မမြို့။
၄။ "ရွှေအိမ်စည် (II)" စားသောက်ဆိုင်လုပ်ငန်း၊ မြူရုံလမ်း၊ ရွာလယ်ရပ်ကွက်၊ ဝါးခယ်မမြို့။
၅။ ဝါးခယ်မမြို့နယ်အတွင်းရှိ ဦးအောင်မျိုးသော်(ခ)ဦးရှမ်းဗိုလ် ပိုင်ဆိုင်ပြီး ပတ်သက်ဆက်နွှယ်သော ယစ်မျိုးလိုင်စင်(C)များအားလုံး။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသော်(ခ)ဦးရှမ်းဗိုလ်၏ အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ငန်းများ၏အမည်ကို အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေကြေးတောင်းယူခြင်း၊ ကောက်ခံခြင်းများ၊ မကောင်းသတင်းဖြန့်ခြင်း၊ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်း ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် လုပ်ငန်းများကြန့်ကြာစေရန် နှောင့်ယှက်ခြင်းများကို မပြုလုပ်ပါရန် သတိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းပိုင်ဆိုင်သော အထက်ပါလုပ်ငန်းများနှင့်ပတ်သက်ပြီး ဦးအောင်မျိုးသော်(ခ)ဦးရှမ်းဗိုလ်၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ပြုလုပ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေကြေးနှင့် လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် လုပ်ငန်းများနှင့်ပတ်သက်၍ သတိပေးတားမြစ်ချက်ကို မလိုက်နာဘဲ ဆက်လက်ပြုလုပ်ဆောင်ရွက်နေပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိစံ **(LL.B)**
အထက်တန်းရှေ့နေ

ဦးထွန်းနိုင်အောင် **(LL.B, C.B.L)**
အထက်တန်းရှေ့နေ (စဉ်- ၃၀၂၈၂)
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ၊
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း- ၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ကာတာနီးယား တောင်ပံကစားသမားဂိုမက်ဇ် မက်တဲလစ်ကာကစ်အသင်းသို့ ပြောင်းရွှေ့

ယူကရိန်းကလပ် မက်တဲလစ်ကာကစ်အသင်းသည် အီတလီစီးရီးအေကလပ် ကာတာနီးယားအသင်းမှ တောင်ပံကစားသမား အယ်လီဂျန်ဒရိုဂိုမက်ဇ်အား ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် (၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂိုမက်ဇ်သည် ယူကရိန်းကလပ် မက်တဲလစ်ကာကစ်အသင်းသို့ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

တောင်ပံကစားသမား ဂိုမက်ဇ်အား မက်တဲလစ်ကာကစ်အသင်းအပါအဝင် အင်တာမီလန်၊ ဖီအိုရင်တီးနား၊ အက်သလက်တီကိုမက်ဒရစ် စသည့်အသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားနေခဲ့သော်လည်း မိမိစိတ်ဝင်စားရာ မက်တဲလစ်ကာကစ်အသင်းကိုသာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း အယ်လီဂျန်ဒရိုဂိုမက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာမီလန်၊ ဖီအိုရင်တီးနားနှင့် အက်သလက်တီကိုမက်ဒရစ်တို့၏ စိတ်ဝင်စားမှုကို သိရှိသော်လည်း မက်တဲလစ်ကာကစ်အသင်းသည် ယူကရိန်းပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းနိုင်သည့်အသင်းဖြစ်၍ ယခုကဲ့သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း အယ်လီဂျန်ဒရိုဂိုမက်ဇ်က အသင်း၏ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

စပါး၌သာ ဆက်နေရန် ဂါရတ်ဘေးလ်အား ဆိုလ်ဒါဒိုတောင်းဆို

တော့တင်ဟမ်ဟော့စပါးအသင်းမှ ယခုနှစ်အတွင်း ခေါ်ယူထားသော တိုက်စစ်မှူးဆိုလ်ဒါဒိုသည် ဂါရတ်ဘေးလ်အား စပါးအသင်း၌သာ ဆက်နေရန်တောင်းဆိုခဲ့သည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေသည့်အပြင် ပေါင်သန်း ၁၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ရန်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပါးအသင်းတို့ သဘောတူညီထားပြီဖြစ်သည်။

သို့ရာတွင် ဂါရတ်ဘေးလ်အနေဖြင့် ရီးယဲလ်မက်ဒရစ်၏ ခေါ်ယူမှုကို ပယ်ဖျက်ကာ ဝိုက်ဟတ်လိန်း၌သာ ဆက်နေစေလိုကြောင်း စပါးကစားသမားသစ် ဆိုလ်ဒါဒိုက ဆိုသည်။

ဗလင်စီယာ တိုက်စစ်မှူးဟောင်း ဆိုလ်ဒါဒိုသည် ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းဝန်းကျင်ဖြင့် ပရီမီယာလိဂ်ကလပ် စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး တောင်ပံကစားသမား ဂါရတ်ဘေးလ်နှင့်အတူ တွဲဖက်ကစားရန် ဆန္ဒရှိနေခြင်းကြောင့် ဂါရတ်ဘေးလ်အား စပါး၌ ဆက်နေရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

နိုင်လင်းဖြည်

ဖာဘရီဂတ်စ်အတွက် ဘာစီလိုနာ၌သာ အနာဂတ်ဆက်ရှင်သန်ရန် ဆုံးဖြတ်ရမည်ဟုဆို

ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် ဩဂုတ် ၂ ရက်က ဘာစီလိုနာအသင်းနှင့် ဆန်းတို့စ်အသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ၎င်း၏အနာဂတ်ကို ဘာစီလိုနာအသင်း၌သာ ဆက်လက်ရှင်သန်ရန် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ မာတီနိုက ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၏ စိတ်ဝင်စားမှုခံထားရသူဖြစ်ပြီး မန်ယူအသင်းကလည်း ဖာဘရီဂတ်စ်အား ခေါ်ယူနိုင်ရေးအတွက် နောက်ဆုံးအနေဖြင့် ယူရိုသန်း ၄၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

သို့ရာတွင် ဘာစီလိုနာအသင်းက ဆန်းတို့စ်အသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ခြေစမ်းပွဲစဉ်အပြီးတွင်

ဖာဘရီဂတ်စ်အနေဖြင့်နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာ အသင်းနည်းပြမာတီနိုက ဖာဘရီဂတ်စ်အား ဘာစီလိုနာတွင် ဆက်နေစေရန် ဆန္ဒရှိကြောင်းကတိပြု ပြောကြားခဲ့သည်။

ထို့အပြင် ဖာဘရီဂတ်စ်မပါခဲ့ပါက ဘာစီလိုနာအသင်းအတွက် မတွေးဝံ့စရာဖြစ်ကြောင်း၊ ထို့ကြောင့် အသင်း၏ အကောင်းဆုံးကစားသမားတွေထဲမှ တစ်ဦးအပါအဝင်ဖြစ်သည့် ဖာဘရီဂတ်စ်အား ဘာစီလိုနာအသင်းမှ ထွက်ခွာရန် မလိုလားကြောင်း နည်းပြမာတီနိုက သတင်းထောက်များကို ပြောကြားခဲ့သည်။

Required a qualified and experienced person to teach English to the IGCSE class.

Contact

Ph: 09-73056755





အမည်ပြောင်းခြင်း

ကော့မှူးမြို့နယ်၊ မဝန်းကျေးရွာနေ (ဘ) ဦးအောင်ဌေး၏သမီး မစန္ဒာအေးအား မစန္ဒာအေး(ခ) မစန္ဒာဌေး[၁၂/ကမန(နိုင်)၀၈၁၀၉၉] ဟု ပြောင်းလဲခေါ်ပါရန် ကြေညာအပ်ပါသည်။ **မစန္ဒာအေး(ခ)မစန္ဒာဌေး**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုရန် လိုအပ်သော Spider Camera ဝယ်ယူရန်/ငှားရန်အလိုရှိသည်

၁။ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၁၁-၁၂-၂၀၁၃ ရက်နေ့နှင့် ၂၂-၁၂-၂၀၁၃ ရက်နေ့တို့တွင် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပဆောင်ရွက်မှုများကို အနီးကပ်လှုပ်ရှား ရိုက်ကူးတင်ဆက်နိုင်ရန်အတွက် ကောင်းကင်ကြိုးတပ်လှုပ်ရှား Spider Camera အသုံးပြုဆောင်ရွက်မည်ဖြစ်၍ ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၅-၈-၂၀၁၃ ရက်နေ့မှ ၁၅-၈-၂၀၁၃ ရက်နေ့အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို ၃၁-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းခြင်းလုပ်ငန်းအတွက် အာမခံကြေး ကျပ်သိန်း ၅၀ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနတွင် ပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ တင်ဒါမအောင်မြင်သူများကို အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ပါက အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုပါ။ တင်ဒါဝင်ရောက်တင်သွင်းခြင်း မပြုသူများကိုလည်း အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းမပြုပါ။

(ခ) ဝန်ဆောင်မှုပေးမည့် ကင်မရာ၏ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမျိုးအစား၊ စွမ်းရည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ဂ) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးနိုင်မည့် အသေးစိတ် အချက်အလက်နှင့် လုပ်ငန်းအတွေ့အကြုံများကို ပူးတွဲတင်ပြရမည်။ မြန်မာကုမ္ပဏီကြားခံတင်ပြခြင်းဖြစ်ပါက ကုမ္ပဏီ၏ ခိုင်မာမှု၊ ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ ရုံးဖွဲ့စည်းမှုတို့ကို လိုအပ်ပါက တောင်းခံပါမည်။

(ဃ) ဈေးနှုန်း တင်သွင်းလွှာကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ ရက်အတွင်း ဝန်ဆောင်မှုတန်ဖိုး ငွေပမာဏ၏ ၁၀ရာခိုင်နှုန်းနှင့် ညီမျှသော ငွေအတွက် ခိုင်မာသော ဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(မှတ်ချက်) (၁) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုဈေးနှုန်း ကြမ်းခင်းဈေးကို သိပြီးဖြစ်၍ ကြမ်းခင်းဈေးထက် ကျော်လွန်နေသည့် တင်ပြလျှောက်လွှာများကို လုံးဝ စဉ်းစားလိမ့်မည် မဟုတ်ပါ။

(၂) နောက်ဆုံးကျန် ကုမ္ပဏီ (၂)ခုကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ၍ ဈေးပြိုင်စေမည်ဖြစ်ပါသည်။

၂။ အသေးစိတ် သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အများသိစေရန်ကြေညာခြင်း

၁။ "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ ပါမောက္ခလမ်းသွယ်၊ အမှတ်-၁၅၉(က)"ဟု ခေါ်တွင်သော ကွင်းအမှတ်(၁၉)၊ ကွင်းအမည်(သမိုင်း)၊ ဦးပိုင်အမှတ်(၂၅/က)၊ အကျယ်အဝန်းအားဖြင့် ပျမ်းမျှ အလျား(၁၁၉ ပေ)× အနံ (ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံဟောင်းတစ်လုံးတို့ကို ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိသည်ဟုဆိုသော ဦးသတိုးအောင်(PGU- 054364)နှင့် ဒေါ်မြကြည်ကြည်(PGU-123591) တို့ထံမှ ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်ပိုင်ခွင့်စွမ်းအားရှိသည့် ခိုင်လုံသောအထောက်အထားမူရင်းများရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ရုံးချိန် အတွင်း ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

၃။ အကယ်၍ သတ်မှတ်ကာလထက် ကျော်လွန်သွားသည့်အခါ ကန့်ကွက်မည့်သူ တစ်စုံတစ်ယောက်မျှ ပေါ်ပေါက်လာခြင်းမရှိပါက ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမြင့်

B.Sc,(Geol),H.G.P,R.L, D.B.L,D.M.L, D.I.L

WIPO (SWITZERLAND)

တရားလွှတ်တော်ရှေ့နေ (၆၃၉၉)

(ရုံး)အမှတ်(၇၇)၊ ပထမထပ်၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၂၉၅၈၂၄၊ ၀၉-၅၀၇၉၄၈၆၊ ၀၉-၄၉၇၄၄၃၃၂



ကော့သောင်းမြို့တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ကော့သောင်း ဩဂုတ် ၃

ကော့သောင်းမြို့တွင် ဇူလိုင် ၂၅ ရက်က WYစာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

ကော့သောင်း မူးယစ်(အထူးအဖွဲ့) မှ ရဲအုပ်သိန်းဌေးဦးနှင့်အဖွဲ့သည် ဇူလိုင် ၂၅ ရက် ည ၇ နာရီခွဲက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ကျားပါးစပ်လမ်း ဦးစိန်ဂါးဂိုဒေါင်ရှေ့တွင်ရပ်ထားသည့် ဟွန်ဒါ WAVE 100S (လိုင်စင်မဲ့) ဆိုင်ကယ်ပေါ်ထိုင်နေသူ အောင်ဆန်းဝင်း(ခ) ရှမ်းငယ်ဆိုသူအား ရှာဖွေရာ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြားကို ရှာဖွေတွေ့ရှိသဖြင့် ကွင်းဆက်လိုက် စုံစမ်းဖော်ထုတ်မှုအဖြစ် ည ၈ နာရီခွဲတွင် နယ်မြေခံနယ်ထိန်းအဖွဲ့နှင့်ပူးပေါင်း၍ အဏ္ဏဝါရပ်ကွက် ဘုရားလမ်းနှင့်ပိတောက်လမ်းထောင့် အုတ်ခုံဘေးရပ်ထားသည့် ဟွန်ဒါအနက်ရောင် WAVES125(လိုင်စင်မဲ့) ဆိုင်ကယ်အနီးထိုင်နေသည့် “ဟူစိန်” ဆိုသူအားရှာဖွေမည်ပြုစဉ် ၎င်းလက်ထဲမှ အထုပ်တစ်ခုအား လမ်းဘေး မြောင်းထဲသို့ ပစ်ချလိုက်သည်ကို တွေ့မြင်လိုက်ရသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၂၇ ပြားကို တွေ့ရှိရသဖြင့် ထိုသူ၏ဆိုင်ကယ်ထိုင်ခုံအတွင်း ဆက်လက်ရှာဖွေရာ WYစာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၆၉၇ ပြားကို တွေ့ရှိသိမ်းဆည်းရမိသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အောင်ဆန်းဝင်း(ခ)ရှမ်းငယ်နှင့်ဟူစိန်တို့အား မူးယစ်ဥပဒေပုဒ်မဖြင့် ကော့သောင်းမူးယစ်(အထူး) အဖွဲ့က ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကျော်စိုး)**

ယုဇနဥယျာဉ်မြို့တော်၌ ယာဉ်တစ်စီး မီးလောင်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက်၌ ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် နံနက် ၃ နာရီက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်၊ အေ-ပိတောက်လမ်း တိုက် (၁၁) ရှေ့တွင် ရပ်ထားသော ဦးစိုင်းပြုံးချိုပိုင်ဆိုင်သည့် Townace အပြာရောင် ယာဉ်အမှတ် ၂က/. . . . ယာဉ်သည် ကားဝါယာရှော့ဖြစ်ကာ ကားရှေ့ပိုင်း မီးလောင်ကျွမ်းခဲ့သဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့သည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တာဝန်မှူး ဒုရဲအုပ် ဝဏ္ဏမောင်မောင်က (ပ) ၂၆၀၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၁၂)**

လှိုင်သာယာမြို့နယ်ရှိ ကြက်၊ ဝက်အူချောင်းစက်ရုံတွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်၌ ဩဂုတ် ၂ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ယင်းနေ့ ည ၁၀ နာရီက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိကြက်၊ ဝက်အူ ချောင်းစက်ရုံတွင် ထုပ်ပိုးထားသော ဂျပ်ဖာစက္ကူများအား အချိန်ကြာမြင့်စွာစုပုံထားရာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းခဲ့သဖြင့် မီးသတ်ယာဉ် ၄၅ စီး၊ ကြီးကြပ်မှုယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ်လေးစီးတို့ဖြင့် မီးငြှိမ်းသတ်ခဲ့၍ ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး ဂိုဒေါင်အတွင်းရှိ ပလတ်စတစ်အိတ်များ၊ ဂျပ်စက္ကူများ၊ ပစ္စည်းထုပ်ပိုးထားသည့် ဆက်စပ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၂၃ သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးငြှိမ်းသတ်စဉ် မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနချုပ်မှ ဒု-တပ်ကြပ် အောင်ကျော်မြင့်မှာ မီးခိုးမွန်သဖြင့် လှိုင်သာယာဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်သားဇော်မင်းလှိုင်၏ ယာလက်၌မှန်စများ ထိခိုက်မိသဖြင့် ပြတ်ရှဒဏ်ရာများရရှိခဲ့၍ အင်းစိန်ဆေးရုံတွင်အတွင်း လူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း ဆေးကုသမှုခံယူလျက်ရှိပြီး အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ ဂိုဒေါင် တာဝန်ခံယုကို မြေနီကုန်း တောင်ရပ်ကွက် စမ်းချောင်းမြို့နယ် နေသူကို လှိုင်သာယာမြို့မရဲစခန်းက (ပ)၈၆၄/ ၂၀၁၃၊ ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားရှိကြောင်း သိရသည်။ **(ဝ၄ဝ)**





ဖခင် အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နေ မသဉ္ဇာလှိုင်[၁၄/အမတ(နိုင်) ၀၁၃၉၃၄]ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ ဦးသောင်းတန်(ခ)ဦးသောင်းလှိုင်[၁၄/ဘကလ(နိုင်)၀၀၈၉၅၆] ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာအဆောက်အအုံ၊ အခန်းအမှတ်-2A3၊ ဒုတိယထပ်လွှာ၊ ကြမ်းခင်းဧရိယာ ၁၇၀၆ စတုရန်းပေ ၎င်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သော ဦးဒီလီရမ်း[၁/မကန(နိုင်)၀၈၁၇၅၃]ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမင်းဇော်အောင်[၁၂/အစန(နိုင်)၁၆၂၅၀၂]
ဖုန်း-၀၉-၅၄၂၄၂၃၁

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းအရှေ့ဘက်၊ အမှတ်(အေ-၆)တွင်တည်ရှိသော AYE MIN HTUN GENERAL TRADING CO.,LTD ၏ ဒါရိုက်တာ ဒေါ်လွင်မာထွန်း[၉/မထလ(နိုင်) ၀၀၀၅၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီသည် Singapore နိုင်ငံရှိ ASSA ABLOY Singapore Pte. Ltd. မှ ထုတ်လုပ်ဖြန့်ချိသော Yale range of security & ironmongery Products (ဥပမာ- သော့အမျိုးမျိုး၊ တံခါးလက်ကိုင်အမျိုးမျိုး၊ မီးခံသေတ္တာအမျိုးမျိုး၊ Security နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး)စသည့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် Yale အမှတ်တံဆိပ်ဖြင့် ဖြန့်ချိရောင်းချရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ ရောင်းချမည့် အထက်ပါကုန်ပစ္စည်းများကို Yale အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုပ်ပိုး၍ ဖြန့်ချိရောင်းချလျက် ရှိပါသည်။ ယင်းကုန်အမှတ်တံဆိပ်မှာ အဝါရောင်စက်ဝိုင်းအတွင်း အနက်ရောင် Yale စာတမ်းပါရှိပြီး ထိုစာတမ်း၏ ညာဘက်အပေါ်တွင် အင်္ဂလိပ်စာလုံး ® အမှတ်အသား ပါရှိပါသည်။ ထိုအမှတ်တံဆိပ်အား ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဖြန့်ချိသည့် အထက်ပါကုန်ပစ္စည်းများ ထုပ်ပိုးရာတွင်လည်းကောင်း၊ ထည့်သွင်းရာတွင်လည်းကောင်း၊ အိတ်အမျိုးမျိုး၊ ဘူးအမျိုးမျိုးပေါ်တွင် ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိကြောင်းနှင့် AYE MIN HTUN GENERAL TRADING CO.,LTD မှ Yale အမှတ်တံဆိပ်ဖြင့် ထုပ်ပိုးဖြန့်ချိသည့် အထက်ပါကုန်ပစ္စည်းများကိုသာ မိမိတို့ကုမ္ပဏီမှ တာဝန်ယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးမိုးအောင် **(LL.B)**
အထက်တန်းရှေ့နေ
(စဉ်-၂၃၁၂၃)
အမှတ်(၃၁/၃၃)၊ စတုတ္ထထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စက်ရုံငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)အား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
(က) ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက် - ၁-၈-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂-၉-၂၀၁၃ ရက်
(ဂ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် 70mm Ø Steel Ball (120)Tons
Tender No.11/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450)Sets
Tender No.12/HPGE/2013-2014
(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာ ပစ္စည်း(၄)မျိုး (28)Nos
Tender No.13/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ahဘက်ထရီ (100)Nos
Tender No.14/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10)Items
Tender No.15/HPGE/2013-2014
(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၅)ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းအောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံနှင့် တံတားငယ်များတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(၁)	အုတ်	၄၂၀၀၀၀ချပ်
(၂)	မြစ်ကျောက်စရစ်	၂၃၀ ကျင်း
(၃)	မြစ်သဲ	၄၉၀ ကျင်း
(၄)	ဘိလပ်မြေ	၇၅၀ တန်
(၅)	သံချောင်းရှယ်စုံ	၇၅ တန်
(၆)	သစ်မာ(အထူ/ပါး)	၆၅ တန်
(၇)	ကျွန်း တံခါး/ပြတင်းရွက်	၇၂၀၀ စတုရန်းပေ
(၈)	အခြားသားသစ်	၆၀ တန်
(၉)	၈'×၄' ငါးထပ်သား	၄၅၀ ချပ်
(၁၀)	၂ပေ×၂ပေ မျက်နှာကြက်ကျောက်ပြား	၄၀၀၀ ချပ်
(၁၁)	ပလတ်စတစ်သုတ်ဆေး	၅၅၀ ဂါလန်
(၁၂)	ဆီဆေး	၂၄၀ ဂါလန်
(၁၃)	Amcan အမိုးပြား	၈၀၀၀ ပေ
(၁၄)	Amcan Plain Sheet	၉၆၀ ပေ

တင်ဒါလျှောက်လွှာအရောင်းဌာန - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးမြို့
တင်ဒါလျှောက်လွှာပိတ်ချိန် - ၁၂-၈-၂၀၁၃ မွန်းတည့် ၁၂နာရီ (၅-၈-၂၀၁၃ရက်မှ စ၍ရုံးချိန်အတွင်း)
စိစစ်ရွေးချယ်မည့်အချိန် - ၁၃-၈-၂၀၁၃ နံနက် ၉း၃၀ နာရီ
စိစစ်ရွေးချယ်မည့်နေရာ - မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ မကွေးခရိုင်၊ မကွေးမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၃-၂၃၀၅၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန
စာရင်းစစ်၊ စာရင်းကောက်များ ဝတ်စုံနှင့် အသုံးအဆောင်များ ချုပ်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် စာရင်းစစ်၊ စာရင်းကောက်များအသုံးပြုရန်အတွက် အောက်ပါပစ္စည်းများချုပ်လုပ်ရန် အိတ်ဖွင့်တင်ဒါ(၄)မျိုး တင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) အပေါ်ထပ်အင်္ကျီ (Waist-Coat) (၁၅၀၀၀၀)ထည်
(ခ) လက်ဆွဲအိတ်(သို့မဟုတ်)ဘေးလွယ်အိတ် (၁၅၀၀၀၀)အိတ်
(ဂ) ဦးထုပ် (၂၀၀၀၀၀)လုံး
(ဃ) ရင်ထိုးတံဆိပ် (၂၀၀၀၀၀)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၈-၂၀၁၃ရက်မှ ၁၆-၈-၂၀၁၃ရက်ထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၉-၈-၂၀၁၃ ရက် (၁၂)နာရီနောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်သွင်းလိုသည့်အမျိုးအစားတစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် POစနစ်ဖြင့်ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။
၄။ အိတ်ဖွင့် တင်ဒါပုံစံ ရောင်းချမည့် လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈) နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်ဖြစ်ပါသည်။
၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၃၁၃၃၇ နှင့် ၀၆၇-၄၃၁၀၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဥပဒေမဟာဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် တာဝန်ပေးအပ်ရန်အတွက် ဥပဒေမဟာဘွဲ့ရများအား လစာနှုန်း (၇၉၀၀ဝိ-၁၀၀ဝိ-၈၄၀၀ဝိ)ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် ၁၀-၈-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master of Law (LLM) ဘွဲ့ရရှိသူ ဖြစ်ရမည်။
(ဂ) ၁-၈-၂၀၁၃ ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ခြောက်လအတွင်းရိုက်ထားသော ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဈ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးချိန်တွင်ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (တယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၄၀၁၇)တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ်ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Postal Services)အား နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပုဂ္ဂလိကပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍ အခွင့်အလမ်းများ(Public Private Partnership)တိုးချဲ့ပေးနိုင်ရန် ရည်ရွယ်၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား ပြည်တွင်းကုမ္ပဏီများသို့ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ် ပေးအပ်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၂။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများအတိုင်းဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချောသယ်ယူ ပို့ဆောင်ရေး အတွေ့အကြုံရှိသော တိုင်းရင်းသား ပြည်တွင်းကုမ္ပဏီ/အဖွဲ့ အစည်းများအား တင်ဒါ ဈေးပြိုင်တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ နေပြည်တော်စာတိုက်ကြီးတွင် လာရောက်ထုတ်ယူနိုင်ပြီး သိရှိလိုသည့် အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ပါသည်။
၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများသည် အောက်ပါလိပ်စာအတိုင်း ၂၀၁၃ခုနှစ်၊ ဩဂုတ် ၁၆ရက် ၁၆း၃၀နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
နေပြည်တော်ဗဟိုစာတိုက်ကြီး၊ တယ်လီဖုန်းအမှတ် - ၀၆၇-၄၂၀၆၁၁ နှင့် ၀၆၇-၄၂၀၆၂၂
email - myanmarpostjv@mptmail.net.mm

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)
ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	အမည်	အရေအတွက်
(၁)	Plastic Chair (Armless)	၃၇ လုံး
(၂)	Plastic Chair (Armed)	၄၁ လုံး
(၃)	File Shelf	၂၀ လုံး
(၄)	Computer Table	၃၀ လုံး
(၅)	Lab Table(8' × 4')	၂၀ လုံး
(၆)	Office Table(L=6' B=4' H=2' 6")	၂၀ လုံး
(၇)	Book Case	၂၀ လုံး
(၈)	Cabinet (Leeco 4 Drawers)3' × 6'	၅ လုံး
(၉)	ဗိုင်တင်စင် (Leeco/ Taiyo/Standard)	၂၀ လုံး
(၁၀)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၁၁)	သစ်သားဆက်တီ	၁ စုံ
(၁၂)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၃)	သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
(၁၄)	စကားပြောစင်	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါ ပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၉-၅၂၅၁၅၇၅၊ ၀၉-၄၉၀၂၅၄၅၂
ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်း
အိတ်ဖွင့်တင်ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ အောက်ဖော်ပြပါ စာရေးကိရိယာများအားဝယ်ယူလိုပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	စဉ်	အမျိုးအမည်	အရေအတွက်
၁။	နိုင်ငံခြားစက္ကူ A 4/FS	၆၁၇၆ ထုပ်	၂၀။	Cello/Binding Tape	၉၂၀ ခွေ
၂။	စစ်တောင်းစက္ကူ (ဖြူ) A4/FS/A3	၁၆၀၅ ထုပ်	၂၁။	ဦးချစ်သိန်း	၂၅၀ ဘူး
၃။	လယ်ဂျာ(တို/ရှည်)	၁၇၂၃ အုပ်	၂၂။	သားရေကွင်း	၁၀၅ပေါင်
၄။	စာအိတ်(သေး/ကြီး)	၃၄၄၃၀ လုံး	၂၃။	ရီဗွန်ကြိုး	၅၆ခွေ
၅။	စက္ကူ /Plastic/ Box ဖိုင်များ	၈၄၅၅ ခု	၂၄။	ကာဗွန်	၄၁၂ ဘူး
၆။	ဖိုင်ကြိုးခွေ	၄၆၃ ခွေ	၂၅။	ခဲဖျက်	၂၄၃ ခု
၇။	Binder/ တွဲကလစ်/ပင်အပ်	၁၁၈၉ ဘူး	၂၆။	ခဲတံ	၃၈၂ ချောင်း
၈။	ချုပ်စက် (သေး/ကြီး)	၁၇၁ခု	၂၇။	ပေတံ	၁၆၃ ချောင်း
၉။	ချုပ်ပင် (သေး/လတ်/ကြီး)	၁၃၄၅ဘူး	၂၈။	ဖယောင်းစက္ကူ	၄၅၀ ဘူး
၁၀။	ဖောက်စက် (သေး/လတ်/ကြီး)	၈၀ ခု	၂၉။	Fax Roll	၅လိပ်
၁၁။	Ink pad ဘူး/မင်ရည်	၂၃၆ ဘူး	၃၀။	Memory Stick 8 GB/ 16GB	၃၅ ခု
၁၂။	Uniball/CD/Line/Soft pen များ	၃၁၂၈ချောင်း	၃၁။	မိတ္တူကူးဆေးဘူး(၆)မျိုး	၃၉၄ ဘူး
၁၃။	White Board/Parmenent Maker	၂၃၃ချောင်း	၃၂။	Fax ဆေးဘူး (L-220/L-140)	၃၂ဘူး
၁၄။	Correction	၄၄၂ချောင်း	၃၃။	Printer ဆေးဘူး(၇)မျိုး	၄၀၄ ဘူး
၁၅။	White Board Duster	၅ခု	၃၄။	DVD/CD	၃၀၀ချပ်
၁၆။	ဖယောင်းဖျက်ဆေး	၁၁ ဘူး	၃၅။	Fx-9	၂ ဘူး
၁၇။	စက္ကူဖြတ်ဓား(သေး/ကြီး)	၁၇၈ ချောင်း	၃၆။	ဂဏန်းပေါင်းစက် 14 Digit	၁၃ လုံး
၁၈။	ကတ်ကြေး	၄၃ချောင်း	၃၇။	ကော်ဘူး	၂၄၅ ဘူး
၁၉။	Art Card/ ဖလင်ပြား A 4/FS	၃၅၀ ရွက်	၃၈။	ချိတ်တောင့်	၂၅ ချောင်း

၂။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ - ၇-၈-၂၀၁၃ (၁၆း၀၀)နာရီ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်
၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၁၄-၈-၂၀၁၃ (၁၁း၀၀)နာရီ
၄။ အသေးစိတ်အချက်အလက်များအား မြန်မာ့လေကြောင်း (ရုံးချုပ်)၊ အမှတ်(၁၀၄) ကမ်းနားလမ်း၊ ရန်ကုန်တွင် စုံစမ်းနိုင်ပါသည်။ **မြန်မာ့လေကြောင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ကံဘဲ့)၊ မြေကွက်အမှတ်(၁၅)၊ မြေကွက်တည်နေရာအမှတ်(၆)၊ ကျောင်းလမ်း၊ (၁၄)ရပ်ကွက်၊ (၁)ဦးစောတယ်ဖာ၊ (၂)ဦးစောမောင်မောင်ထွန်း၊ (၃)CG. Savarese (Sandow)၊ (၄)ဒေါ်နော်ဂျရီဒင်း အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစောမောင်မောင်ထွန်း[၁၂/ရကန(နိုင်)၀၄၉၈၄၂]ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်မှုအစုကို ဇနီးဖြစ်သူ ဒေါ်နော်ဒီအင်နား[၁၂/ရကန(နိုင်)၀၅၀၈၅၁]မှ လည်းကောင်း၊ အမည်ပေါက်တစ်ဦးဖြစ်သူ CG. Savarese(Sandow)[၁၂/ရကန(နိုင်)၀၅၀၃၇၅]ကွယ်လွန်သဖြင့် ၎င်း၏ ပိုင်ဆိုင်မှုအစုကို ဇနီးဖြစ်သူ ဒေါ်နော်အက်စတာမြေး[၁၂/လကန(နိုင်)၀၈၄၈၉၆]တို့ကလည်းကောင်း ဇနီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်(၂)ဦးဖြစ်သော (၁)ဦးစောတယ်ဖာ[၁၂/ရကန(နိုင်)၀၄၉၅၀၀]၊ (၂)ဒေါ်နော်ဂျရီဒင်း[၁၂/ရကန(နိုင်)၀၄၉၈၀၀) တို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

စစ်ကိုင်းမြို့မဈေးဝန်းကျင်ရှိ လမ်းမကြီးဝဲ၊ ယာတွင် ပလက်ဖောင်းလမ်းများ ပျောက်ကွယ်နေ

စစ်ကိုင်း ဩဂုတ် ၃

စစ်ကိုင်းမြို့ မြို့မဈေးကြီးအနီး ဝန်းကျင် ဈေးလမ်းမကြီးနှင့် မုံရွာလမ်းမကြီးဘေး ဝဲ၊ ယာတစ်လျှောက်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော လမ်းဘေးဈေးဆိုင်ခန်းအများစုသည် လူသွားစင်္ကြံပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ ကျူးကျော်ခင်းကျင်းရောင်းချနေမှုကြောင့် အများပြည်သူသွားလာမှု အခက်အခဲရှိနေကြောင်း သိရသည်။ လမ်းဘေး ဝဲ၊ ယာရှိ ဈေးဆိုင်ခန်းအများစုသည် လူသွားစင်္ကြံပလက်ဖောင်းများပေါ်အထိ ကျူးကျော်ကာ ကုန်ပစ္စည်းများ ခင်းကျင်း ရောင်းချနေကြသည်။ ခြေကျင်လျှောက်သူများသည် ပလက်ဖောင်းများပေါ်မှ သွားလာ၍ မရတော့ဘဲ ယာဉ်သွားကတ္တရာလမ်းမပေါ်မှ အန္တရာယ်ကြီးစွာ သွားလာနေကြရသည်။

"စစ်ကိုင်းမြို့မဈေး ဝန်းကျင်မှာရှိတဲ့ လမ်းမကြီးတွေဘေးက ဈေးဆိုင်အများစုဟာ ပလက်ဖောင်းပေါ်အထိ ကုန်ပစ္စည်းတွေ ခင်းကျင်းရောင်းနေကြတယ်။ လူသွားလို့ လုံးဝမရတော့ဘူး။ တချို့အိမ်တွေ၊ ဆိုင်တွေဆိုရင် ပလက်ဖောင်းကိုဖျက်ပြီး ဆင်ခြေလျှောလမ်းလုပ်ထားကြတယ်။ အဲဒီတော့ ခြေကျင်သွားကြရတဲ့သူတွေက ယာဉ်သွားလမ်းမပေါ်ကနေ ဆင်းလျှောက်နေကြရတယ်။ စစ်ကိုင်းမြို့ဟာ ပလက်ဖောင်းပျောက်တဲ့ မြို့ဖြစ်နေပါပြီ။ ခြေကျင်လျှောက် သွားလာရတဲ့သူတွေက ယာဉ်သွားလမ်းမပေါ် ဆင်းလျှောက်နေကြရတော့ ကားတွေ၊ ဆိုင်ကယ်တွေ ပေါများတဲ့ ခေတ်မှာ ယာဉ်အန္တရာယ်ကို တော်တော် စိုးရိမ်နေရတယ်။ ဒီလို ပလက်ဖောင်းတွေပေါ်မှာ ပစ္စည်းတွေခင်းကျင်းရောင်းချတာ၊ လမ်းနယ်နိမိတ်ပေါ်မှာ ဆင်ခြေလျှောကွန်ကရစ်လမ်းခင်းထားတာတွေကို သက်ဆိုင်ရာတွေအနေနဲ့ စိစစ်အရေးယူဖို့ လိုအပ်ပါတယ်"ဟု ပြည်သူတစ်ဦးက ပြောသည်။

စစ်ကိုင်းမြို့သည် ခရိုင်ရုံးများ အခြေစိုက်သည့် မြို့ကြီးတစ်မြို့ဖြစ်ပြီး မြို့ပြအင်္ဂါရပ်နှင့်အညီ ခြေကျင်သွားလာသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြစေရန် လူသွားလမ်းပလက်ဖောင်းများကို စနစ်တကျ ဆောက်လုပ်ပေးထားခဲ့သည်။ သို့သော်လည်း လမ်းဘေး ဝဲ၊ ယာမှ ဈေးဆိုင်များ၊ နေအိမ်များက လူသွားလမ်းပလက်ဖောင်းပေါ်အထိ ကျူးကျော်ကာ ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချခြင်း၊ ဆင်ခြေလျှောကွန်ကရစ်လမ်းများ ခင်းထားကြခြင်းတို့ကြောင့် လူသွားလမ်းပလက်ဖောင်းများမှာ သွားလာ၍ မရတော့ကြောင်း သိရသည်။ ထိုသို့ စည်းကမ်းလိုက်နာမှု မရှိဘဲ လူသွားစင်္ကြံပလက်ဖောင်းများပေါ်တွင် ကျူးကျော်ရောင်းချနေမှုများကြောင့် ခြေကျင်သွားလာသူများ ယာဉ်အန္တရာယ် ကြုံတွေ့ကြရခြင်း၊ ရေစီးရေလာ ပိတ်ဆို့ခြင်း၊ မြို့ပြပုံရိပ်ကို အကျည်းတန်စေခြင်း စသည်တို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

စီးပွားရေးကြော်ငြာ

ဥတုရာသီ တောက်ပမှု၏

မကွေးမြို့ ဗိုလ်ချုပ်ကြေးရုပ်သို့ ကမ္ဘာလှည့်များ ဝင်ရောက်လေ့လာ

မကွေး ဩဂုတ် ၃

ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဩစတြေးလျလူမျိုး ၁၀ ဦးနှင့် ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် မန်းတော်သဘော် မကွေးမြို့ ဈေးဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ဆိုက်ကားများဖြင့် မကွေးမြို့ ကမ်းနားလမ်းမကြီးကို လှည့်ပတ်ကြည့်ရှုကာ ဗိုလ်ချုပ်ကြေးရုပ်သို့ ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

(အောက်ပုံ) မကွေးမြို့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ၁၉၇၄ ခုနှစ်က ပြုလုပ်ခဲ့ကြောင်း၊ ပုံစံထုလုပ်သူမှာ ပန်းပုဆရာကြီး ဦးဟန်တင်ဖြစ်ကြောင်း၊ ယခုအခါ နှစ်ပေါင်း ၄၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ဗိုလ်ချုပ်တို့ ကျဆုံးခဲ့သည်မှာလည်း (၆၆) နှစ် ရှိပြီဖြစ်ကြောင်း၊ ယခုနှစ် အာဇာနည်နေ့တွင် ပြည်သူအပေါင်းသည် ဗိုလ်ချုပ်ကြေးရုပ်သို့ လာရောက်ကာ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ရှင်းပြသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသည်များသည် ကန်သာဈေးသို့ သွားရောက်ကာ ဈေးဝယ်ပြီး လှည့်လည်ကြည့်ရှုကြသည်။ ဤခရီးစဉ်နှင့် ပတ်သက်၍ ဧည့်လမ်းညွှန်တစ်ဦးက "မန္တလေးက ဆင်းလာတာပါ။ ရှစ်ရက်ခရီးပေါ့။ ဒီနေ့ ၁၂ နာရီ ပြန်ထွက်မယ်။ အထက်မင်းလှမှာ ခဏနားပြီး မင်းလှခံတပ်ကို တက်ကြည့်ကြမယ်။ ညနေပိုင်း ပြန်ထွက်မယ်။ လမ်းမှာ ညအိပ်ပြီး နောက်နေ့ သရက်မြို့ကို ဝင်မယ်။ သရက်မှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးဂေါက်ကွင်းကို ဝင်ကြည့်ကြမယ်။ ပြီးတော့ သရက်ဈေးကို ဝင်မယ်၊ နောက် ပြည်ကို ဆက်ထွက်မယ်။ ပြည်မှာ ခရီးစဉ်ဆုံးပါမယ်"ဟု ပြောသည်။

(မကွေးလှမြင့်)

ရုံးငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရွှေပြည်သာမြို့နယ်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

ဦးတင်မြင့်အောင် နှင့် ဦးစိုးဝင်းပါ(၃)
(တရားလို) **(တရားပြိုင်များ)**

ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဈ-၃၃၊ ရတနာသီရိလမ်း၊ အမှတ်-၄၉၆ နေ (၁)တရားပြိုင် ဦးစိုးဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးတင်မြင့်အောင်က "အပ်ချုပ်စက်များနှင့် ခါးစက်များ လက်ရောက်ရလိုမှု(သို့မဟုတ်) ငွေကျပ် ၁၉၄၀၀၀၀/-ရလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်သက်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ရွှေပြည်သာမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပဲခူးခရိုင်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဦးလှမြင့် နှင့်
၁။ ဒေါ်ခင်ညွန့်ရည်
၂။ ဦးမြင့်ကျော်
၃။ ဦးညွန့်ဝေ
၄။ ဦးဇေယျာလင်း
၅။ ဦးဗိုလ်ဗိုလ်ညီ

တရားလို **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ဘဏ္ဍာကုန်းကျေးရွာ၊ တာဝဘူတာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၅၈/က)၊ ဦးပိုင်အမှတ်(N/၂၈/၁၄)နေ ဒေါ်ခင်ညွန့်ရည်၊ ဦးမြင့်ကျော်၊ ဦးညွန့်ဝေ၊ ဦးဇေယျာလင်း၊ ဦးဗိုလ်ဗိုလ်ညီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၈ အရ တရားပြိုင်များက နေအိမ်ဥပစာခြံအတွင်း ကျူးကျော်ဝင်ရောက်သိမ်းပိုက်၍ ထားရှိခြင်းကြောင့် မတရားလက်လွတ်ဆုံးရှုံးနစ်နာရသော ခြံမြေကွက်နှင့် နှစ်ထပ်တိုက်ခံအိမ်ကို ပြန်လည်လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်(၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည် ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်ဆွေဦး)
ခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရွှေပြည်သာမြို့နယ်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁

ဦးဝေစိုး နှင့် ဦးဘိုးချို
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးအောင်မင်းမင်းကို)

တရားလို **တရားပြိုင်**

တရားပြိုင် ဦးဘိုးချို၊ အမှတ်(၅၃၈)၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်သက်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး(ပထမတန်းအာဏာ)
ရွှေပြည်သာမြို့နယ်

အဖျော်အရက်နှင့် အပျော်သက်သက် နေကြတော့မှာလား

ထွန်းလှိုင်(မြိုင်)

ယနေ့ခေတ်ကာလသည် အရက်က လူမှုရေးနယ်ပယ်တွင် အလွန်တွင်ကျယ်နေ၏။ အလှူအစနှင့် အလှူအပြီးနေ့များတွင် အရက်အောင်ပွဲ၊ မင်္ဂလာဆောင်ပြီးလျှင် ညစာစားပွဲ အရက်အောင်ပွဲ၊ ဘာသာရေးပွဲများတွင် အရက်ပျော်ပွဲ၊ အသုဘအခမ်းအနားများတွင် ဝမ်းနည်းမှုပြေပျောက်စေရန် အရက်နှင့်ဖြေဖျောက်၏။ အလုပ်အကိုင်၊ အခွင့်အလမ်းတစ်ခု အောင်မြင်လျှင် ဝမ်းတေဘယ်လ်၊ သင်္ကြန်ပွဲ၊ နှစ်သစ်ကူးပွဲ၊ ခရစ္စမတ်ပွဲများတွင်လည်း မဖြစ်မနေ အရက်က အဓိကပါ၏။ အရက်အမျိုးမျိုးသောက်ပွဲကြီးကျင်းပနေသည်နှင့်တူလှ၏။ ကျွန်ုပ်တို့နိုင်ငံသည် ယနေ့ခေတ်တွင် အရက်၊ ဘီယာသောက်သုံးသူ လူဦးရေပိုမိုများပြားလာသည်။ အရက်ကြောင့် ကျန်းမာရေးထိခိုက်လာနိုင်သည်။ တစ်ဆက်တည်း စီးပွားရေးဆုံးရှုံးနိုင်သည်။ သား၊ သမီး၊ ဇနီး မျက်နှာငယ်ရသည်။ ရာဇဝတ်မှုများ ဖြစ်လာနိုင်သည်။ လူမှုရေးဖောက်ပြန်မှုများ ဖြစ်လာနိုင်သည်။

"ဘိန်း၊ ဘင်း၊ ကစော်၊ လှေ်စာ၊ အရက်" ဤငါးချက်သည် ရှောင်ကြဉ်ရမည့် မူးယစ်စေတတ်သော ယစ်မျိုးငါးပါးဖြစ်သည်။ အမှန်တွင် မူးယစ်စေတတ်သော ပစ္စည်းမှန်သမျှသည် ယစ်မျိုးတွေပင်ဖြစ်ပါသည်။ ယနေ့ လူသားမျိုးနွယ်ကို လူညွန့်တုံးစေသော မူးယစ်ဆေးဝါးသည် ယစ်မျိုးထဲတွင် ထိပ်ခေါင်တင်ဖြစ်သည်။ မူလက ဘိန်းမှ လှေ်ခဲ၊ ဘိန်းဆီ၊ ဘိန်းဖြူ ပြောင်းချေးစသည်တို့ရှိခဲ့ရာမှ ယနေ့ကာလတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးအသွင်သဏ္ဌာန်အမျိုးမျိုးပြောင်းလဲ၍ ဝင်ရောက်လာခဲ့သည်။

ဤမူးယစ်ငါးပါးတွင် အပါအဝင်ဖြစ်သော ကစော်၊ လှေ်စာနှင့် အရက်တို့မှာမူ ကျွန်ုပ်တို့နိုင်ငံ၏ လူထုကြားတွင် ပေါ်ပေါ်ထင်ထင် တရားဝင်သဖွယ် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်လျက်ရှိပါသည်။

အရက်မျိုးစုံကို အစိုးရဝန်ကြီးဌာနကလည်း ထုတ်လုပ်သည်။ ကုမ္ပဏီကြီးများကလည်း ထုတ်လုပ်သည်။ တောရွာများတွင်လည်း ကိုယ်တိုင်ချက်အရက် (ဂျန်း၊ ထွေးညို)၊ ရှမ်းပြည်နယ်ထွက်အရက်အမျိုးမျိုး၊ ကချင်ပြည်နယ်ထွက်အရက်၊ ချင်းပြည်နယ်ထွက်အရက်၊ ကယားမီးတောက်အရက်များ ထုတ်လုပ်ရောင်းချသောက်သုံးလျက်ရှိကြသည်။ ချက်အရက်ကို အရောင်အမျိုးမျိုးဆိုး၍ ရောင်းချနေကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာခွင့်မရှိသောအခါ အချိုရည်လိုလို၊ အားဆေးလိုလို ရောပြီး ကြော်ငြာထည့်သည်။ အောင်မြင်လန်းဆန်း Majesty အစွမ်းဟု ရုပ်မြင်သံကြားတစ်ခုတွင် ကြော်ငြာထားတာတွေမက ဘောလုံးပွဲ၊ ဂေါက်ပြိုင်ပွဲတွေမှာ စပွန်ဆာပေးပြီး ကြော်ငြာသည်။ ထီး၊ တီရှပ်၊ စွပ်ကျယ်၊ ဖန်ခွက်၊ ဈေးဆိုင်နဖူးစည်း၊ ခရီးသည်တင်ဘတ်စ်ကားဘော်ဒီ၊ လမ်းဘေးဆိုင်းဘုတ်ကြီးတွေမှာလည်း ကြော်ငြာသည်။ အရက်၊ ဘီယာ ကြော်ငြာများသည် သမီးနှင့်အဖေ၊ သားနှင့်အမေ ကြည့်လို့မှမသင့်တော်သော အဖော်အချွတ်များဖြင့် မြူဆွယ်ထားသည်။ ပုလင်းအဖုံးတွင် ကံစမ်းမဲထည့်၍ ထပ်ပြီးဝယ်ချင်အောင် စည်းရုံးထားသည်။ ဒီကိစ္စတွေကို ခွင့်ပြုဖို့ကောင်း၊ မကောင်း သေချာစိစစ်သင့်သည်။

နိုင်ငံခြားတိုင်းပြည်အတော်များများတွင် အရက်ရောင်းချခြင်းကို တိတိကျကျ သတ်မှတ်ထား၏။ နေရာတိုင်းတွင် ဝယ်၍မရ၊ နေရာတိုင်းတွင် သောက်၍မရ၊ သတ်မှတ်နေရာတွင်သာ ရောင်းချသောက်စားရပြီး ဈေးပေါပေါအရက်မှာ ရှားလျက်။ ကျွန်ုပ်တို့နိုင်ငံမှာမူ အရက်များ ဈေးပေါလျက်၊ အရက်တစ်ပုလင်းကို ကလေးမုန့်ဖိုးမျှပင် ဝယ်၍ရ၏။ မည်သူမဆို မည်သည့်နေရာတွင်မဆို ဝယ်ယူသောက်သုံးနိုင်၏။ လမ်းတိုင်းတွင်ရသည်။ ဆိုင်တိုင်းတွင်ရသည်။ ရွာတိုင်းတွင်ရသည်၊ တောကြိုအုံကြား၊ ဘုရားဘေး၊ တန်ဆောင်းဘေး၊ ဘုန်းကြီးကျောင်းဘေးတွင်လည်းရသည်။ မြို့နယ်နှင့်ကျေးရွာများတွင် တရားဝင်ခွင့်ပြုထားသော FL-6 လက်ကားအရက်ဆိုင်များ၊ CS -2A အရက်ဆိုင်များ၊ ဘီယာဆိုင်များရှိ၏။ တရားမဝင် ခွင့်မပြုသော အရက်ပုန်းဆိုင်များရှိသလို စားသောက်ဆိုင်များတွင်လည်း ရောင်းချကြ၏။ ကာရာအိုကေ၊ စင်တင်တေးဂီတများတွင် အမျိုးသားတင်မက၊ အမျိုးသမီးများပါ အရက်၊ ဘီယာသောက်သုံးနေကြသည်။ ကိုရီးယားရုပ်ရှင်ကားနှင့် ကိုရီးယားယဉ်ကျေးမှုက အမျိုးသားအမျိုးသမီးများ အရက်သောက်သုံးမှုများအောင် တွန်းပို့နေကြသည်။ ကားဆရာများ၊ ဆိုက်ကားဆရာများ၊ ကျပန်းအလုပ်သမားများ၊ တောင်သူလယ်သမားများ ပင်ပန်းနေသည်ကိုအကြောင်းပြကာ လမ်းဘေးဆိုင်တွင် ပြည့်နေသလို ဘောစိကြီး၊ ဘောစိလတ်၊ ဘောစိငယ်တို့ကလည်း စားသောက်ဆိုင်ကြီးတွေ၊ ဘီယာဆိုင်တွေ၊ စင်တင်တေးဂီတ၊ ကာရာအိုကေဆိုင်များတွင် အပြည့်အဝသောက်သုံးနေကြသည်။ မူးလျှင် လုပ်ချင်ရာလုပ်ကြသည်။ မြန်မာ့ရိုးရာသင်္ကြန်မှာလည်းအမျိုးသားများတင်မက အမျိုးသမီးငယ်များ အရက်မူးကာ အဖော်အချွတ်အပွတ်အသပ်တွေနှင့် မြန်မာ့ရိုးရာအစဉ်အလာကို အရုပ်ဆိုးအကျည်းတန်စေခဲ့၏။ ယိုသူမရှက် မြင်သူရှက်ခဲ့ရ၏။ သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာပွဲတော်ဖြစ်၍ ရိုးရာဓလေ့စရိုက်နှင့်အညီ မြန်မာဆန်ဆန်ကျင်းပသော ပွဲတော်တစ်ခုဖြစ်၏။ အခုတော့ ယမကာမျိုးစုံကို အမျိုးသားရောအမျိုးသမီးပါ လွတ်လွတ်လပ်လပ်သောက်သုံး၍ မဖွယ်မရာကခုန်မြူးထူးနေသော သင်္ကြန်ပုံရိပ်သည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အကျည်းတန်စေခဲ့၏။

အရက်သောက်လျှင် ဦးနှောက်ကလာပ်စည်းများ ပျက်စီးသွားနိုင်သည်။ ပျက်စီးသွားလျှင် အခြားကလာပ်စည်းကဲ့သို့ အစားထည့်၍ မရပေ။ ဘီယာတစ်ပုလင်းသောက်လျှင်ပင် ဦးနှောက်ကလာပ်စည်းများ ထောင်ချီ၍ ပျက်စီးသွားသည်။ ဘီယာထက်ပြင်းသော အရက်၊ အရက်ပြင်းဆိုလျှင် ပြောစရာမရှိပေ။ သို့သော် အရက်စွဲနေသူများသည် မိမိတို့ ဦးနှောက်ပျက်စီးနေသည်ကိုမသိ။ အဘယ်ကြောင့်ဆိုသော် သာမန်လူတစ်ယောက်တွင် ဦးနှောက်ကလာပ်စည်းပေါင်း ၁၇ ကုဋေကျော်ရှိ၏။ သို့သော် အရက်ကို နှစ်ရှည်လများ သောက်လာသောအခါ ဦးနှောက်ကလာပ်စည်းများ ပျက်စီးပြီဆိုလျှင် မှတ်ဉာဏ်ထိခိုက်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း၊ အသိဉာဏ်ထိခိုက်ခြင်း၊ စိတ်ဖောက်ပြန်ခြင်းများ ဖြစ်လာနိုင်သည်။

"သေရည်နှင့်အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှင်တော်ဟောသည့် အဆိပ်ရည်" ဟု ရှင်မဟာရဋ္ဌသာရက ဆုံးမထား၏။

"ရေကြည်ကို မနှောက်နှင့်၊ သေရည်ကိုလည်း မသောက်နှင့်။ ရေကြည်နှောက်က အနည်မှုန်တို့ထတတ်သည်။ သေရည်ကိုသောက်ပါက အပါယ်ဘုံသို့ကျတတ်သည်" ဟူ၍လည်း ရှေးက စာဆိုတစ်ဦး သတိပေးဆုံးမထား၏။

"ခေးကိုဖျက်တာ ဝါးမျက်၊ လူကိုဖျက်တာ အရက်ပါ" ဟူ၍လည်း ဆိုရိုးစကားရှိ၏။ ကျွန်ုပ်တို့နိုင်ငံသည် ဗုဒ္ဓဘာသာအများစု ကိုးကွယ်သော နိုင်ငံဖြစ်သောကြောင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်။ ဘုရားဖူးစဉ်၊ အလှူအတန်းဒါနပြုစဉ်၊ တရားနာစဉ် ငါးပါးသီလကို အမြဲရွတ်ဆိုရ၏။ ကောင်းသောအကျင့်ကို အကျင့်လုပ်ပါ။ မကောင်းသောအကျင့်ကို အကျင့်မလုပ်ပါနှင့်၊ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏။ ကောင်းမှု၌ နှောင့်နှေးတတ်၏။ ထို့ကြောင့် မကောင်းစိတ်ကို တားမြစ်ရာ၏။ ဗုဒ္ဓက အရက်သောက်သူသည် အကုသိုလ်မှန်သမျှ လွယ်ကူစွာ ပြုဖြစ်သည်ဟု ဟောကြားထား၏။ ထိုသို့ဘာသာရေးအဆုံးအမများ ရှိခဲ့သော်လည်း ယနေ့တွင် အရက်သောက်ခြင်းသည် ယဉ်ကျေးမှုတစ်ရပ်ကဲ့သို့ တွင်တွင်ကျယ်ကျယ် ဖြစ်နေဆဲ။ ဆိုဆုံးမသူကိုပင် ရန်သူထင်မှတ်အလား။

အရက်၏ဆိုးကျိုးကား များလှ၏။ အရက်ကြောင့် အနာဂတ်အဖူးအညွန့်လူငယ်လူရွယ်ကလေးများ အရက်သောက်တတ်ခြင်းသည် ပန်းကောင်းအညွန့်ကျိုးခြင်းနှင့်တူ၏။ ပကတိစိတ်ဖြင့် လူတစ်ယောက်သည် အမှားများကို ကျူးလွန်ရန် ခဲယဉ်း၏။ သို့သော် အရက်ဝင်သွားပါက အမှားများကို အလွယ်တကူလုပ်နိုင်၏။

အရက်သောက်သောအဆင့်သည် သုံးဆင့်ရှိ၏။ ယင်းတို့ကား လူက အရက်ကို သောက်ခြင်း၊ အရက်က လူကိုသောက်ခြင်း၊ အရက်က အရက်ကို သောက်ခြင်းတို့ဖြစ်သည်။

ထမင်းစားကောင်းရုံသောက်တာပါ။ တစ်ခါတစ်ရံသောက်တာပါ။ ကျန်းမာရေးအရ သောက်တာပါဟု တချို့က ဆင်ခြေပေးကြ၏။ သတိထားရမည်ကား ဘဝပျက်သည်အထိ အရက်စွဲသွားကြသူများသည် ထမင်းစားကောင်းရုံသောက်ခြင်း၊ ကျန်းမာရေးအရသောက်ခြင်းတို့မှ စဖြစ်နေခြင်းပင်။ ထိုအဆင့်ကို လူကအရက်ကို သောက်ခြင်းဟုခေါ်သည်။ ထိုအဆင့်လောက်ဆိုလျှင် လူကိုဒုက္ခမပေး။ သို့သော် အရက်၊ မိန်းမနှင့် လောင်းကစားတို့သည် ရောင့်ရဲ၍ ရစကောင်းသော အရာမဟုတ်ပေ။

ထို့ကြောင့် အရက်သောက်ကြာလာသောအခါ အရက်က လူကိုပါ သောက်သောအဆင့် တိုးတက်သွား၏။ ထိုအဆင့်ကို ရောက်သွားသောအခါ စီးပွားရေး၊ လူမှုရေး ပျက်စီးစပြုလေပြီ။ တစ်ပတ်တွင် သုံး၊ လေးရက်လောက်သာ အလုပ်လုပ်နိုင်၏။ ကျန်ရက်များက အရက်ဆိုင်မှာသာ အချိန်ကုန်စေ၏။ ထိုအဆင့်မှလွန်သွားသောအခါ အရက်က အရက်ကို ပြန်သောက်သောအဆင့်ဖြစ်လေသည်။ ၎င်းအဆင့်တွင် အရက်သောက်ဖို့ တစ်ခုတည်းသာ သိတော့သည်။ ကျန်တာဘာမှမသိတော့ပေ။ အမှားအယွင်းတွေ ဆက်တိုက်ကျူးလွန်လာ၏။ လူထုဦးလှက အရက်သမား အမှားတစ်ထောင်ဟု ရေးခဲ့၏။ ယခုခေတ်ဆိုလျှင် အရက်လည်း မျိုးစုံပေါ်၊ အရက်သောက်သူကလည်း များလာသည့်အတွက် အရက်သမား အမှားတစ်သောင်းဟု ရေးမည်ထင်၏။

သေရည်သေရက်မှာ တဖြည်းဖြည်း လူညွန့်တုံးစေတတ်သောအရာဖြစ်သည်ကိုမူ သတိမပြုမိကြချေ။ မိမိပတ်ဝန်းကျင် မြို့ရွာ၊ တောကြိုတောင်ကြားပါမကျန် အလွယ်တကူရောင်းဝယ်ဖောက်ကားနေကြ၏။ ဤသည်မှာ ကောင်းပါ၏လော။ အဖျော်အရက်သည် အပျော်သက်သက်မဟုတ်၊ တစ်ကိုယ်ရေကျန်းမာရေးသာမက လူမှုဝန်းကျင်ကို ထိခိုက်စေသော တန်ဆေးလွန်ကောင်းမဟုတ်၊ တန်ဆေးသည် အကျင့်ဖျက်တတ်၏။ လွန်လျှင် ဘေးဖြစ်တတ်၏။ သို့သော်အရက်မှာ နေရာတိုင်းတွင် မင်းမူနေဆဲဖြစ်၍ အသိတရား လက်ကိုင်ထားပြီး ရှောင်ရှားကြရန် လိုအပ်ပေသည်။ ။

စီးပွားရေးကြော်ငြာ



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဦးစန်းမြင့်အောင်	ဦးမြရွှေ
ကျွဲဆည်ကန်(၃)လမ်း	(ဈ-၁/၄၀)လမ်း၊ (၆၁×၆၂) လမ်းကြား
ချမ်းမြသာယာရပ် နှင့်	မြို့သစ်(၃)ရပ်၊ ချမ်းမြသာစည်မြို့နယ်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	မန္တလေးမြို့။
(တရားလို)	**(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၃)ရပ်၊ (ဈ-၁/၄၀)၊ လမ်း (၆၁×၆၂)လမ်းကြားနေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးမြရွှေ သိစေရမည်။

သင်တို့အပေါ်၌ ဦးစန်းမြင့်အောင်က ကုန်ဖိုးငွေကျပ် ၄၃၀၃၅၅၀(ကျပ် လေးဆယ့်သုံးသိန်းသုံးထောင့်ငါးရာငါးဆယ်တိတိ) နှင့် နစ်နာကြေးငွေကျပ် ၁၀၀၀၀၀၀ (ကျပ်သိန်းတစ်ဆယ်တိတိ)၊ စုစုပေါင်းငွေကျပ် ၅၃၀၃၅၅၀ (ကျပ် ငါးဆယ့်သုံးသိန်း သုံးထောင့်ငါးရာ ငါးဆယ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၃၀)ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြ အမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

(တိုးမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး၊ မန္တလေးမြို့။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ကန်တော်လေး
ပေ(၃၀×၅၀)
(လုံးချင်းတိုက်)
ဖုန်း-၀၉-၄၂၀၀ ၇၄၀၇၄

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင် မဖြစ်ချင် တာတွေဘဲဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာ များ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေး လုံခြုံမှုကို အာမခံပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၇

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၈ယ/၆၃၀၁၂ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ကြည်ဝင်း မှတ်ပုံတင်အမှတ်[၉/ပဥလ(နိုင်)၀၁၂၇၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)
ပြင်ဦးလွင်

ချစ်သားလေးရွှေပြည့်ဖြိုးမောင်(ခ)ရွှေမုတ်သုန်အတွက် (၂)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၄-၈-၂၀၁၃ရက်တွင် ကျရောက်သော အချစ်ဆုံးသားလေး၏ (၂)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းရာကျော်တိုင် ဘဝ၏အောင်မြင်မှုကို ပိုင်ဆိုင်ပြီး ထူးချွန်ထက်မြက်လိမ္မာသော သားကောင်းရတနာလေးအဖြစ် မိသားစုနှင့်အတူ လိုအင်ဆန္ဒပြည့်ဝစွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သောဘိုးဘိုး ဘွားဘွားများ

ဦးမန်းစိမ်း-ဒေါ်စိန်စိန်ဝင်း

ဦးညွှန့်လှိုင်(သံအမတ်ကြီး)-ဒေါ်နန်းအေးစံ

(တောင်ကိုရီးယားနိုင်ငံ)

ရွှေပြည်သာမြို့နယ် ရတနာပန်းကုံးကျောင်းတိုက် အရှင်ဉာဏိက (ဓမ္မာစရိယ၊ ပဋ္ဌာန်ပါရဂူ)၏ ဝိဂြိုလ်မော်ကွန်းထွက်ပြီ

ရွှေတိဂုံစောင်းတန်း စာအုပ်ဆိုင်များ၊
ဦးတင်မြင့်-ဒေါ်စမ်းစမ်းကြွယ်၊ မြန်နန်းထိုက်စတိုးနှင့်သက်န်းပရိက္ခရာဆိုင်
အမှတ်(၁၆၀၉)၊ အောင်မင်္ဂလာဒုံလမ်းမကြီး၊ ဖော့ကန်ဈေး၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၁-၆၄၁၀၃၀၊ ၀၉ ၅၀၁၆၁၉၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၆၅၈)၊ မြေဧရိယာ ပေ(၄၀×၆၀)၊ ပါမစ်မြေအမျိုးအစား၊ မြေကွက်တည်နေရာအမှတ်(၆)၊(၃၇/စွမ်းအင်)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးစံတင်[၁၂/သကတ(နိုင်)၀၃၈၅၅၆]နှင့် ဇနီးဒေါ်လှတင့်[၁၂/သကတ(နိုင်)၀၃၈၅၆၉]တို့ထံမှ အမှတ်(၆)၏ ခေါင်းရင်းဘက်အခြမ်းရှိ ပေ(၂၀×၆၀) မြေကွက်ကို ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှဝေ(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၀)
အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ ဖုန်း-၀၉-၇၃၁၇၄၅၂၂

ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခ မဟာစည်သာသနာ့ရိပ်သာ၌ ဝါတွင်း ၁၀ ရက်တရားစခန်းကို ၁၇-၈-၂၀၁၃ ရက်မှ ၂၆-၈-၂၀၁၃ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၇၃၁၃၃၀၂၈ သို့ စာရင်းပေးသွင်းနိုင်ပြီး ၁၆-၈-၂၀၁၃ ရက်ညနေ ၄ နာရီ အရောက်လာကြပါရန် နိုးဆော်အပ်ပါသည်။ စနေ၊ တနင်္ဂနွေနေ့တွင် အားလပ်သူများသည် ၎င်းနေ့အတွင်း လာရောက်တရားအားထုတ်နိုင်ပါသည်။

FMI City ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

ရန်ကုန်မြို့၊ FMI City (ပဒေသာပင်မြို့တော်)ရှိ ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း၌ (ဆဌမအကြိမ်မြောက်) ဝါဆိုသင်္ကန်း စုပေါင်းလှူဒါန်းဆက်ကပ်ပွဲကို ရိုးမဘဏ်ဝန်ထမ်းမိသားစုတို့က မတည်၍ စေတနာရှင်ကုသိုလ်ရှင်အပေါင်းတို့က (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်)၊ ၂၀၁၃ ခုနှစ် သြဂုတ်လ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို အနုမောဒနာ တရားနာယူနိုင်ကြပါရန် စေတနာရှင် ကုသိုလ်ရှင်အပေါင်းအား မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့. ဖုန်း-၆၈၇၆၃၀

ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) (နေ့ချင်းပြန်)

နေပြည်တော်၊ သတ္တသတ္တာဟ(ဗုဒ္ဓဂယာ)၊ မဟာဗောဓိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်

ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၄၃၁၂၄၉၂၂၊ ၀၁-၅၃၆၃၄၁

မင်္ဂလာ-နား

အလှပြုပြင်ရေးဆေးခန်း

အမှတ်(၂)ဇီဇဝါလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၉၈၃၉၊ ၀၉-၅၁၉၉၂၀၇၊ ၀၉-၂၅၀၀၁၂၀၇၉

တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ (ခ)ရပ်ကွက်နေ ဦးကျော်သန်း၏သမီးဖြစ်သူ မအေးသုမွန်[၆/လလန(နိုင်)၀၉၄၁၀၀]နှင့် မအေးသုမော်သည် တစ်ဦးတည်း ဖြစ်ပါသည်။

ပျောက်ဆုံး

နန်းရွှေရည်ဦး[၁၃/လရန(နိုင်)၁၂၈၂၃၅]၏ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၅၆၂၄၀**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ တိုက်(၁၆၉/၁၇၁)၊ အခန်း(၄၀၂)တိုက်ခန်းကို မူလအမည်ပေါက် ပိုင်ရှင် ဦးစောသာထွန်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်အေးနွဲ့ကြည်[၁၄/အမန(နိုင်)၀၀၀၆၅၄]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယာဉ်မောင်း(၁)ဦးအလိုရှိသည်

ဗဟန်းတွင်နေထိုင်၍ အရက်၊ ကွမ်း၊ ဆေးလိပ်မသောက်သူများသာ လျှောက်ပါရန်။

(၁)လ-၁၅၀၀၀၀

ဖုန်း-၀၉-၄၂၁၀၀၃၈၄၁

(၂)နှစ်ပြည့်မွေးနေ့မင်္ဂလာ

ချစ်သဲလေး"ရွှေပြည့်ဖြိုးမောင်"

ဖေဖေ ဗိုလ်ကြီးပြည့်ဖြိုးမောင်(ငြိမ်း)-မေမေ(ဒေါ်ပန်းစုလှိုင်အေး)တို့၏ ချစ်သဲလေး၊ ဘိုးဘိုး၊ ဘွားဘွားများရဲ့ ချစ်ဆုံးလေး**"ရွှေပြည့်ဖြိုးမောင်"**၏ ၄-၈-၂၀၁၃ရက် (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ လိုရာဆန္ဒများပြည့်ဝရရှိပြီး ရာသီတွေနှစ်တွေအချိန်တွေ အခြေအနေတွေ ဘယ်လိုပြောင်းပေမယ့် မပြောင်းလဲနိုင်တာက ဒီဖေဖေ၊ ဘိုးဘိုး၊ ဘွားဘွားများရဲ့ မေတ္တာတွေ ထာဝစဉ်အေးမြကြည်လင် တသွင်သွင်စီးဆင်းလျက် ချစ်ရက်မကုန်နိုင်ပါ-

ဘိုးဘိုး-ဘွားဘွားများ	-	**ဗိုလ်မှူးချုပ်ညွန့်လှိုင်(ငြိမ်း)**
	-	**ဒေါ်အေးစံ**
	-	**ဦးမန်းစိမ်း-ဒေါ်စိန်စိန်ဝင်း**
ဖေဖေ	-	**ဗိုလ်ကြီးပြည့်ဖြိုးမောင်(ငြိမ်း)**
မေမေ	-	**(ဒေါ်ပန်းစုလှိုင်အေး)**



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သန်လျင်မြို့နယ်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅

ဒေါ်စုစုကြည် နှင့် ဒေါ်သန်းရီ
တရားလို **တရားပြိုင်**

တရားပြိုင် ဒေါ်သန်းရီ(ယခင်နေရပ်လိပ်စာ)အမှတ်(စ/၅၇)၊ ဖွံ့ဖြိုးရေး(၂)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုက သင့်အပေါ် သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၂)လမ်း၊ အမှတ်(စ/၅၇)၊ ပေ(၃၀×၆၀)ရှိ မြေကွက်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်)အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုသူ သင်၏ကိုယ်စားလှယ်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) အထက်ပါအမှုနှင့်သက်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၄ ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမှုတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကိုလည်း တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မင်းမင်းကြိုင်)
ဒုတိယမြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာဝင်း မှတ်ပုံတင်မူရင်း [၁၂/လသန(နိုင်)၀၁၄၄၉၉]နှင့် အခွန်စိမ်းစာရွက် ကားနံပါတ် ၈စ/၂၅၃၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မသန္တာဝင်း

ဖုန်း-၀၉-၅၁၂၁၈၉၈၊ ၀၉-၄၂၀၁၀၅၇၆၈



ပါမောက္ခ ကထိကများ

ဦးစီးသင်ကြား၍

ဆရာဝန်၊ M.Sc,B.Ed,S.A.T ဆရာများ Guide လုပ်သည်။

V.I.P ပါမောက္ခဝိုင်း/ဘော်ဒါ (၉တန်း၊ ၁၀တန်း) အမှတ်ကောင်းကောင်းရဖို့ အချိန်မီသင်ပါ။ ၁၀တန်း ဂုဏ်ထူးဝိုင်း သြဂုတ် ၇ရက်စမည်။

တိုက်(၆)၊ အခန်း(၂၀၂)၊ ထူးရေခဲမုန့်အရှေ့၊ ပုဇွန်တောင်ဈေးအနီး၊
ဖုန်း-၀၉-၇၃၀၃၄၈၃၈

SUPER-A-ONE

511231

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဖြိုးသူခင်၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၈၆၀၃၀၅၇

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)သမိုင်း၊ မြေအမျိုးအစား-YCDC၊ မြေကွက်အမှတ်-၁၂/ခ-1၊ ဧက-7.451 အကျယ်အဝန်းထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရပ်အခေါ် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီကျောင်းလမ်း၊ အမှတ်(၂၀) ဟုခေါ်တွင်သော မြေပြင်အနေအထားအရ ဧရိယာ(၇၅ × ၈၀=၂၅ × ၂၆⅔)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိုင်ခန်းအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်မြင့်ကို[၁၂/မရက(နိုင်)၀၁၁၃၅၂]နှင့် ဒေါ်ဇင်မာဝင်း[၁၂/မရက(နိုင်)၁၁၀၀၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ရောင်းဝယ်မှုအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်အရေးဆိုလိုပါက ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရန်ပိုင်စိုး
အထက်တန်းရှေ့နေ(စဉ်-၁၁၃၉၃)
အမှတ်-၁၇၉၊ သစ္စာ(၉)လမ်း၊ ၁၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၇၃၁၂၅၆၈၇

သုခဆည်းဆာပုဂ္ဂလိကဘိုးဘွားစောင့်ရှောက်ရေးဂေဟာ

လူကြီးမင်းတို့အတွက် ပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော ဘိုးဘွားလူနာများ၏ နေရေး၊ စားရေး၊ ကျန်းမာရေးအား သူနာပြုများဖြင့် အချိန်ပြည့်၊ အချိန်ပိုင်းတာဝန်ယူဆောင်ရွက်ပေးပါသည်။

အမှတ်-၂၃၃၊ ဒေါင်းမင်းလမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၆၃၃၉၀၊ ၀၉-၇၃၁၈၉၀၄၇၊
၀၉-၃၁၀၃၅၁၁၆၊ ၀၁-၈၀၁၀၃၄၆၊
၀၉-၇၃၁၆၂၁၅၁

CRANE

09 31589922
09 31268183

09- 7325 2524
09- 730 90 109

ကန့်ကွက်လွှာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာလွှာ

၂၄-၇-၂၀၁၃ ရက် ကြေးမုံသတင်းစာပါ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅(H)၊ လူနေရပ်ကွက်အမှတ်-၄၉၀၊ မြေဧရိယာပေ(၂၀ × ၄၀)၊ ကြောင်မျက်ရှင်လမ်း၊ အိမ်အမှတ်(၁၄)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်တော်ကျွန်မတို့၏မိခင်ကြီး ဒေါ်ခင်ကြည်[၁၂/ဗဟန(နိုင်)၀၆၅၀၉၁]မှ ရောင်းချခြင်းအား ကန့်ကွက်ကြောင်းကို မှားယွင်းကြေညာမိသည့်အတွက် ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် တောင်းပန်ပါကြောင်း အများသိစေအပ်ပါသည်။

ပြန်လည်ရုပ်သိမ်းသူများ
၁။ ဒေါ်ခင်စန်းစန်းတင့်[၁၂/အစန(နိုင်)၁၃၄၃၅၀]
၂။ ဒေါ်အေးသန်း[၁၂/ဗဟန(နိုင်)၀၃၄၂၅၂]
နှင့် သတင်းစာပါကန့်ကွက်သူများအားလုံး

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သန်လျင်မြို့နယ်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၅၇)

ဒေါ်စုစုကြည် နှင့် ၁။ ဒေါ်လှမြိုင်
၂။ ဒေါ်ကြူကြူစိုး

(တရားလို) **(တရားပြိုင်များ)**

(၁) တရားပြိုင်ဒေါ်လှမြိုင်(ယခင်နေရပ်လိပ်စာ) အမှတ်(၃၅၈)၊ မကြီးတန်းလမ်း၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့၊ (ယခုနေရပ်လိပ်စာမသိ)နှင့် (၂)တရားပြိုင် ဒေါ်ကြူကြူစိုး (ယခင်နေရပ်လိပ်စာ) အမှတ်(စ/၅၅)၊ ဖွံ့ဖြိုးရေးလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုက သင်တို့အပေါ် သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၂)လမ်း၊ အမှတ်(စ/၅၅)၊ ပေ(၃၀×၆၀)ရှိ မြေကွက်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုသူ သင်တို့၏ ကိုယ်စားလှယ်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) အထက်ပါအမှုနှင့် သက်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမှုတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကိုလည်း တစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မင်းမင်းကြိုင်)
ဒုတိယမြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၆) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၇) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က)	**နေပြည်တော်**	အမှတ်(၅)တည်းခိုဆောင်ခန်းမ၊ ရွာတော်
(ခ)	**မြစ်ကြီးနားမြို့**	တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ
(ဂ)	**လားရှိုးမြို့**	တိုင်းစစ်ဌာနချုပ်ခန်းမ
(ဃ)	**တောင်ကြီးမြို့**	တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ
(င)	**[illegible]မြို့**	ခလရ(၁၆၁)၊ ယာယီတပ်နယ်ခန်းမ
(စ)	**ကျိုင်းတုံမြို့**	တိုင်းစစ်ဌာနချုပ်၊ ပြည့်ဖြိုးမေတ္တာခန်းမ
(ဆ)	**မော်လမြိုင်မြို့**	ရွှေနတ်တောင်၊ တပ်မတော်အထက်တန်း
(ဇ)	**မြိတ်မြို့**	တိုင်းစစ်ဌာနချုပ်၊ တိုင်းရင်းဆောင်ခန်းမ
(ဈ)	**ရန်ကုန်မြို့**	အထက(၂)မင်္ဂလာဒုံ
(ည)	**ပုသိမ်မြို့**	တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ
(ဋ)	**အမ်းမြို့**	တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ
(ဌ)	**မုံရွာမြို့**	အထက(၂)အလုံ၊ တပ်မတော်ကျောင်း။
(ဍ)	**မန္တလေးမြို့**	အထက(၁၈) နန်းတွင်း။
(ဎ)	**တောင်ငူမြို့**	တိုင်းစစ်ဌာနချုပ်၊ ကေတုမတီခန်းမ

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်/စစ်ဌာနများတွင်ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေး လက်မှတ် ထင်ရှားမပြနိုင်သူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
ရန်ကုန်မြို့

ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက် မော်ကွန်းတိုက်တို့ကို ဆက်သွယ်သည့် ပေါင်းကူးလျှောက်လမ်း စောင်းတန်းကြီး ဆောက်လုပ်ရန်အတွက် ဈေးပြိုင်တင်ဒါပိတ်ရက်ပြောင်းလဲခြင်း

ရွှေတိဂုံစေတီတော် အနောက်ဘက်အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်း အဆောက်အအုံမှ အလယ်ပစ္စယာရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် အဆောက်အအုံတို့ကို ဆက်သွယ်သည့် ၂၅ ပေ အကျယ်ရှိ ပေါင်းကူးလျှောက်လမ်း၌ ၁၃၅၀ Kg ဓာတ်လှေကား(၄)စင်းနှင့် စောင်းထောင့် ၁၂ ဒီဂရီရှိ Travellator(၂)စင်း တပ်ဆင်ရန် ၇-၈-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ဈေးပြိုင်တင်ဒါပိတ်မည်ဟု ကြော်ငြာခဲ့ပါသည်။

အထက်ပါလုပ်ငန်းအား Design ပုံစံပြောင်းလဲရန်ရှိပါသဖြင့် Design ပုံစံအသစ်နှင့်အတူ တင်ဒါပိတ်ရက်အား ထပ်မံကြော်ငြာပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၇၅၇၆၇၊ ၃၇၁၀၈၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

အထက(၁) မင်းဘူးမြို့
တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မင်းဘူးမြို့၊ အထက(၁)၏ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့မည့် တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိဘဲ ကျန်ရှိသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများသည် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီသို့ ဆက်သွယ်ပေးပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် အကြံပြုချက်များနှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ထည့်ဝင်နိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

၁။	ဦးကျော်ဝင်းမြင့်	ဖုန်း-၀၉-၅၃၄၂၇၀၇	၇။	ဦးမြင့်လွင်	ဖုန်း-၀၉-၄၃၀၂၆၆၇၅
၂။	ဦးမျိုးအောင်	ဖုန်း-၀၉-၅၃၄၂၈၀၉	၈။	ဦးပိုင်စိုးသူ	ဖုန်း-၀၉-၄၀၁၅၄၇၁၃၄
၃။	ဦးသိန်းဆွေ	ဖုန်း-၀၉-၅၃၄၂၆၈၄	၉။	ဦးသန်းထိုက်ဦး	ဖုန်း-၀၉-၄၀၁၅၃၆၄၈၈
၄။	ဦးစိုးကျော်သူ	ဖုန်း-၀၉-၅၃၄၂၂၆၃	၁၀။	ဒေါ်မိမိတင်	ဖုန်း-၀၉-၄၂၈၃၃၅၈၈၉
၅။	ဦးလှိုင်မင်းထွန်း	ဖုန်း-၀၉-၅၃၄၂၅၀၉	၁၁။	ဒေါ်နီနီလှိုင်	ဖုန်း-၀၉-၄၀၁၆၇၉၆၀၀
၆။	ဦးသန်းတင့်	ဖုန်း-၀၉-၄၀၁၅၄၁၆၆၄	၁၂။	ဒေါ်ဘီနား	ဖုန်း-၀၉-၅၃၄၁၂၄၂

အောင်စကြာမေ့ရိပ်သာဝါတွင်းတရားစခန်းပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာမေ့ရိပ်သာ၌ (မဟာမေ့ကထိကဗဟုဇနဟိတရေ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည် ခန္ဓာညဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း ဩဂုတ်လ ၂၂ရက်မှ ၂၈ရက်အထိ ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဩဂုတ် ၁၈ရက်နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းကြပြီး မှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ အိပ်ရာလိပ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ ဩဂုတ်လ ၂၁ရက်နေ့ ညနေ ၅ နာရီအရောက် လာကြရပါမည်။ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်များကို ဖုန်း-၀၁-၂၂၄၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ချစ်သမီးလေး ဖြိုးဖြိုးမွေးနေ့ဆုတောင်း

ချစ်သမီးလေး **ဖြိုးအိအိငြိမ်း** (၈)နှစ်မြောက်မွေးနေ့ ၄-၈-၂၀၁၃ ရက်မှာ ချစ်ဘိုးဘိုး ဦးကျော်မြင့်- ချစ်ဘွားဘွား ဒေါ်တာ၊ ချစ်ဘွားဘွား ဒေါ်ကြင်အေးနှင့် ချစ်ဖေဖေ ဦးဌေးမြင့်-ချစ်မေမေ ဒေါ်ဥမ္မာမြင့်၊ ချစ်ဦးလေး၊ ချစ်အန်တီများနှင့် သက်ဆုံးတိုင်ပျော်ရွှင်ပြီး ပညာတတ်ကြီးဖြစ်ပါစေ။

ချစ်ဖေဖေ ဦးဌေးမြင့်၊ ချစ်မေမေ ဥမ္မာမြင့်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေဖေ၊ မေမေတို့၏ တစ်ဦးတည်းသောချစ်သားလေး **မောင်ဟိန်းဇေယျာထွန်း**၏ ၄-၈-၂၀၁၃ ရက်တွင် ကျရောက်သော (၁၃)နှစ်မြောက်မွေးနေ့မှသည် နှစ်ပေါင်း (၁၂၀)တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သားလိမ္မာတစ်ယောက်အဖြစ် အောင်မြင်သော ဘဝတစ်ခုကို တည်ဆောက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - ဗိုလ်မှူးကြီးထွန်းထွန်း
မေမေ - ဒေါ်ပွင့်ပွင့်မျိုး

အထူးကျေးဇူးတင်ရှိခြင်း

အော်စကာ(OSCAR MOVIE SCHOOL)မှ ဒါရိုက်တာ အကယ်ဒမီ ဦးကိုကိုလေး၏ "တမလွန်ကိုကျော်၍" DVD ဇာတ်ကား ရိုက်ကူးကာနီးဆဲဆဲတွင် မရဏမင်းလက်တွင်းမှ အချိန်မီ ကယ်တင်ခွဲစိတ်ကုသပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ၁၉/၂၀ နှလုံးရောဂါနှင့် သွေးကြောရောဂါခွဲစိတ်ကုဌာနမှ ဌာနမှူး ပါမောက္ခ ဦးခင်မောင်လွင်နှင့် မေ့ဆေးဆရာဝန်ကြီးများ၊ ခွဲစိတ်ကုဆရာဝန်များ၊ သူနာပြုဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာ အကယ်ဒမီကိုကိုလေးနှင့်
OSCAR MOVIE SCHOOL

အမြန်ရောင်းမည်

မလိခအိမ်ရာ၊ ရတနာလမ်း၊ စတုတ္ထထပ်၊ ပေ(၃၀×၃၅) Master Bedroom တစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းကျယ်၊ ပါကေးခင်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားခင်း/ကပ်သံပန်းတပ်၊ ရေ၊ မီး အဆင်သင့်နေထိုင်နိုင်သော တိုက်ခန်း ကျပ်(၂၉၅)သိန်း

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၅၀၃၃၃၁၊ ၀၉-၄၂၃၇၂၈၃၁၉

အမည်ပြောင်း

ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်နေ ဦးသန်းဌေး၏ သမီးဖြစ်သူ ထားဝယ်မြို့၊ အထက(၃)၊ သူငယ်တန်းမှ မသူသူထက်အား မသင်းသဇင်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ်(စ/၂၂၅)၊ ဧရိယာ(၀. ၁၅၁)ဧကရှိ ဒေါ်ခင်နှင်းယု [၈/ဆမန(နိုင်)၀၀၈၄၁၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ်(စ/၂၂၆)၊ ဧရိယာ(၀. ၀၆၀)ဧကရှိ ဦးဇော်မင်း[၇/သကန(နိုင်)၀၈၂၃၆၇]၊ ဒေါ်ခင်နှင်းယု[၈/ဆမန(နိုင်) ၀၀၈၄၁၅]တို့ အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(က-၃၀)နှင့်(၂၇/က)ဟုခေါ်တွင်သော အဆောက်အအုံ(၁)လုံး၊ 50 KVA Transformer(၁)လုံး၊ ရေ၊ လျှပ်စစ်မီး၊ တယ်လီဖုန်း(၁)လုံးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါ မြေကွက်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခု သတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးခင်ဝင်း
B.A,H.G.P.,R.L.,D.B.L,D.I.L,D.M.L
M.P.A,M.A (BL),PGDIT(New Delhi),D.Jap.(UFL)
အထက်တန်းရှေ့နေ (စဉ်-၂၆၅၇)
အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၇)၊ လူနေရပ်ကွက်အမှတ်-(ရတနာအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်(၁၅၁)၊ ဧရိယာ(၀. ၁၁၈)ဧက၊ (၅၁၃၅ စတုရန်းပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကိုအမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပါကျွန်း[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B (စဉ်-၂၃၂၉၉)	**LL.B, DBL, DML (စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၃)၊ လူနေရပ်ကွက်အမှတ်(S-၉)၊ မြေကွက်အမှတ်(၁၂၉)၊ မြေဧရိယာ(၀. ၁၆၁)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အမှတ်(၆၈/၇၀)ဟု ခေါ်တွင်သည့် အိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးနန်း[၉/မနမ(နိုင်)၀၀၀၂၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သူရလမ်းနှင့် ရာဇာဓိရာဇ်လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်များဖြင့်ဝယ်ယူ၍ လက်ရောက်ရယူပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွေးနွေး[၁၂/တမန(နိုင်)၀၉၃၆၅၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်သိန်း[၉/မကန(နိုင်)၀၅၇၀၅၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးမောင် (LL.B)	**ဒေါ်သီတာအောင်(အင်းတကော်) (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၉၈၄)	**အထက်တန်းရှေ့နေ (စဉ်-၃၀၂၁၉)**

အမှတ်-၃၊ ၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၈၄၆၀၁၊ ၀၉-၇၃၁၇၀၀၇၆

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)
O.T.S(31)
အသက်(၇၄)နှစ်

ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)သည် ၃၀-၇-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်နန်းတစ်
အသက်(၈၄)နှစ်
(ကျိုင်းတုံ)

ကျိုင်းတုံမြို့၊ ဆွန်လုံရပ်ကွက်(၃)၊ လွယ်မွေလမ်းနေ စိုင်းခမ်းကျော် (ထိုင်းဧည့်လမ်းညွှန်)၏မိခင် ဒေါ်နန်းတစ်သည် ၁-၈-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ထိုင်းဘာသာဧည့်လမ်းညွှန်များ
မိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေးကို(တောင်သာ-မြင်းခြံ) (၇၃)နှစ်
စီမံစီးပွား(၄)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)
ကောင်းထက်လျှံ စားသောက်ဆိုင်(ဒလမြို့နယ်)

မြင်းခြံမြို့နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်အမာကြူ)၊ ဒေါ်ခင်စန်းရီတို့၏ ခင်ပွန်း၊ ဦးမြင့်ဇော် (Dedinbell Co.,)-ဒေါ်ဥမ္မာကို၊ (ဦးသန်းထိုက်ကို-ဒေါ်ကျော့ကျော့ခိုင်)၊ ကိုကျော်စိုးဝင်း-ဒေါ်နွယ်နီကို(MITT)၊ ဦးမျိုးသီဟ (Uniteam)၊ ဒေါ်ဖြူမာကို(ဒါနဗုဒ္ဓဂယာ)၊ ဦးထိန်ဝင်းကို(စင်ကာပူ)၊ ဦးမင်းမင်းကို၊ ဦးဓူဝံကို-ဒေါ်သန်းသန်းဆုကျော်(စင်ကာပူ)၊ မောင်ဟိန်းထက်ကို-မပိုးဘရဏီစံ၊ မဇင်မီမီကိုတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပန်းဆိုးတန်းလမ်းနှင့် ၃၅၄/၁၆၊ စက်မှု (၁)လမ်း၊ ရန်ကင်းတို့မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးကို(တောင်သာ/မြင်းခြံ) (၇၃)နှစ်
စီမံစီးပွား (၄)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)
ကောင်းထက်လျှံ စားသောက်ဆိုင် (ဒလမြို့နယ်)

မြင်းခြံမြို့နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်အမာကြူ)၊ ဒေါ်ခင်စန်းရီတို့၏ခင်ပွန်း၊ ဒေါ်မြမြဝင်း (ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာရွှေအိုး(ဆေးရုံ အုပ်ကြီး-ငြိမ်း)-ဒေါ်ကြည်သန်း (အ. ထ. ပြ-ငြိမ်း)၊ (ဒုရဲမှူး ဦးငွေသိန်း)-ဒေါ်နွဲ့နွဲ့စန်း၊ ဦးတိုင်းဝေ (ဦး/ရှ်ဆမ-ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြမြနှင်း (ဦး/ရှ်၊ ထွေအုပ်-ငြိမ်း)၊ ဦးဇော်ဝင်းမြင့် (ဦး/ရှ်၊ ဆမ၊ မြင်းခြံ)-ဒေါ်ဝင်းဝင်း၊ ဒေါ်မြမြသင်း (ပညာရေးမှူး၊ ဒဂုံမြို့နယ်)၊ ဦးသိန်းထွန်းအောင် (ရေကြောင်းပို့ဆောင်ရေးမှူး)-ဒေါ်ခင်မျိုးလွင်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

ဝမ်းနည်းကြေကွဲခြင်း
Dr. ဇာနည်နေသာ
အသက်(၂၉)နှစ်
M.B., B.S, DMA(First Year)
Yangon Institute of Economics
Star Moe Yan Treading Co.,Ltd.

၂၇-၇-၂၀၁၃ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MBC
Management & Business Care
Software Company

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဝိသာခါ ကျောင်းအမကြီး
ဒေါ်ကြူ (၈၈)နှစ်
(ပူးနှစ်ကောင်ဒန်အိုးဆိုင်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ်(၁၁၉)နေ (တန်အော်ရှန်း-ဒေါ်ညွန့်)တို့၏သမီး၊ [ကိုးဝေချွမ်း(ခ) ဦးကျော်ခိုင်(ခ)ခန့်ချောကြီး]၏ ဇနီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၂၅)နေ ဦးဝင်းနိုင်-ဒေါ်ခင်မြင့်ဆွေ၊ (ဦးကျော်တင့်)-ဒေါ်ခင်မြင့်ကြည်၊ ဦးအုန်းငွေ-ဒေါ်တင်တင်ခိုင်၊ ဦးသိန်းမြိုင်-ဒေါ်အေးအေးခိုင်၊ ဦးကြည်ဖေ-ဒေါ်မြမြရင်၊ ဦးကျော်တင့်-ဒေါ်သက်သက်ခိုင်(ခ) ဘိလေ၊ ဦးခင်မောင်ချို(ခ) အောင်ခန့်-ဒေါ်ခင်ခင်ထွေး၊ ဦးအောင်စိန်(ခ)ကိုအေးချို-ဒေါ်စန္ဒာဝင်း၊ ဒေါ်သန်းသန်းခိုင်၊ ဦးသန်းနိုင်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၅ ယောက်၊ မြစ် ၁၇ ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ကြူသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်ငွေ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ်(၆၇၀)နေ ဦးသိန်းဟံ၏ဇနီး၊ ဦးအောင်တင် (AYG သဘောကုမ္ပဏီ)-ဒေါ်တင်တင်လှိုင်၊ ဦးညွန့်ရွှေ-(ဒေါ်မြ မြညွန့်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ထွန်း (၈၃)နှစ်
(မကွေးမြို့နယ်အသင်းနာယက)
ညွှန်ကြားရေးမှူး(ငြိမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ (၆)မိုင်၊ အမှတ်(7-ဒီ)နေ (ဦးအောင်ဖေ-ဒေါ်ကျစ်)တို့၏ အငယ်ဆုံးသား၊ [ဒေါ်နှင်း (အထက-၂ လှိုင်၊ အထက်တန်းပြဆရာမ-ငြိမ်း)]၏ခင်ပွန်း၊ ဦးဇော်ထွန်း၊ ဦးဝင်းမြင့်သိန်း-Dr.ဒေါ်နှင်း နှင်းတင်၊ (ဦးသူရမောင်)-ဒေါ်ယုယုတင်၊ ဒေါ်နုနုတင်၊ ဦးအောင်ဦးကျော်-Dr. ဒေါ်ဥမ္မာတင်တို့၏ဖခင်၊ (မောင်ဥက္ကာ မောင်မောင်ကြည်)၊ မဇွန်ထက်ပွင့်၊ မောင်ရဲပိုင်ထွန်း၊ မတင်ထက်ဝင့်၊ မထက်ထက်အောင်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်ထွန်းသည် ၁-၈-၂၀၁၃ ရက် ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်ကို ခန္ဓာဗေဒဌာန ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပြည်လမ်းသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ထွန်း (၈၃)နှစ်
(မကွေးမြို့နယ်အသင်းနာယက)
ညွှန်ကြားရေးမှူး(ငြိမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း (၆)မိုင်၊ အမှတ်(၇-ဒီ)နေ (ဦးအောင်ဖေ-ဒေါ်ကျစ်)တို့၏ အငယ်ဆုံးသား၊ [ဒေါ်နှင်း(အထက်တန်းပြ-ငြိမ်း၊ အထက-၂လှိုင်)]၏ ခင်ပွန်း၊ (ဦးခင်မောင်-ဒေါ်သန်းကြည်)၊ (ဦးအုန်းကျော်-ဒေါ်မြကြည်)၊ (ဦးချစ်)-ဒေါ်လှလှ၊ (ဦးဘတွတ်-ဒေါ်မေရီ)၊ (ဦးဘအုန်း-ဒေါ်အေးကြင်)၊ (ဦးတင်အုန်း)-ဒေါ်ခင် ဝင်းကြည်၊ (ဦးဘလှိုင်)-ဒေါ်မြခင်တို့၏ ညီ/မောင်၊ (ဒေါ်ခင်ဌေးရီ)၊ ဒေါ်ခင်သန်း ဆွေ၊ (ဦးခင်ဇော်)၊ ဒေါ်စန်းစန်းမော်၊ ဒေါ်အမာကြူ၊ ဒေါ်ဖြူဖြူ၊ဒေါ်ရင်ရင်မေ၊ဒေါ်ခင်မော်မော်၊ဒေါ်ခင်ကျော်ကျော်၊ ဒေါ်ခင်အုန်းချစ်၊ (ဦးဝင်းတင်)၊ ဒေါ်တင်တင်မေ၊ဒေါ်မြင့်မြင့်အုန်း၊ ဒေါ်ဆွေဆွေအုန်း၊ ဒေါ်မူမူအုန်း၊ ဒေါ်တင်တင်ချို၊ ဦးမင်းအောင်၊ (ဒေါ်ခင်သန်းလှိုင်)၊ ဦးကျော်ဆန်းလှိုင်၊ ဦးဇော်ဝင်းလှိုင်၊ ဒေါ်ခင်ပြုံးလှိုင်၊ ဦးအောင်ဝင်းလှိုင်၊ ဒေါ်ခင်ယုလှိုင်တို့၏ ချစ်လှစွာသော ဦးလေး ဦးတင်ထွန်းသည် ၁-၈-၂၀၁၃ ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်ကို ခန္ဓာဗေဒဌာန၊ဆေးတက္ကသိုလ်(၁)၊ပြည်လမ်း၊ ရန်ကုန်သို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူ တူ၊တူမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှကျင်(ဟဲဟိုး)
အသက်(၈၀)

ဟဲဟိုးမြို့၊ နန်းကုန်းရပ်ကွက်နေ (ဦးကျော်ဖဲ)၏ဇနီး၊ ဦးကျော်ဦး-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်တိုး-ဒေါ်စုစုကြည်၊ မစုစုရီ၊ ဦးကျော်ထူး-ဒေါ်နန်းဝိုးနွန်း၊ မစုစုနီ၊ ဦးကျော်လင်း-ဒေါ်စန္ဒာဝင်း၊ (ဦးကျော်မင်းအောင်-ဒေါ်ချိုချိုမာ)၊ မသင်းသင်းဝေတို့၏ မွေးသမိခင်၊ မြေကိုးယောက်တို့၏ အဘွားသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟဲဟိုးမြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ကျောင်းအမ
ဒေါ်ပါးပါး အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၁၅)နေ [ဦးဆာမိ(ခ)ဦးမားဒဆာမိနား ဒါးရ်]၏ ချစ်လှစွာသော ဇနီး၊ (ဦးမူနီရက်ပါး)၊ ဦးဇော်ဇော်-ဒေါ်စန္ဒာ (သစ်ဟောင်းရောင်းဝယ်ရေး)၊ ဦးတင်အောင်-ဒေါ်မြင့် မြင့်ခိုင် (အောင်မြင့်မြတ် ဂုန်နီအိတ်၊ ပီနံအိတ်ရောင်းဝယ်ရေး၊ ပုသိမ်မြို့)၊ ဦးမောင်မောင်မြင့်-ဒေါ်နီနီဝင်း(သစ်ရောင်းဝယ်ရေး)တို့၏ မွေးသမိခင်ကျေးဇူး ရှင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၇-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ (ကြာသပတေးနေ့)တွင် ရေဝေး ဟိန္ဒူသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တအရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ချမ်းသာကြီး ဆန်လှူသင်းဩဝါဒါစရိယ
ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဩဝါဒါစရိယ
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မဟာနန္ဒိသေနာရာမတိုက် ပဓာနနာယကတိုက်အုပ်ဆရာတော် ဘဒ္ဒန္တအရိယာဘိဝံသ အရှင်သူမြတ်သည် (၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်) ၆-၈-၂၀၁၃(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်၊ ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
ဦးအေးကို (၇၃)နှစ်

တောင်သာမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်တာဝန်ထမ်းဆောင်ခဲ့သူ ဦးအေးကိုသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၂း၂၀ နာရီ တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာ ရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်သိန်း(မော်လမြိုင်)
B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ
ဥပဒေအရာရှိ(ငြိမ်း)

၂၉-၇-၂၀၁၃ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သင်တန်းဆင်းသူငယ်ချင်းများ
အောင်ဆန်းတပ်ခွဲ(၆)
ဗဟိုဝန်ထမ်းတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးလှမောင်
အသက်(၇၇)နှစ်

ကိုဌေးဝင်း-မမိုးသီတာ(ချင်းတွင်းပွဲရုံ၊ သီရိမင်္ဂလာဈေး)တို့၏ဖခင်ကြီး ဦးလှမောင် အသက်(၇၇)နှစ်သည် ၂၉-၇-၂၀၁၃ ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဌေးဦး-ဒေါ်ကြူကြူမြင့်
ရွှေချမ်းသာဒေါင်းမင်းဂေဟာမိသားစု
မူဆယ်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဖေရောင်(ခ)ဦးသိန်းလွင်
အသက်(၈၇)နှစ်
သွားစိုက်ဆရာကြီး C.D.P (မြိတ်)

ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ စံပယ်ကွန်ဒို၊ အခန်းအမှတ်(၈-A)၊ လမ်းမတော်မြို့နယ် နေဒေါ်အေးကျင်၏ခင်ပွန်း၊ မန္တလေးမြို့၊ အမှတ်(၃၁၇)၊ (၂၈)လမ်း၊ (၈၄×၈၅)လမ်းကြားနေ ဦးသန်းထိုက်-ဒေါ်အေးအေးမြင့်တို့၏ဖခင်ကြီးသည် ၂၆-၇-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

Mandalay Sedona Morning Gym
Members

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြင်ဌေး (၈၄)နှစ်
(ပါမောက္ခ-ငြိမ်း)

ဆရာမကြီး ဒေါ်ကြင်ဌေး(ပထဝီဝင်ဌာန)သည် ၂၈-၇-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ ဆရာမကြီးမြင့်မြတ်သော ဘုံဘဝ၌ခံစား၊ စံစားနိုင်ပါစေ။

(၁၉၆၇-၁၉၇၂)
တပည့်ဟောင်းများ၊ ပထဝီဝင်
မိသားစု၊ ဒီဂရီကောလိပ်
မော်လမြိုင်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းညွန့် (၈၂)နှစ်
ရုံးအုပ်ကြီး(ငြိမ်း)-သတက(၃)
ဥက္ကံမြို့နယ်အသင်း

ဥက္ကံမြို့နယ်နေ(ကျောင်းအုပ်ဆရာကြီး ဦးသိန်း-ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေလှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၈)နေ ဒေါ်စောအေး(ခ)ဒေါ်ဝိုင်း၏ခင်ပွန်း၊ ဦးတင်ညွန့်(ရန်ကုန်စီးပွားရေးတက္ကသိုလ်-ငြိမ်း)-ဒေါ်ခင်အေး၊ ဦးဝင်း(အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)-ဒေါ်တင့်ရီ(ဘိုကလေး TTC-ငြိမ်း)၊ ဦးခင်မောင်ဝင်း(အခြေခံပညာ-ငြိမ်း)-(ဒေါ်သန်းရီ၊ တိုင်းပညာရေးမှူး)၊ ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်စန်းတို့၏အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်လှ(အမက-၁၂ အင်းစိန်)၊ ဒေါ်တင်တင်လှ (ဟိဏ်းထက်အောင်စတိုး)၊ ဒေါ်အေးအေးမြင့်(အင်္ဂလိပ်စာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ကိုတင်အောင်သန်း (အာရှစနဘဏ်-ငြိမ်း)-ဒေါ်စုစုဝင်း(ပင်စင်ဦးစီး-ငြိမ်း)၊ [ရဲအုပ်ဝင်းမြင့်သန်း(ခ)ဝင်းလေး သတင်းတပ်ဖွဲ့]-ဒေါ်ကြည်ကြည်လွင် (သတင်းတပ်ဖွဲ့-ငြိမ်း)တို့၏ချစ်လှစွာသော မွေးသဖခင်ကြီး၊ မဆုပြည့်စုံ (အထက-၃၊ တောင်ဥက္ကလာပ)၊ မသင်းနန္ဒီဇော်၊ မောင်သန့်နေဇော်(အမက-၁၂ အင်းစိန်)၊ မသီရိစုံ(အမက-၁၁၊ တောင်ဥက္ကလာပ)တို့၏အဘိုးသည် ၂-၈-၂၀၁၃ (သောကြာနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်ကျင်ရီ(ခ)ဒေါ်လေးရီ (၇၂)နှစ်
(နွေဦးသဘော်ဆေးဆိုင်)
(စမ်းချောင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးတင်အုန်း-ဒေါ်မြခင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းကြည်-ဒေါ်ကျင်လှိုင်)တို့၏သမီး၊ အမှတ်(၁၄၂)၊ အခန်း(၃)၊ ဗားကရာလမ်းနှင့် အမှတ်(၇၂-၇၇)၊ ရွှေတိဂုံဘုရားလမ်းနေ ဦးမြင့်ကြည်၏ ချစ်လှစွာသောဇနီး၊ ဦးမြတ်ဦး၊ ဒေါ်သင်းသင်းကြည်(နွေဦးသဘော်ဆေးဆိုင်)၊ ဦးမျိုးဦး-ဒေါ်စမ်းစမ်းအေး(မျိုးဆက်သစ်အိမ်ဆောက်ပစ္စည်းဆိုင်)၊ ဦးအောင်မြင့်ဦး-ဒေါ်အေးအေးမော်(ဇောတိကအိမ်ဆောက်ပစ္စည်းဆိုင်)တို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွား ဒေါ်ကျင်ရီ(ခ)ဒေါ်လေးရီသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၇း၀၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ အမှတ်(၁၄၂)၊ အခန်း(၃)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးအောင်ကြည်(ပွြန်တန်ဆာ)
အသက်(၈၃)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ မြေအမှတ်(၁၅)နေ (ဦးသိန်း-ဒေါ်မြရင်)တို့၏ သားကြီး၊ (ဦးကျော်ငန်း-ဒေါ်လှ)တို့၏ သားသမက်၊ (ဒေါ်လှရီ)၏မောင်၊ (ဦးမြင့်သန်း)-ဒေါ်ဝင်းကြည်၊ ဦးမျိုးညွန့်-ဒေါ်ခင်ညွန့်နှင်းတို့၏အစ်ကို၊ ကိုအောင်ကျော်မိုး-မချိုချိုအောင်၊ ကိုကျော်ဝင်းအောင်တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး။ မဖြိုးသဥ္ဇာကျော်၏အဘိုး၊ ဒေါ်တင်တင်ဝင်း (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ခင်ပွန်း၊ တူ/တူမ ၁၅ ယောက်တို့၏ဘကြီး ဦးအောင်ကြည်သည် ၁-၈-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၂း၁၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်မွေး
အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(စီ-၇)၊ အခန်း(၀၀၂)၊ မြေညီထပ်နေ ဦးစံမြင့်၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်ခင်ရွှေ၊ ဦးတင်ဝင်း-ဒေါ်လေးတင်၊ ဦးစိုးမြင့်၊ ဦးတင်စိုး-ဒေါ်သက်သက်နွယ်၊ ဦးစိုးအောင်-ဒေါ်ကစ်တီထန်းဘူ၊ (ဦးသိန်းထွန်း၊ ဒေါ်လှလှဝင်း)တို့၏ အစ်မ၊ ဦးနေဝင်း-ဒေါ်ခင်စန်းဝင်း၊ ဒေါက်တာထိန်ဝင်း-ဒေါက်တာခင်မေသွင်၊ ဦးကြည်ဝင်း-ဒေါ်မာမာစိန်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ရီရီဝင်း၊ ဒေါ်နွဲ့ယဉ်ဝင်း-ဦးဉာဏ်ထူး၊ ကိုမျိုးမင်းအောင်-မသီတာဝင်းတို့၏မိခင်၊ မောင်ကောင်းမြတ်ဝင်း၊ မောင်အောင်မျိုးသန့်၊ မဆုသုန္ဒြီသွင်၊ မမေမြတ်နိုးဝင်း၊ မချစ်စုတို့၏ အဘွားသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၈း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စိန်တင်(ဒေးဒရဲ)
အသက်(၈၉)နှစ်

ဒေးဒရဲမြို့၊ အထက်ပိုင်း၊ ဒေါနလမ်း၊ အမှတ်(၇)နေ (ဦးမြင့်လွင်)၏ဇနီး၊ သုဝဏ္ဏ၊ စိန်ပန်းမြိုင်လမ်းနေ ဦးမြင့်အောင်(အသင်းဝင်-၁၀၄၉)၊ ဒေါ်ရီရီမြင့်၊ ဒေါ်ခင်ဆွေမြင့်၊ ဦးမြင့်စိုး၊ ဦးမြင့်ခိုင်၊ ဦးမြင့်နိုင်၊ ဒေါ်ဝါဝါမြင့်။ ဒေါ်မူမူမြင့်၊ ဒေါ်ဥမ္မာမြင့်တို့၏ မွေးသမိခင်၊ မြေး ၂၅ ယောက်၊ မြစ် ၁၇ယောက်တို့၏အဘွား ဒေါ်စိန်တင်သည် ၁-၈-၂၀၁၃ ရက် နံနက် ၁၁း၃၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၃ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပိုင်းသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးစိုးလွင် (၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၃၃၁)နေ (ဦးအောင်ကို-ဒေါ်စိမ်းလှ)တို့၏သား၊ (ဦးမြမောင်-ဒေါ်မေမေကြည်)တို့၏ သားသမက်၊ ဦးလေးနိုင်-ဒေါ်ပပလွင်၊ ဦးဇော်မော်တို့၏ ဖခင်၊ မြေးသုံးယောက်၏အဘိုး၊ ဒေါ်ငွေငွေလွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြာအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်ဝင်း (၆၅)နှစ်
(မြောင်းမြ)

မြောင်းမြမြို့နေ (ဦးမောင်ရွှေ)-ဒေါ်ကျင်ဆိုင်တို့၏ သား၊ အမှတ်(၃၃)၊ ရန်ပြေ (၁၇)လမ်းအနောက်၊ သာကေတမြို့နယ်နေ ဒေါ်စန်းကြည်၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်မြအေး၊ ဒေါ်စန်းဝင်းတို့၏အစ်ကို၊ မရီရီရွှေ၏ဖခင်၊ မောင်ပြည့်စုံ၏အဘိုး ဦးမောင်ဝင်းသည် ၃-၈-၂၀၁၃(စနေနေ့) ၁၂း၁၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြကျင်(ခ)မာမီကျင်
အသက်(၉၂)နှစ်
ဆည်းဆာခိုကိုးရာမဲ့
ဘိုးဘွားဂေဟာ

(ဗိုလ်မှူးဇော်ထွန်း) အလုပ်သမားဝန်ကြီးဌာန (ဝါဏိစ္စ)၏ဇနီး ဒေါ်မြကျင်သည် ၂-၈-၂၀၁၃ရက် ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီးမီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးတင်ဝင်း(ခ)ဦးဗိုပိန်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးရွှေခိုင်-ဒေါ်စိန်မြိုင်)တို့၏ သား၊ (ဦးမောင်ဟန်-ဒေါ်ကောက်)တို့၏ သားသမက်၊ ဦးတင်ဝင်း-(ဒေါ်ရင်ကြည်)တို့၏မောင်၊ ဦးသန်းအောင်၊ (ဦးသိန်းလှိုင်)-ဒေါ်နွဲ့နွဲ့ခင်၊ ဦးရဲညွန့်-(ဒေါ်စုစုခင်)၊ (မောင်လှမိုး)-မစန်းစန်းဝေ၊ မောင်ခင်မောင်အုံး-မမြင့်မြင့်ထူး၊ မောင်ဝင်း-မလှလှဝင်းတို့၏ အစ်ကို၊ (ဦးရဲဝင်း-စာရေးဆရာ နီကိုရဲ)-ဒေါ်နိုင်နိုင်ဝင်း၊ ဗိုလ်မှူးကျော်ကျော်ထွန်း(သထုံမြို့)-ဒေါ်ကေသွယ်ဦး(အထက-ခွဲ၊ နောင်ကုလား၊ ရှမ်းရွာ၊ သထုံမြို့)တို့၏ ဖခင်၊ မဆုပြည့်စုံကျော်၊ မောင်လင်းမြတ်တို့၏ အဘိုး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၇)၊ အခန်း(၁၀၆)နေ ဒေါ်မြကြည် (သဃ်န်းကျွန်းမြို့နယ် ထွေ/အုပ်-ငြိမ်း)၏ခင်ပွန်း ဦးတင်ဝင်းသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အောင်ဇေယျနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးခင်ကို
အသက် (၇၅)နှစ်
လမ်းပုံထုပ်-ဆောက်လုပ်ရေး(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း (၄)လမ်း၊ အမှတ်(၁၀၈)နေ (ဦးထွန်းမြိုင်-ဒေါ်လှရှင်)တို့၏ သား၊ ဒေါ်ဝင်းမေ၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်စန်းလင်း၊ ဦးအောင်သူ၊ ဦးကောင်းမြတ်သူ-ဒေါ်သျှင်စိုးမိုး(တိုင်းရင်းဆေး)တို့၏ ဖခင်၊ မောင်ဉာဏ်လင်းထွန်း (လေကြောင်းတက္ကသိုလ်)၊ မသွန်းရွှေရည်ဝင်း(ရန်ကုန်နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်ရွှေပြည်ဟိန်းတို့၏ အဘိုးသည် ၃-၈-၂၀၁၃ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ (သောကြာနေ့)တွင် အမှတ် (၁၀၈)၊ သမိုင်း (၄) လမ်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပေါက်မြို့နယ်အသင်း(ရန်ကုန်)
အသင်းဝင်
ဦးစိန်ပို (၆၇)နှစ်
(ဒု-ဦးစီးမှူး-ငြိမ်း၊ပြည်တွင်းအခွန်)
(ပခုက္ကူ)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၃၅) နေ (ဦးစံပါး-ဒေါ်လုံး)တို့၏သား၊ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နေ ဆရာဦးခင်မောင်-ဒေါ်ရီတို့၏ သားသမက်၊ ဒေါ်ခင်သန်းနု (AGD ဘဏ်ခွဲ-လမ်းမတော်၊ ငွေစုဘဏ်ခွဲ-၄၊ ငြိမ်း)၏ ခင်ပွန်း၊ မောင်ဇေယျာ (IT ပါရမီဆေးရုံ)၊ မဝင်းနီလာပို (ယုံရှင်းကုမ္ပဏီ)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးစိန်ပိုသည် ၂-၈-၂၀၁၃ ရက် မွန်းလွဲ ၂း၂၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ပေါက်မြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း (၇၈)နှစ်
B.A(LAW)-BL
(မန်နေဂျာ၊ ဟိုတယ်/ခရီး-ငြိမ်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ်(၂၈)၊ (၃)လမ်း၊ ပင်လုံရိပ်မွန်နေ (ဦးမောင်သိန်း-ဒေါ်ခင်ခင်)တို့၏သား၊ [ဒေါ်ခင်အုန်း(စား/ထွေ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းထွန်း)၏ညီ၊ (ဒေါ်ပဲ)၏အစ်ကို၊ [ဗိုလ်ကြီးမင်းဇင်ဦး(လေ)]-ဒေါ်သိမ့်သိမ့်ဆွေ၊ ဦးဇော်ဝင်းဆွေ-ဒေါ်နီလာနွယ်၊ ဒေါ်မျိုးမျိုးသွင်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်အောင်-ဒေါ်ထွေးမာအေး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ခန့်စည်သူဆွေ၊ မောင်ဇော်ဇင်ဦး၊ မောင်ပိုင်ဇင်ဦး၊ ရှောင်နစ်ကီအောင်တို့၏ဘိုးဘိုးကြီး ဦးမြင့်သိန်းသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၄း၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီသိန်း (၇၂)နှစ်
(မန်နေဂျာ၊ ဆောက်/လျှပ်-ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၆)၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျော်ငြိမ်း-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ (ဒေါ်ခင်ပြုံးကြည်)၊ ဦးကီးလှတင်၊ (ဒေါ်ခင်လုံးရီ)တို့၏ ညီမ၊ ဒေါက်တာဒေါ်ခင်အုံးကြည်၏အစ်မ၊ ဒေါက်တာညီညီလင်း-ဒေါက်တာတင်မိုးဖြူ (ရန်ကုန်ကလေးဆေးရုံကြီး)၊ ဦးသာထွန်း၊ ဒေါ်တင်မိုးသူတို့၏အဒေါ်၊ မောင်ထွဋ်လင်းဦး၊ မောင်ဘုန်းမြတ်သာတို့၏အဘွား ဒေါ်ခင်ရီသိန်းသည် ၃-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ် (၆၄)နှစ်
(မန်နေဂျာ၊ ရောဝတီဘဏ်လီမိတက်၊ ရုံးချုပ်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၈)ရပ်ကွက်နေ (ဦးလှဘော်)-ဒေါ်မေမေခင်တို့၏ မောင်၊ တာမွေမြို့နယ်၊ (၁၄၈)လမ်းနေ ဒေါက်တာကျော်လင်း-ဒေါ်ခင်ဝင်း၊ သုဝဏ္ဏ၊ အထကအထက်တန်းပြဆရာမ ဒေါ်တင်တင်ရီတို့၏အစ်ကို၊ သုဝဏ္ဏ၊ ကောက်လျှင်လမ်းသွယ်(၂)နေ (ဦးတင်အေး)-ဒေါ်အုံးမြင့်တို့၏ညီ၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၄)နေ ဒေါ်စန်းစန်းငွေ (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူအောင်၊ မောင်ပိုင်စိုး-မဆုမွန်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃-၈-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
ဦးသန်းအောင်(နာယကကြီး)
မိုးကုတ်ဝိပဿနာ
ဇနိတာရာမကျောင်း
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၄၁)နေ (ဒေါ်အုံးကြည်)၏ ခင်ပွန်း၊ (ဦးဝင်းကြည်)-ဒေါ်သန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းကြည်၊ ဦးသိန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးဝင်းစိန်)-ဒေါ်အုံးကျင်၊ ဒေါ်သောင်းတင်၊ ဦးမြင့်မောင်-ဒေါ်ခင်ပြုံး၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းမြ၊ ဦးသိန်းလွင်-ဒေါ်ခင်ခင်ငွေ (Tiens)၊ ဦးနန္ဒောဘာသ(ခ) ဦးငွေအောင်၊ ဦးမိုးသူ-ဒေါ်သန်းသန်းငွေ၊ ဦးဇော်ဝင်းထွေး-ဒေါ်ထွေးထွေးကြည် (အထက-၁၊ ဒေါပုံ)တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၂၆ ယောက်၊ မြစ် ၁၆ ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ (သောကြာနေ့) ည ၁၀း၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွင်ပါမည်။) [လမ်းညွှန်-၆၂၊ ၁၀၅၊ ၃၄၊ ၂၁၀၊ ၃၂၊ ၃၅၊ ရွှေစည့်သည်-၂၊ ၆၅ လိုင်းကားများ စီး၍ သဘော်ကျင်းမှတ်တိုင်တွင် ဆင်းပါ။]

ကျန်ရစ်သူမိသားစု

ဦးစောမောင်(ကောင်းမြတ်ကဖီး)
အသက်(၇၀)

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငမြကြီးကျေးရွာနေ (ဦးကျော်အေး-ဒေါ်အုန်းညွန့်)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ နယူးစီပီလိုင်းနေ (ဦးထွန်းအောင်-ဒေါ်သန်းသန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၃၈၂)နေ ဒေါ်တင်တင်ဝင်း(ခ) ဒေါ်ညို-ဒေါ်ခင်မာချိုတို့၏ ခင်ပွန်း၊ (မောင်ဉာဏ်မြင့်)၊ မသူဇာညွန့်၊ မောင်နေလင်း-မဇင်မာတို့၏ ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၂-၈-၂၀၁၃ (သောကြာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းညွန့် (၇၆)နှစ်
(အင်ပါယာ)(မြန်အောင်)

တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁၂)၊ လေးလွှာ(A)နေ [ဦးသိန်းမောင်-ဒေါ်ချစ်(ဒိုက်ဦး)]တို့၏ သမီးငယ်၊ [ဦးမောင်စိန်(ခ)ဦးပြန့်ထောင်]၏ ဇနီး၊ မြန်အောင်မြို့နေ ဦးသန်းရွှေ-ဒေါ်သန်းအေး၊ ဦးဝင်းမောင်-ဒေါ်စမ်းစမ်းမွေး၊ ရန်ကုန်မြို့နေ ဦးအောင်ဝင်း-ဒေါ်စန်းစန်းငွေ၊ ဦးခင်မောင်ထွေး(ခ)ကိုလင်းမောင်-ဒေါ်ထက်ထက်၊ (ဦးလှထွန်း)-ဒေါ်စန်းစန်းအေး(ခ)မိုးမိုး၊ (ဦးခင်မောင်အေး)-ဒေါ်ဖြူဖြူစိုး(U.S.A)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၈-၂၀၁၃ ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ငွေ(လပွတ္တာ)
အသက် (၅၇)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ တွံတေးလမ်း၊ အမှတ်(၅၇၆)နေ ဦးငြိမ်းဦး (သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၏ဇနီး၊ သံတောင်ကြီးမြို့၊ တပ်မတော်ဆေးရုံကြီးမှ ဗိုလ်ကြီးသန်းဇော်လင်း၊ (ဗိုလ်ကြီးလင်းသက်ဖြိုး)၊ ရေးမြို့နေ ဒေါက်တာရန်လင်းအောင်၊ ဒေါက်တာအောင်မိုးစံတို့၏မိခင်သည် ၂-၈-၂၀၁၃(သောကြာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွား ပါ၍ ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [၃-၈-၂၀၁၃ ကြေးမုံသတင်းစာပါ နာရေးကြော်ငြာတွင် ထိန်ပင်သုသာန်အား ရေဝေးသုသာန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။]

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃-၈-၂၀၁၃ စာမျက်နှာ(၂၃)ပါ ကိုဘွယ်ဟူး၏ နာရေးကြော်ငြာတွင် အသက်(၆၄)နှစ်အစား (၄၆)နှစ်ဟု လည်းကောင်း၊ ဆရာမ Lindo Laipek, Liena အစား ဆရာမ Linda-Lai Pek Liana ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
နေနတ်သားစာသင်တိုက် နာယကချုပ်
ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ
ဘဒ္ဒန္တကလျာဏ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
သိက္ခာတော် (၇၁)ဝါ၊ သက်တော်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက်နာယကချုပ်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဖြစ်တော်မူသော သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ်ရှိ ကျေးဇူးတော်ရှင် နေနတ်သားဆရာတော်ကြီး ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်) ၂-၈-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မြတ်ကို (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်) ၈-၈-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး အန္တိမစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်၊ ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)

စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်နု(ဖျာပုံ) (၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ (၅)လမ်းထိပ်၊ အမှတ်(၆၀၁)နှင့် လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ အမှတ်(၆၄)နေ (ဦးဘလွန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးကျင်အောင်(နာယက၊ မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်း၊ 'အောင်'မိသားစု ဆန်ပွဲရုံ၊ ဘုရင့်နောင်)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ငွေ(အုပ်ချုပ်မှုဒါရိုက်တာ၊ ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ)- ဒေါ်စုစုအောင်၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်တို့၏ မွေးသမိခင်၊ မောင်အောင်ဖြိုးမင်း၊ မောင်ထူးအိမ်လွင်၊ မမေနန္ဒီမောင်တို့၏အဘွား ဒေါ်ခင်နုသည် ၃-၈-၂၀၁၃ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ အမှတ် (၆၄)နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေးကို(တောင်သာ-မြင်းခြံ) (၇၃)နှစ်
စီမံစီးပွား(၄)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)
ကောင်းထက်လျှံ စားသောက်ဆိုင်(ဒလမြို့နယ်)

မြင်းခြံမြို့နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်အမာကြူ)၊ ဒေါ်ခင်စန်းရီတို့၏ခင်ပွန်း၊ ဦးမြင့်ဇော် (Dedinbell Co.,)-ဒေါ်ဥမ္မာကို၊ (ဦးသန်းထိုက်ကို-ဒေါ်ကျော့ကျော့ခိုင်)၊ ကိုကျော်စိုးဝင်း-ဒေါ်နွယ်နီကို(MITT)၊ ဦးမျိုးသီဟ (Uniteam)၊ ဒေါ်ဖြူမာကို(ဒါနဗုဒ္ဓဂယာ)၊ ဦးထိန်ဝင်းကို(စင်ကာပူ)၊ ဦးမင်းမင်းကို၊ ဦးမူဝံကို-ဒေါ်သန်းသန်းဆုကျော်(စင်ကာပူ)၊ မောင်ဟိန်းထက်ကို-မပိုးဘရဏီစံ၊ မဇင်မီမီကိုတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ၃၅၄/၁၆၊ စက်မှု(၁)လမ်း၊ ရန်ကင်းနေအိမ်တို့မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးကို(တောင်သာ/မြင်းခြံ) (၇၃)နှစ်
စီမံစီးပွား (၄)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)
ကောင်းထက်လျှံ စားသောက်ဆိုင် (ဒလမြို့နယ်)

မြင်းခြံမြို့နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်အမာကြူ)၊ ဒေါ်ခင်စန်းရီတို့၏ခင်ပွန်း၊ ဒေါ်မြမြဝင်း (ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာရွှေအိုး (ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါ်ကြည်သန်း(အ. ထ. ပြ-ငြိမ်း)၊ (ဒုရဲမှူး ဦးငွေသိန်း-ဒေါ်တင်တင်ဝင်း)-ဒေါ်နွဲ့နွဲ့စန်း၊ ဦးတိုင်းဝေ (ဦး/ရှိ၊ဆမ-ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြမြနှင်း (ဦး/ရှိ၊ ထွေအုပ်-ငြိမ်း)၊ ဦးဇော်ဝင်းမြင့် (ဦး/ရှိ၊ ဆမ၊ မြင်းခြံ)-ဒေါ်ဝင်းဝင်း၊ ဒေါ်မြမြသင်း (ပညာရေးမှူး၊ ဒဂုံမြို့နယ်)၊ ဦးသိန်းထွန်းအောင် (ရေကြောင်းပို့ဆောင်ရေးမှူး)-ဒေါ်ခင်မျိုးလွင်တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂-၈-၂၀၁၃ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ရွှဲစိန် (၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊အဿက(၂၆)လမ်း၊ အမှတ်(၇၉၁)နေ (ဦးရွှဲဇင်-ဒေါ်ခင်)တို့၏သမီး၊ (ဦးဟံသိန်း-ဒေါ်သန်းရီ)တို့၏ ညီမ၊ ဦးဟန်ကြည်-ဒေါ်အုန်းမြိုင်၊ ဦးသောင်းအေး-(ဒေါ်စောဝေ)၊ (ဦးတင်မြင့်)-ဒေါ်ခင်ဦး၊ ဦးဇင်းဦး-ဦးမြင့်ငွေ-ဒေါ်သန်းသန်း၊ ဒေါ်အေးအေးဆွေတို့၏ အစ်မ၊ ကိုညီမော်-ဒေါ်မြမြဝင်း၊ ဦးသန်းအောင်ငွေ-ဒေါ်ခင်မြင့်၊ဦးတင့်အောင်ငွေ- ဒေါ်တင်တင်မြ၊ ဒေါ်ခင်ခင်သွယ်တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ (ဦးမြင့်စိန်)၏ဇနီးသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၇း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃(သောကြာနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ် (၆၄)နှစ်
မြန်မာ့စီးပွားရေးဘဏ်၊ (ဘ. စ. ရ. စ-ငြိမ်း)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ် ရပ်ကွက်၊ အမှတ်(၄)နေ (ဦးမြမောင်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးသန့်ဇင်(ဒုရဲမှူး-ငြိမ်း)၊ ဒေါ်ဆန်းဝင်း၊ ဦးအောင်သန်းဝင်း၊ ဒေါ်မာမာစီတို့၏ အစ်ကို ဒေါ်စမ်းစမ်းအေး(ဌာနခွဲမှူး၊ မြို့တော်စည်ပင်)၊ ရဲမှူး ခင်မောင်ဝင်း(လဲချားမြို့နယ်)-ဒေါ်ခင်မြတ်သူ၊ ဒုရဲအုပ် ဦးကျော်မင်းလွင် (ယာဉ်ထိန်း)-ဒေါ်အေးအေးမူ(အလုံတရားရုံး)၊ ဦးမြင့်သော် (ဌာနစုမှူး၊ ယာ/အုံ)-ဒေါ်အေးအေးမော်တို့၏အစ်ကို၊ မောင်စည်သူအောင်၊ မောင်ပိုင်စိုး-မဆုမွန်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်စန်းစန်းငွေ(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၃-၈-၂၀၁၃(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ ပြည်တွင်းဖြစ်ကုန်ပစ္စည်းများထုတ်လုပ်

နေပြည်တော်　　ဩဂုတ်　　၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၂ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်၌ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၃) အကြီးစားစက်ရုံ၊ အမှတ်(၃၆)အကြီးစားစက်ရုံ၊ အမှတ်(၂)ပလတ်စတစ်စက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံနှင့်အမှတ်(၉) အထည်စက်ရုံတို့မှ စက်ရုံမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ သက်ဆိုင်ရာစက်ရုံအလိုက် စက်ရုံ၏ သမိုင်းကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။**(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာနဖြစ်သည့်အတွက် ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရုံသာမက ရောင်းချဖြန့်ဖြူးရေးအတွက်ပါ စဉ်းစားကြရမှာဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီရန် လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေပြီဖြစ်၍ စက်ရုံမှ ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဈေးနှုန်းသာမက ဝန်ဆောင်မှုပါ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးစားကြရမှာ ဖြစ်ကြောင်း၊ ဈေးကွက်ကို မျက်ခြည်မပြတ်ဘဲ ဈေးကွက်ကလိုအပ်ချက်ရှိပြီး စက်ရုံတွင်လည်း ထုတ်လုပ်နိုင်စွမ်းရှိသည့် ပစ္စည်းမျိုးကို အချိန်ကိုက်　**စာမျက်နှာ ၈ ကော်လံ ၅ သို့** ✳

နံနက်စာပုံမှန်စားခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုလျော့ကျနိုင်ဖွယ်ရှိ

မာမာစိုး

နံနက်စာ စားသုံးခြင်းသည် ကျန်းမာရေးအတွက်များစွာ အထောက်အကူ ဖြစ်စေသောကြောင့် နံနက်စာကို ပုံမှန်စားသုံးသင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမျိုးသား ၂၇၀၀၀ ကိုလေ့လာကြည့်ရာ နံနက်စာမစားသုံးသူများသည် နှလုံးရောဂါပြဿနာနှင့် အကြီးအကျယ် ရင်ဆိုင်နေကြရကြောင်း ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။ လူတို့သည် ခန္ဓာကိုယ်အတွက် နေ့လယ်စာနှင့်ညစာများကိုသာ ပို၍ အားထားစားသုံးကြသည်ဟု ဟားဗတ်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးအဖွဲ့မှ ဆိုသည်။

နံနက်စာ စားသုံးပေးခြင်းဖြင့် နေ့လယ်စာ မစားသုံးမီ အချိုပါသော သရေစာများ မစားသုံးမိစေရန် များစွာအထောက်အကူပြုသည်ဟု ဗြိတိသျှနှလုံးကျန်းမာရေး အဖွဲ့အစည်းမှ ဆိုသည်။

အသက်၄၅ နှစ်မှ ၈၂ နှစ်အရွယ်ရှိသူများကို ၁၆ နှစ်ကြာလေ့လာခဲ့ရာ ထိုကာလအတွင်း လူဦးရေ　**စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖

မြဝတီ-ကော့ကရိတ် ကားလမ်း ပြန်လည်ဖွင့်လှစ်

နေပြည်တော်　　ဩဂုတ်　　၃

ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြဝတီ-ကော့ကရိတ် ကားလမ်းတစ်လျှောက် တောင်ပြိုခြင်း၊ ကားလမ်းရေကျော်ခြင်းနှင့် တံတားများပျက်စီးခြင်းတို့ကြောင့် မြဝတီ-ကော့ကရိတ် ကားလမ်းကို ဇူလိုင် ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသည်။

ပြည်နယ်အစိုးရ၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တောင်ပြိုမြေများဖယ်ရှားခြင်း**(ယာပုံ)** တံတားများပြုပြင်ခြင်းလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီတွင် မြဝတီ-ကော့ကရိတ် ကားလမ်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးခရီးသည်များနှင့် ကုန်စည်များ ပုံမှန်သွားလာပို့ဆောင်နေပြီဖြစ်ကြောင်းနှင့် ကားလမ်းရေကျော်သည့် နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြဝတီ)

ယနေ့ မာတိကာ

ပင်စင်စားဝန်ထမ်းများအတွက် ဘီလီယံတစ်ရာကျော် ထပ်မံထုတ်သုံးရ — စာမျက်နှာ - ၅

တွင်းထွက်သယံဇာတ အရင်းအမြစ်ဆိုင်ရာ ဆွေးနွေး — စာမျက်နှာ - ၇

ချေးယူရရှိသော ငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ်ထိရောက်စွာ အသုံးပြု — စာမျက်နှာ - ၈

ရေမြုပ်ခဲ့သည့် ကျေးရွာများအား သန့်ရှင်းရေးဆောင်ရွက် — စာမျက်နှာ - ၉

အလုပ်အကိုင်မပျက်သည့် အထူးကား — စာမျက်နှာ - ၁၀

ဖာဘရီဂတ်စ်အတွက် ဘာစီလိုနာ၌သာ အနာဂတ်ဆက်ရှင်သန်ရန် ဆုံးဖြတ်ရမည်ဟုဆို — စာမျက်နှာ - ၁၃

ဥပဒေကြမ်းနှင့် ကြော်ငြာ စာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း နှစ်မျက်နှာနှင့် ကြော်ငြာ နှစ်မျက်နှာ အပိုပါရှိပါသည်။



မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း
(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အင်ဂျင်နီယာပညာ**ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေး ပညာရပ်တို့ကိုလေ့လာ၊ သင်ကြား၊ လေ့ကျင့်မှုအတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အသုံးချပြီး သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား လူတို့အတွက် အကျိုးပြုသော ကိစ္စရပ်များ၊ လုပ်ငန်းများ၊ ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် စီးပွားရေးတွက်ခြေကိုက်စွာ ဖန်တီးထုတ်လုပ်ပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသော ပညာရပ်ကိုဆိုသည်။

(ခ) **အင်ဂျင်နီယာအထူးပြုပညာရပ် (Discipline)** ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာစသည့် အင်ဂျင်နီယာ အထူးပြုပညာရပ်များကို ဆိုသည်။

(ဂ) **နည်းပညာ**ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိဿယများ၊ နည်းလမ်းများ၊ လုပ်ဆောင်ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများကို ဆိုသည်။ ဤဥပဒေပါ နည်းပညာဆိုသော စကားရပ်သည် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နည်းပညာ (Engineering Technology) ကို ဆိုသည်။

(ဃ) **အင်ဂျင်နီယာပညာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ အင်ဂျင်နီယာပညာနှင့် နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(င) တာဝန်ခံဝန်ကြီးဌာန (Focal Ministry) ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ကောင်စီက အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။

(စ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဆိုသည်။

(ဆ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဇ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဈ) **မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့**ဆိုသည်မှာ အင်ဂျင်နီယာပညာရှင်များအဖြစ် အသိအမှတ်ပြုရန် လိုအပ်သော စိစစ်မှုနှင့် စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(ည) **မှတ်ပုံတင်အရာရှိချုပ်**ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုသော မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို စာရင်းသွင်းခြင်း၊ မှတ်ပုံတင် စာရင်းပြုစုထားရှိခြင်း၊ အခါအားလျော်စွာ စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန် ကောင်စီက တာဝန်ပေးထားသူကို ဆိုသည်။

(ဋ) နည်းပညာကျွမ်းကျင်သူ (Technician) ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာရရှိထားသူကို ဆိုသည်။

(ဌ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ (Graduate Technician)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ ရရှိထားသူကို ဆိုသည်။

(ဍ) **အင်ဂျင်နီယာ(Engineer)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ ရရှိထားသူကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ် (Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဏ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် (Engineer Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်များကို ဆိုသည်။

(တ) **နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် (Technician Register Certificate, Graduate Technician Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်များကို ဆိုသည်။

(ထ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် (Registered Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကို လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဒ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (Registered Senior Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့်ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဓ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (Registered Professional Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(န) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် (Registered Limited Engineer Certificate) ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား လုပ်ကိုင်ခွင့်ပြုထားသည့် အင်ဂျင်နီယာပညာရပ် အမျိုးအစား၊ အဆင့်အတန်း၊ နေရာဒေသနှင့်အချိန်ကာလ ကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ပ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် (Registered Limited Professional Engineer Certificate)** ဆိုသည်မှာ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ အင်ဂျင်နီယာကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်း ပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန်စသည့် လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းပေးမှုများကို လည်းကောင်း၊ လိုအပ်သော အရေးယူမှုများကို လည်းကောင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအား လျော်စွာပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။

အခန်း(၃)

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ စုစုပေါင်း **ခုနစ်ဦး**ထက်မပိုသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏ နာယကအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန အပါအဝင် အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အင်ဂျင်နီယာများနှင့် အခြားသင့်လျော်သော ဝါရင့်အင်ဂျင်နီယာများအနက်မှ ကောင်စီဝင် **၆၀ ဦး**ကို အောက်ဖော်ပြပါအတိုင်း ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းရမည်-

(က)	တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ	၁၅ဦး
(ခ)	အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ	၁၅ဦး
(ဂ)	အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ	၁၅ဦး
(ဃ)	ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ	၁၅ဦး

၆။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူး တစ်ဦးကို ရွေးချယ်သတ်မှတ် တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီ ဥက္ကဋ္ဌက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများ အဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများ အဖြစ်လည်းကောင်း၊ ကောင်စီ ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူး အဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သော ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ကောင်စီ၏ တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ လေးနှစ် ဖြစ်သည်၊

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်၊

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်၊

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်၊

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိ ကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်၊

(စ) လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီအသစ်ကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်၊

အခန်း(၄)

ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာ ဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန် အလို့ငှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန် အလို့ငှာ ကောင်စီက အသိအမှတ်ပြုထားသောဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းများကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အရည်အသွေး အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှု အဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာပညာ သင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း အဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်း မြင့်မားစေရေး အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာလုပ်ငန်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သောကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ၊ မရှိ တာဝန်ခံ ဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာသို့ သဘောထားပြန်ကြားခြင်း၊

(ဌ) အင်ဂျင်နီယာပညာ၊ နည်းပညာတို့နှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊

(ဍ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများအား ဆိုင်ရာကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း၊ ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(ဎ) ကောင်စီ အစည်းအဝေးများကို သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပခြင်း၊

(ဏ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၀။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

(၂) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ် အသိအမှတ်ပြုရေး (Accreditation)လုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေး လုပ်ငန်းကော်မတီ၊

(၆) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေးလုပ်ငန်း ကော်မတီ၊

(၇) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(၈) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်းကော်မတီများ၊

(ခ) အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

အချပ်ပို (ခ) သို့

အချပ်ပို (က) မှ

(ဂ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊
(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သီးခြား ကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊
(င) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊
(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊
(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

၁၁။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။
၁၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

အခန်း(၅)
ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၁၃။ အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-
(က) နုတ်ထွက်ခြင်း၊
(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊
(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊
(ဃ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာစာရင်းမှ ပယ်ဖျက်ခံရခြင်း၊
(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ် ချမှတ်ခံရခြင်း၊
(စ) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊
(ဆ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊
(ဇ) ကွယ်လွန်ခြင်း၊

အခန်း(၆)
အစည်းအဝေးများ ကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည် -
(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊
(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊
(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း၊

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ကျင်းပမည့် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။
၁၆။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေး တင်ပြရမည်။

အခန်း(၇)
ဘဏ္ဍာရေး

၁၇။ တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။
၁၈။ ကောင်စီသည် ပြည်တွင်း ပြည်ပရှိ တရားဝင် အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။
၁၉။ ကောင်စီသည် မှတ်ပုံတင်ကြေးနှင့် အခြားရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

အခန်း(၈)
ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်

၂၀။ ပြည်တွင်း ပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ၊ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
၂၁။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မ ၂၁(က) အရ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အခါ ယင်း ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။
၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့်ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။
၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။
၂၄။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။
၂၅။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။
(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

အခန်း (၉)
အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည် လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည် လည်းကောင်း၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
၂၇။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မ ၂၇ (က) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။
၂၈။ (က) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ် ထုတ်ပေးရမည်။
၂၉။ (က) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ် အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ထုတ်ပေးရမည်။
၃၀။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။
(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန် အသိအမှတ် ပြုခြင်းဆိုင်ရာ သဘောတူညီချက်များအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

အခန်း (၁၀)
မှတ်ပုံတင်လက်မှတ်ရရှိထားသောအင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -
(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊
(ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊
(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်၊
(ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊
(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊
(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်၊
၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၁ ပုဒ်မခွဲ (က) မှ (စ)ထိ အကျုံးဝင်သော တာဝန်နှင့် ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရမည်။
၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်း ပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

အခန်း (၁၁)
စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -
(က) သတိပေးခြင်း၊
(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းခြင်း၊
(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း၊

အခန်း (၁၂)
အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။
၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၁၃)
တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။
၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမဆို မိမိရရှိသော အဆင့်အတန်းနှင့် မလျော်ညီသောဘွဲ့ အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ တပ်ဆင်သုံးစွဲခြင်းမပြုရ။
၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ-
(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ၊
(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ်ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ၊
၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။
၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။
၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။
၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

အခန်း(၁၄)
အထွေထွေ

၄၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က အင်ဂျင်နီယာတစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။
၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အား လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။
၄၆။ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊
(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊
(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။
၄၇။ ဤဥပဒေပုဒ်မ ၃၇ သို့မဟုတ် ၃၈ သို့မဟုတ် ၃၉ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။
၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင် တစ်ဦးဦးအား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။
၄၉။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။
၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။
၅၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-
(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊
(ခ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

James Cook University (Singapore)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

1998 COROLLA SALOON (DIESEL)138L CC/--
1998 SPRINTER SALOON (DIESEL)138L BB/--
1998 CROWN SALOON (50 CNG)165L BB/--
1998 ဖင်ကောက်နောက်လေး (50CNG)170L BB/---
2001 LANDCRUISER (V8)ရန်ကုန် နံပါတ်နက် စတိ 510L 5F/---
1998 LANDCRUISER(VB)ရန်ကုန် 4F-430L 4F/---

ဖုန်း-၀၉-၇၃၁၅၄၈၉၆

အမည်ပြောင်း

ဦးကံဝင်း၏သမီး မြောက်ဥက္ကလာပ၊ အထက(၃)၊ ဆဋ္ဌမတန်း(A)မှ မမီမီဝင်းကျော်အား မဆုထက်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုထက်လွင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- အောင်ချမ်းသာ တိုးချဲ့(၂)၊ မြေကွက်အမှတ်(၆၃)၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်ရှိ ပါမစ်မြေကွက်တွင် ဗိုလ်မှူးမျိုးသန့်(ငြိမ်း)က အမည်ပေါက်ပြီး လက်ရှိပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဦး[၁၂/လမတ(နိုင်)၀၀၅၄၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှ (၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၅)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိမြူသွင်(စဉ်-၉၀၀၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၃၀၆)၊ ယုဇနတာဝါ၊ ကမ္ဘာအေးစေတီလမ်းနှင့်ရွှေဂုံတိုင်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၅၇၄၅၀၊ ၀၁-၅၅၇၅၉၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဆွေသူမျိုး၏ ပတ်စပို့စာအုပ်(နံပါတ်-M-283096) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၄၀၁၅၄၅၆၉၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဒ်ဥပဒေပုဒ်မ-၅၊ နည်းဥပဒေ-၂၀

အင်းစိန်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဦးခင်မောင်လတ်	နှင့်	ဦးသိန်းဟန်
တရားလို		**တရားပြိုင်**

တရားပြိုင် ဦးသိန်းဟန်၊ အမှတ်(၂၇၅)၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ပြုလုပ်ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉)ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းထွဋ်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)၊ အင်းစိန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇဝန၊ မြေကွက်အမှတ်(၂၈၄)၊ (၂၅×၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အိမ်အမှတ်(၇)၊ သီရိ ဇေယျာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှသန်း[၁၂/သဃက(နိုင်)၁၁၇၅၉၂]ကိုင်ဆောင်သူက မိမိလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်တင် (LL.B)	**ဒေါ်စုဝေဖြိုး(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၆၉၃၂)	**(စဉ်-၄၁၃၈၆)**

အမှတ်(၅)၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၇၅၂၉၊ ၀၁-၅၇၂၅၇၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အိမ်အမှတ်(၁၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၃/E[1])၊ လူနေရပ်ကွက်အမှတ် (S-11)၊ မြေကွက်အမှတ်(၂၀၁)၊ ဧရိယာ(၀. ၀၂၉)ဧက၊ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ RC နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဖခင်ဦးတင်ယုနှင့် မိခင်ဒေါ်လှကြည်တို့မှ မွေးဖွားခဲ့ကြသော သားသမီးအရင်းအချာ ခုနစ်ဦးဖြစ်ကြသည့် ၁။ ဒေါ်စန်းစန်းလှ[၁၂/ကမတ(နိုင်)၀၄၂၁၄၆]၊ ၂။ ဒေါ်လှလှဝင်း[၁၂/အလန(နိုင်)၀၂၅၆၇၇]၊ ၃။ ဒေါ်ယုယုဝင်း[၁၂/အလန(နိုင်)၀၂၇၁၂၂]၊ ၄။ ဒေါ်စန်းစန်းချို[၁၂/တမန(နိုင်)၀၆၆၁၆၁]၊ ၅။ ဦးသန်းလှိုင်[၁၂/အလန(နိုင်)၀၃၁၃၁၇]၊ ၆။ ဒေါ်ခင်ကြူလွင်[ALE-၀၀၄၈၆၉]၊ ၇။ ဦးမျိုးလှိုင်[၁၂/အလန(နိုင်)၀၂၇၀၄၂] တို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်အရ တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် လက်ခံသဖြင့် အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်သင်းယုနွယ် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၄၃၈၂)
အမှတ်-(၂၂)၊ ပထမထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၆၆၈၉၀၊ ၂၉၅၃၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၃၈၉)ဟုခေါ်တွင်သော ဦးအုန်းကြိုင် အမည်ပေါက် မြေပေ(၄၀×၆၀)အနက်မှ ဧရိယာအကျယ်အဝန်း ပေ(၂၀×၆၀)ရှိမြေနှင့် မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး တရားဝင်ပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေထွန်း[၁၂/ဥကတ(နိုင်)၁၅၈၄၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခိုင်သဇင်မျိုး LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၄၄၂၈)
အမှတ်-၂/အေ(၂၀၅)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁၄၈၇၁၃၊ ၀၉-၇၃၀၆၀၈၉၇

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ အထက(ဒါးပိန်)၊ သတ္တမတန်းမှ ဦးမြင့်ဆွေ၏သား မောင်သန်းညွှန့်အား ယနေ့မှစ၍ မောင်ဘုန်းပြည့်သုတဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းပြည့်သုတ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ် (၆၁၃)၊ မြေကွက်တည်နေရာအမှတ်(၃၇)၊ အောင်ဇေယျ(၂)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နေ (ဦးအေး)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေး(ဖခင်)နှင့် ဒေါ်သန်းစိန်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်လှလှရီ[၁၂/သဃက(နိုင်)၀၈၄၀၈၇]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍လည်းကောင်း၊ တစ်ဖန် ဒေါ်လှလှရီထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဧရိယာ ပေ(၄၀×၆၀)ထဲမှ ပေ(၂၀×၆၀)အား ဝယ်ယူထားသူ ဒေါ်အေးနှင်းထွန်း[၉/ပဥလ(နိုင်)၀၁၉၇၁၁]မှပူးတွဲ၍ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ကံဘဲ့၊ မြေကွက်အမှတ်-၃၅/ဈ[၄A]၊ မြေကွက်တည်နေရာအမှတ်-၃၅/ဈ၊ မြဝတ်ရည်လမ်း၊ ပါရမီ(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးတင်ကျော်လှိုင်) အမည်ပေါက် မြေပိုင်မြေ၊ လ/န၃(ခ)ရပြီးမြေအား အမည်ပေါက် ဦးတင်ကျော်လှိုင်[၁၂/မရက(နိုင်)၁၀၉၇၀၈]မှ အပြီးအပိုင် စွန့်လွှတ်စာချုပ်အမှတ် ၂၀၁၄/၁၉၉၄ (၂၈-၁၁-၉၄)မိတ္တူမှန် တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည် ဦးအောင်ကိုကိုမျိုး[၁၄/ပတန(နိုင်)၀၀၀၄၄၀] (အဖ) ဦးဌေးသည် ဦးကျော်ဇေယျ(HZA-၂၇၃၉၁၂)ထံမှ အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကလျာဏီရပ်ကွက်၊ ကြေတိုင်း(၄)လမ်း၊ အိမ်အမှတ်-၂ဟုခေါ်တွင်သော အလျား(၆၀)ပေ×အနံ (၄၀)ပေရှိ အိမ်ခြံမြေနှင့် မြေပေါ်ရှိ တဲအိမ်(၁)လုံးကို ၂၂-၁၁-၉၇ရက်စွဲဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးအောင်ကိုကိုမျိုး၏ သဘောတူညီမှုခွင့်ပြုချက်တစ်စုံ တစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် ဤအကြောင်းကြားစာဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကိုကိုမျိုး၏လွှဲအပ်ညွှန်ကြားချက်အရ-

တွဲတေး ဦးသိန်းဝင်း	**ဒေါ်ဝါဝါထွန်း**	**ဒလဒေါ်စန်းစန်းမော်**
(စဉ်-၄၇၅၈)	**(စဉ်-၃၄၁၇၂)**	**(စဉ်-၄၁၉၇၁)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	

အမှတ်-၁၃၂၊ ပ-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးစန်းမောင်မြင့်[၅/ကဘလ(နိုင်)၀၉၀၂၇၀]သိစေရန်

ဒေါ်ဆွေဆွေဦး(ဘ)ဦးစောဦး[၁၂/သဃက(နိုင်)၀၆၃၂၅၂]က အောက်ပါအတိုင်း သိစေအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်မသည် ၂၉-၇-၂၀၁၃ ရက်တွင်မှ ဗဟန်းမြို့နယ် တရားရုံးတွင် သဘောတူကွာရှင်းခြင်းကို သိပါလျက် ၃၀-၇-၂၀၁၃ရက် ကြေးမုံသတင်းစာပါ စွန့်လွှတ်ကြောင်းကြေညာခြင်းသည် မမှန်မကန် ကြေညာခြင်းဖြစ်သည်။ တရားရုံးတွင် ကွာရှင်းသည်မှာ နှစ်ဖက်ညှိနှိုင်းပြီးဆောင်ရွက်ခြင်းဖြစ်ပါလျက် အထောက်အထားမဲ့ စွပ်စွဲချက်များနှင့် မမှန်မကန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ဆွေဆွေဦး[၁၂/သဃက(နိုင်)၀၆၃၂၅၂]

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(A)၊ ပဒေသာရပ်ကွက်တွင် တည်ရှိသော ဦးပိုင်အမှတ်(၅)၊ မြေယာအမှတ်(၅)နှင့် ဦးပိုင်အမှတ်(၆)၊ မြေယာအမှတ်(၆)၊ မြေဧရိယာ စုစုပေါင်း(၀.၃၁၈)ဧကရှိသော မြေကွက်များသည် ဦးအေးမောင်မောင်[၁၂/ဗဟန(နိုင်)၀၇၃၅၁၈]နှင့် ဒေါ်ခင်ဆွေတင်[၁၂/ဗဟန(နိုင်)၀၂၃၁၇၆]တို့မှ ဂရန်စာချုပ်နံပါတ်(၁၄၃၈/၉၃-၉၄)ဂရန်စာချုပ်နံပါတ်(၁၂၀/၉၄-၉၅)တို့အရ ဂရန်ရရှိထားသူများဖြစ်ကြပြီး ၎င်းတို့နှစ်ဦးထံမှ ဦးအောင်မျိုးသက်[၁၂/ဗဟန(နိုင်)၀၈၅၃၄၆]က မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်မှ ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်းကိစ္စရပ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဦးအောင်မျိုးသက်**

ဖုန်း-၀၉-၅၀၁၆၅၀၂၊ ၀၈၅-၂၉၁၀၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁၀)လမ်း၊ အိမ်အမှတ်(၄)နေ၊ (ဦးဝင်းအောင်)-ဒေါ်ဘေဘီသန်းညွှန့်(ခ)ဒေါ်အေးအေးကြည်တို့၏သား မောင်မင်းမင်းအောင်[၁၂/ဥကမ(နိုင်)၁၆၀၅၈၂]သည် မိခင်ဖြစ်သူအပေါ် ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အမျိုးမျိုးဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းခြင်း မပြုလုပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်ဖြစ်သူ
ဒေါ်ဘေဘီသန်းညွှန့်(ခ)
ဒေါ်အေးအေးကြည်
[၁၂/ဥကမ(နိုင်)၀၄၁၉၉၉]

၂၇-၇-၂၀၁၃ရက်စွဲဖြင့် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(စ)ပါ ဒေါ်နီလာ အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိမိအောင်(ခ)ဒေါ်အေမီအောင်[၁၂/ကတတ(နိုင်)၀၀၃၈၁၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် ဖော်ပြပါ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း (အလယ်)၊ အမှတ်(၁၈၁)၊ (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ဒုတိယထပ်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲဆောင်ရွက် ပိုင်ခွင့်ရှိသူဖြစ်ပါသည်။ လူကြီးမင်း၏ သတင်းစာကြော်ငြာတွင် မည်သူမည်ဝါ လွှဲအပ်ညွှန်ကြားကြောင်း ဖော်ပြထားခြင်းမရှိသဖြင့် အဆိုပါသတင်းစာကြော်ငြာနှင့်ပတ်သက်၍ အထက်တန်းရှေ့နေ ဒေါ်နီလာတွင်သာ အလုံးစုံတာဝန်ရှိကြောင်း မှတ်ယူရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေအား ဂုဏ်သိက္ခာညှိုးနွမ်းရန် အများသူငှာ ထင်ယောင်ထင်မှားဖြစ်အောင် ဖော်ပြထားပါသဖြင့် သတင်းစာကြော်ငြာအား ယနေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ၏ ပိုင်ဆိုင်မှုကို ထိပါးလာသူနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေအောင် ဖန်တီးဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ဒေါ်နီလာနှင့်အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ဦးဇေယျကျော်နိုင်	**ဦးဇော်ဇော်နိုင်**	**ဦးဝင်းမြင့်**	**ဦးအောင်မိုး(ကော့မှူး)**
LL.B (စဉ်-၄၁၉၈၀)	**LL.B(စဉ်-၂၂၅၀၅)**	**LL.M(စဉ်-၈၉၁၄)**	**LL.B (စဉ်-၈၂၃၇)**
အထက်တန်းရှေ့နေများ		**တရားလွှတ်တော်ရှေ့နေများ**	

အခန်း(A-11/12)၊ (ပ)ထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၆၃၅၁၃၊ ၀၉-၄၂၁၀၇၁၀၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ရပ်ကွက်၊ မြေကွက်အမှတ်(၂၆၈/ဘီ)၊ ဧရိယာ(၀. ၀၃၀)ဧကေ၊ စတုရန်းပေ(၁၆၈၀) (အလျား×အနံ) ပေ(၂၈ × ၆၀) အကျယ်အဝန်း၊ အထူးမြေဂရန်အမျိုးအစားဟု ခေါ်တွင်သော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ ရပ်ကွက်၊ နီလာ(၆)လမ်း၊ လမ်းသွယ်၊ အိမ်အမှတ်(၂၆၈/ဘီ)၏ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသော ဦးလှမွေး[၁၂/ဥကမ(နိုင်)၀၄၄၂၄၇] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ အပြီးသတ်ပေးချေခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်လှိုင်
[LL.B, D.B.L,W. I.P.O(Switzerland)]
အထက်တန်းရှေ့နေ(စဉ်-၃၂၆၂၃)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၅၃၈၆၂၊ ၀၉-၄၂၀၁၆၂၄၈၁

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂၆)၊ မြေကွက်အမှတ်(၄၁)၊ ဧရိယာ(၀. ၁၉၆)ဧကရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့၏ **ဒဂ(စီမံကိန်း) မြယမုံစမ်းရိပ်မြိုင် /ပါမစ်/၄/ ၂၀၁၂** အရ ကျွန်မ ဒေါ်မြမြစိန်[၁၂/ကမရ(နိုင်)၀၀၂၁၁၄]မှ ဆောက်လုပ်နေထိုင်ခွင့်ရရှိပြီး အမည်ပေါက် လက်ဝယ်ထားရှိပိုင်ဆိုင်ပါသည်။ ကျွန်မ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ အမည်ပြောင်းလျှောက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စာဖြင့်လွှဲပြောင်းမှု တစ်ရပ်ရပ်ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြစိန်[၁၂/ကမရ(နိုင်)၀၀၂၁၁၄]

ပျောက်ဆုံး

ကျွန်တော်ဖြိုးကျော်ခိုင်[၁၄/ကခန(နိုင်)၀၈၀၀၆၄]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိပါ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၄၄-၄၀၁၂၀

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၉)ရပ်ကွက်၊ တိမ်ညို(၂)လမ်းတွင် တစ်ဆက်တည်းရှိနေသော ဦးအောင်မြင့် H/RGN 005777 ဂရန်အမည်ပေါက်သည့် မြေကွက်အမှတ်-၇၆၆ မြေကွက်ချည်းသက်သက်၊ ဦးအေးဝင်း EC 002184 ဂရန်အမည်ပေါက်သည့် မြေကွက်အမှတ် ၇၆၇ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးနှင့် ဒေါ်ခင်ခင်လေး SWE 000158 ဂရန်အမည်ပေါက်သည့် မြေကွက်အမှတ် ၇၆၈ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးတို့ကို တိုက်ရိုက်ဝယ်ယူခဲ့သူ ဒေါ်ညွန့်ညွန့်ထူး[၁၂/ဗဟန(နိုင်)၀၅၆၀၁၇]က တစ်ဆင့်ပြန်လည်ရောင်းချသည့်အတွက် ဝယ်ယူထားသူ ဦးအောင်အောင်[၁၀/မလမ(နိုင်)၀၀၀၁၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကွက်သုံးကွက်နှင့် နေအိမ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စကို ပြီးပြတ်အောင်ဆောင်ရွက်ခြင်းမပြုမီ မြေကွက်အသီးသီး၏ ပိုင်ဆိုင်မှုသည် အရှုပ်အရှင်းရှိ မရှိ သေချာစေရန်အတွက် ဤကြေညာချက်ကို ဖော်ပြရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အသီးသီး အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်အရေးဆိုလိုသူများသည် မိမိတို့ ကန့်ကွက်အရေးဆိုလိုသည့်အကြောင်းကို စာဖြင့်ရေးသားပြီး မြေကွက်များ၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများကိုပါ အပြည့်အစုံပူးတွဲကာ ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း အရောက်ပေးပို့ပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်မေဇင်ဦး (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၃၁၄)
Myanmar Legal Advisors Group
အမှတ်-၃၃၃၊ အခန်း(၃)၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၂၈၅၁၊ ၃၉၂၇၃၅၊ ၀၉-၅၁၉၂၂၆၀

အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ တိုက်(၆၉)၊ အခန်း(A1-66)တွင် နေထိုင်သော ဦးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကွက်းအမှတ်(၃၀/၃၁)၊ ဦးပိုင်အမှတ်(၁) ဧရိယာ(၃. ၁၆၈)ဧကရှိ မြေကွက်နှင့်ပတ်သက်၍ ယခင်နိုင်ငံတော် တရားရုံးချုပ်၊ တရားမကြီး အမှုအမှတ်(၄၂/၁၉၅၄)ခု ယခုအနောက်ပိုင်းခရိုင်တရားရုံးတော်တွင် တရားမဇာရီအမှုအမှတ်(၆၀/၂၀၁၂) တရားနိုင် သန္တာဦးနှင့် ရှိရှားခန်ပါ (၁၉)ဦး တရားရှုံးများဟု ယနေ့တိုင် အမှုဖြစ်လျက်ရှိပြီး အထက်ဖော်ပြပါ မြေပိုင်ရှင် ဦးမစီးဒီးခန်း၏ သားသမီးမြေးမြစ်များမှာ ယနေ့တိုင် တည်ရှိနေ၍ အထက်ပါမြေနှင့် တိုက်ရိုက်ပတ်သက်သူများမှာ ယနေ့တိုင် တည်ရှိနေပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ သိမ်းလိုက်သည်ဟူသော အကြောင်းကြားစာကို မည်သည့်ဌာနဆိုင်ရာကမှ တရားနိုင်၊ တရားရှုံးများထံသို့ လုံးဝပေးပို့ခဲ့ခြင်းမရှိခဲ့ပါ။ အထက်ပါမြေနှင့်ပတ်သက်၍ တရားနိုင်နှင့် တရားရှုံးများက လျော်ကြေးငွေ တစ်စုံတစ်ရာရယူထားခြင်းလည်း လုံးဝမရှိပါ။ ယခုဖော်ပြပါ မြေကွက်ပေါ်တွင် အဆောက်အအုံများတည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်ကို တရားနိုင်၊ တရားရှုံးများ တွေ့မြင်နေရပါသည်။ ထို့ကြောင့် အထက်ပါ မြေကွက်ပေါ်တွင် အဆောက်အအုံများတည်ဆောက်ရန် ပြင်ဆင်နေခြင်းကို ဆက်လက်မပြုလုပ်ကြပါရန် တရားနိုင်၊ တရားရှုံးများက ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဇံ
(LL.B, DBL, DML, DIL, DA.PSY, DIR)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၉၂)
အမှတ်၉/၁၁၊ ၃၆လမ်းတို၊ အခန်းအမှတ်-၁၃၀(အီး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၀၉၈၉

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်များ ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်လိုသည်။

ဖုန်း-၀၉-၄၃၂၀၂၄၅၉၊ ၀၉-၇၃၁၀၅၅၅၃

၁၀-၄-၂၀၁၃ ကြေးမုံသတင်းစာပါ ဒေါ်သော်သော်သက်တင် (အထက်တန်းရှေ့နေ)၏ ကြေညာချက်အပေါ် ၂၈-၇-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာဖြင့် ကန့်ကွက်ခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကျယ်၊ ဒေါ်စိန်သင်တို့၏ ချွေးမများဖြစ်ကြသော ဒေါ်ခင်သန်းနွဲ့(ဦးတင်ရွှေ၏ဇနီး)နှင့် ဒေါ်သန်းရီ(ဦးအောင်မြင့်၏ဇနီး)တို့နှင့်တကွ မိသားစုများ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

“ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ကွယ်လွန်သူ ဦးကြယ်၊ ဒေါ်စိန်သင်တို့မှ သားသမီးခြောက်ဦးမွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ၁။ ဒေါ်တင်အေး၊ ၂။ ဦးတင်ရွှေ၊ ၃။ ဦးအောင်မြင့်၊ ၄။ ဒေါ်မြသန်း၊ ၅။ ဦးတင်အုန်း၊ ၆။ ဒေါ်မြကြွယ်တို့ ဖြစ်ပါသည်။ ဦးအောင်မြင့်နှင့် ဦးတင်ရွှေတို့မှာ ကွယ်လွန်သွားပြီး ၎င်းတို့၏မိသားစုများ သက်ရှိထင်ရှားကျန်ရှိနေပါသည်။ ကွယ်လွန်သူ ဦးကြယ်နှင့် ဒေါ်စိန်သင်တို့သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ F၁၁)၊ မြေကွက်အမှတ် (၃၉ စီ)၊ မြေဧရိယာ (၀. ၀၃၄)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အရှေ့)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အိမ်အမှတ်(၁၄/က)ဟု အမည်တွင်သော နေအိမ်နှင့်အကျိုးခံစားခွင့်များ ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်အမှုသည်များဖြစ်သော ကွယ်လွန်သူ ဦးအောင်မြင့်နှင့် ဦးတင်ရွှေတို့မိသားစုများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမဆို အမွေဆိုင်မြေနှင့်အိမ်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းမပြုလုပ်ရန်” ၂၈-၇-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၌ တားမြစ်ကန့်ကွက်ကြောင်း ကြေညာခဲ့ပါသည်။

ယခုအခါ အဆိုပါမြေနှင့်အိမ်နှင့်ပတ်သက်၍ မြေအမည်ပေါက်ပိုင်ရှင် ဒေါ်တင်အေးနှင့် ညှိနှိုင်း၍ ပြေလည်မှုများရရှိပြီးပြီ ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေနှင့်အိမ်နှင့်ပတ်သက်၍ ဒေါ်သန်းရီ(ဦးအောင်မြင့်၏ဇနီး)၊ ဒေါ်ခင်သန်းနွဲ့(ဦးတင်ရွှေ၏ဇနီး)တို့ မိသားစုများအနေဖြင့် ကန့်ကွက်ခြင်း၊ တစ်စုံတစ်ရာနှောင့်ယှက်ခြင်း၊ အခွင့်အရေးတောင်းဆိုခြင်းများ မပြုလုပ်တော့ပါကြောင်းနှင့် ၂၈-၇-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၏ ကန့်ကွက်ခြင်းကြော်ငြာအား ဤကြော်ငြာနှင့်အတူ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ ဒေါ်တင်အေး၏ အဆိုပါမြေကွက်အား ရောင်းချခြင်းကိစ္စကို သဘောတူညီပါသည်။ ထို့အပြင် သက်ဆိုင်ရာဌာနများတွင် ပေးပို့ထားသောကန့်ကွက်ကြောင်း အကြောင်းကြားစာများကို ဤကြော်ငြာနှင့်အတူ တစ်ပါတည်း ပြန်လည်ရုပ်သိမ်းပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်သန်းရီ(ဦးအောင်မြင့်၏ဇနီး)နှင့် ဒေါ်ခင်သန်းနွဲ့ (ဦးတင်ရွှေ၏ဇနီး)တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

တွံတေးဦးသိန်းဝင်း(စဉ်-၄၇၅၈)	**ဒေါ်ဝါဝါထွန်း(စဉ်-၃၄၁၇၂)**
(တရားလွှတ်တော်ရှေ့နေ)	**(အထက်တန်းရှေ့နေ)**

ရုံး - အမှတ်- ၁၃၂၊ ပ-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် - အမှတ်- ၂၀၈၊ မဟာဘောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အများသိသာရန် ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၆၃-ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်-၂၇၈၆ နေ ဦးဇော်ဝင်း၊ TME-၀၃၃၆၉၁ (လိုတရနှင့်သစ်သီး ၁၀၀၀ အမွှေးတိုင်လုပ်ငန်းပိုင်ရှင်)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၁၃-၈-၂၀၁၂ ရက်ထုတ် ကြေးမုံနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၂)တွင် “လိုတရအမွှေးတိုင်မှအသစ် ထပ်မံထုတ်လုပ်သော သစ်သီး ၁၀၀၀ အမွှေးတိုင်လုပ်ငန်းနှင့် အဆောက်အအုံပစ္စည်းများအားလုံးသည် ဦးဇော်ဝင်း၊ အမျိုးသားမှတ်ပုံတင်အမှတ်-TME-၀၃၃၆၉၁ ပိုင်ဆိုင်သော လုပ်ငန်းနှင့် အဆောက်အအုံပစ္စည်းများသာဖြစ်ကြောင်းနှင့် သားဖြစ်သူ ဦးဇော်ဝင်းထွန်း [၁၂/တမန(နိုင်)၁၁၀၇၈၉]နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း”ဟု ဦးဇော်ဝင်းက ကြေညာခဲ့ပါသည်။

ယင်းကြေညာချက်အားလုံးအား ဦးဇော်ဝင်း TME-၀၃၃၆၉၁ က အပြီး ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထိုက်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၇)
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်း(မြောက်)ရပ်ကွက်၊ ရတနာသိဒ်လမ်း၊အမှတ်(၃၄)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၂၅ × ၅၀)ရှိ မြေနှင့်နေအိမ်ကို လက်ရှိပိုင်ဆိုင်သူဦးမြင့်လွင်[၇/ပတန(နိုင်)၀၁၆၃၂၇]ထံမှ ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံဤကြော်ငြာပါသည့်နေ့မှ နောက်(၇)ရက်ကို နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှထွန်း(B.A, R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၀)
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/အေ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၂၄၉

ဒီဂရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈ နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၉

ဒေါ်ခင်စိန်	နှင့်	ဒေါ်လှခင်
ဒီဂရီအနိုင်ရသူ		**တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး၊ (၂)၊ ၁၂ ညံတော၊ အမှတ်(၂၈) ဇေယျာလမ်းနေ ဒေါ်လှခင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉ တွင် ကျရှိသည့် ဒီဂရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်စိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ၉ ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်)နေ့မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကြည်စိုး
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

မောင်ဝင်းမင်းဇော်[၉/စကန(နိုင်)၀၉၁၃၅၇] သိရှိစေရန်

သင်သည် ကျွန်ုပ်အမှုသည် မနေနွယ်ယဉ်[၅/စကန(နိုင်)၁၅၃၇၉၄]နှင့် ၂၀-၄-၂၀၁၁ ရက်က လက်ထပ်ပေါင်းသင်းခဲ့ရာ ကလေး(၁)ယောက် ရရှိခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်အမှုသည်၏ မိခင်ပိုင် ပစ္စည်းဖြစ်သော ကား(၂)စီးနှင့် ငွေကျပ်သိန်း (၁၂၀)ကိုလည်း သင်ကယူဆောင်သွားပြီး အိမ်မှထွက်သွားသည်မှာ (၆)လရှိပြီ ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်အနေဖြင့် သင့်အားဆက်လက်ပေါင်းသင်းလိုစိတ် မရှိတော့ဘဲ ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်အမှုသည်နှင့် ကွာရှင်းပြတ်စဲလက်မှတ် လာရောက်ရေးထိုးပေးရန်နှင့် မလာရောက်ပါက သက်ဆိုင်ရာတရားရုံးတော်တွင် သင်အား လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုသွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုး [B.A (Eco). H.G.P]
အထက်တန်းရှေ့နေ(စဉ်-၁၅၉၄၃)
သလ္လာအမှတ်(၂)ရပ်ကွက်၊ မုံရွာမြို့။

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၈)နေ နိုင်ငံသားကတ်ပြားအမှတ်[၁၃/တကန(နိုင်)၁၁၄၆၆၇] ကိုင်ဆောင်သူ ဒေါ်သန်းသန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းထွေးသည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၀၄)/(၁၀၆) အဆောက်အအုံ၏ မြေညီထောင့်ခန်းဟုခေါ်သော လူနေတိုက်ခန်းကို ၉-၆-၂၀၁၁ ရက်တွင် ထိုက်တန်သော အဖိုးစားနားပေးချေ၍ မိခင်ဖြစ်သည့် တိုက်ခန်းပိုင်ရှင် ဒေါ်စိန်တင်ထံမှ အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းကို ပိုင်ဆိုင်အကျိုးခံစားခွင့်မှာ အရောင်းအဝယ်ပြီးမြောက်ခဲ့သော ၉-၆-၂၀၁၁ ရက်မှစတင်ပြီး ဒေါ်စိန်တင်ထံမှ ဒေါ်သန်းသန်းထွေးထံသို့ အပြီးအပိုင်လွှဲပြောင်းရောက်ရှိပြီးဖြစ်သည့်အလျောက်၊ ဒေါ်သန်းသန်းထွေးတစ်ဦးတည်းကသာ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲခွင့်ရှိပါသည်။

သို့ပါသောကြောင့် အဆိုပါတိုက်ခန်းအား ဒေါ်သန်းသန်းထွေး၏ သဘောတူညီမှုမပါရှိဘဲ မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းပေးကမ်းခြင်းစသည်တို့ကို မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအောင်	**ဦးမျိုးမြင့်**
LL.B, D.B.A., D.B.L.,D.M.L	**B.Sc, R.L.,D.B.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၉၀၈၅	**စဉ်-၅၇၀၃**

အခန်း ၃၀၆ (လေးလွှာ)၊ အမှတ် ၉/၁၁၊ ၃၆-လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်။